
www.burmeseclassic.com

# ရာဇဝင်ကို

## ဒေင်ဥယျာဉ်ထဲကပြဇာတ်



Pe Thit Ti

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

## ဒေဝီဥယျာဉ်ထဲက ပြဇာတ်

BURMESE CLASSIC .com

ဟေ့ကောင်

အချစ်ဆိုတာ ဗင်းလား

ငါ့ရင်ဘတ်ထဲကို


ဘယ်အပေါက်ကဝင်လာခဲ့တာလဲ

တကယ်ဆို..ယဉ်ကျေးမှုအရ

တံခါးတော့ခေါက်ခဲ့သင့်တာပေါ့..

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ဥယျာဉ်ထဲကပြဇာတ်

ပြည့်လှိုင်း
စီစဉ်ထုတ်ဝေသည်....

BURMESE CLASSIC .com

**တံခွန်တိုင် စာအုပ်တိုက်**
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၈၂၂

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၁၄၅၂၁၂၀၁၁
စာမူခွင့်ပြုအမှတ်
၅၀၁၄၅၉၁၂၀၁၁
မျက်နှာဖုံးဒီဇိုင်း
ဖေသစ်တည်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
ဇန်နဝါရီလ၊ ၂၀၁၂-ပထမအကြိမ်

**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရာဇဝင်ကို — ခေါင်ဥယျာဉ်ထဲက ပြဇာတ် — ၈၉၅.၈၃
ရာဇဝင်ကို ။ - ရန်ကုန်
တံခွန်တိုင်စာပေ၊ ၂၀၁၂
၂၅၂ စာ၊ ၁၂.၀၀ × ၁၈.၈ စင်တီ
(၁) ခေါင်ဥယျာဉ်ထဲက ပြဇာတ်

ရာဇဝင်ကို

# ခေါင်ဥယျာဉ်ထဲက ပြဇာတ်

www.burmeseclassic.com


www.burmeseclassic.com

# အခန်း ... [၁]

ခေါင်းစဉ် - ဘုန်းကြီးရှူး

နေရာ - ညောင်ကုန်းရွာ

ပါဝင်သူများ - ဦးမော်တာ၊ ဒေါ်ပန်ကာ၊ သားဖြစ် သူ တာရာဇော်၊ သမီး ထနောင်းစိမ်း နှင့် ဒေါ်ခင်ဥ




www.burmeseclassic.com

www.burmeseclassic.com



ညက ရွာဦးဘုန်းကြီးကျောင်းမှာ သွားအိပ်ပြီးတော့ မနက်အစောထ ကျောင်းဝန်းထဲအမှိုက်လှဲပြီး ပြန်လာခဲ့တယ်။ ပဲပြုတ်သည် ဒေါ်ခင်ဥ အိမ်ရှေ့လည်းရောက်ရော . . .

"အောင်မယ်လေး . . . ကောင်းကြသေးရဲ့လားတော်၊ သမီးလေးတော်လှ တော်လှနဲ့ အခုတော့ ယောင်းမမြင်းစီးပြီး ထွက်သွားတယ်၊ ကြိုက်စရာရှားလို့ အရပ်ထဲက အမူးသမား ဇော်ဝင်းမောင်နဲ့မှ ကြိုက်ရတယ်လို့တော်၊ ခွေးစားသွားတာကမှ ဖြေသာဦးမယ်၊ အမိုက်မ . . . ခွေးဖြစ်မယ့် သမီး . . . ဟီး . . . ဟီး"

ငိုကြီးချက်မနဲ့ တစ်ရွာလုံး ပွက်လောရိုက်အောင် အော်နေတဲ့ ဒေါ်ခင်ဥကြောင့် တာရာဇော်က အကျိုးအကြောင်း သွားမေးတယ်။

"အရီးခင်ဥ . . . ဘာတွေဖြစ်နေတာတုန်းဗျ၊ စောစောစီးစီး"

"ဘာဖြစ်ရမှာလဲ၊ မိထွေးထွေးပေါ့ . . ."

"ထွေးထွေးက ဘာဖြစ်လို့လဲ . . ."

ဒေါ်ခင်ဥက နှပ်ချေးကို ရှိုးခနဲမြည်အောင် ညှစ်လိုက်တယ်။

"ဘာဖြစ်ရမှာလဲ . . . မနေ့ညက ယောကျ်ားနောက်



www.burmeseclassic.com

www.burmeseclassic.com





လိုက်သွားပြီလေ၊ လိုက်တော့လည်း ဇော်ဝင်းမောင်နဲ့တဲ့၊ အောင်မယ်လေး ရင်နာလွန်းလို့ . . ."

"စိတ်လျှော့ပါ အရီးခင်ဥရယ်၊ ထွေးထွေးလည်း အရွယ်ရောက်နေပြီပဲဟာ၊ ပြီးတော့ ဝေဿန္တရာမင်းကြီးတောင် ဘုရားဖြစ်ဖို့ သားနဲ့သမီးကို ဇူဇကာပုဏ္ဏားလက်ထဲကို လှူပစ်ခဲ့သေးတာပဲ၊ အရီးခင်ဥလည်း ထွေးထွေးကို လှူတယ်လို့ သဘောထားလိုက်၊ ကုသိုလ်တောင်ရသေးတယ်"

တာရာဇော့်စကားလည်းဆုံးရော ဒေါ်ခင်ဥ ဒေါသက ဂိတ်ဆုံးရောက်သွားပြီး ရင်ဘတ်စည်တီး အော်တော့တယ်။

"အောင်မယ်လေး . . . ကြားလို့မှ ကောင်းကြသေးရဲ့လား အရပ်ကတို့ရဲ့၊ သမီး လင်နောက်လိုက်တာ ကုသိုလ်ရတယ်တဲ့တော်၊ ဟဲ့ . . . အကောင်၊ နင်ပါကုသိုလ်ရသွားအောင် နင့်အစ်မကို ရွာထဲက ကာလသားတစ်ယောက်ယောက်ဆီမှာ သွားလှူပါလားဟဲ့ သေနာရဲ့"

တာရာဇော်လည်း အခြေအနေမကောင်းမှန်းသိတော့ ပြန်လာခဲ့တယ်။ ဒေါ်ခင်ဥကတော့ အော်လို့ကောင်းတုန်း။

အိမ်ပြန်ရောက်တော့ တာရာ့အမေ ဒေါ်ပန်ကာ





က မီးခဲဖင်ခုထိုင်ထားရသလိုပုံစံနဲ့။

"ဟဲ့ . . . ဟိုတစ်ယောက်မြန်မြန်လာ ဒီကို"

"ဘာလဲ အမေရ . . ."

"ဘုရားစင်အောက်နားက ဆန်တစ်အိတ်ပျောက်နေလို့ အဲဒီကိစ္စရှင်းစမ်းပါဦး"

"ဪ . . . ဒါလား၊ မနေ့က ကသစ်ပင်ရွာက ဆွမ်းဆန်စိမ်းအလှူခံလာတာနဲ့ လောင်းလိုက်တယ်၊ အမေတို့က အိမ်မှာမရှိလို့ မသိလိုက်တာ"

"ဘုရား ဘုရား . . . ရွာထဲက အိမ်တိုင်းအိမ်တိုင်း တစ်အိမ်မှ နို့ဆီဘူးတစ်ဘူးစီပဲလောင်းကြတာကို နင်က တစ်အိတ်လုံးလောင်းလိုက်တယ်"

"ကုသိုလ်ရတာပေါ့ အမေရဲ့ . . ."

"ဟဲ့ . . . ကုသိုလ်ဆိုတာ ညောင်စေ့လောက်လှူလည်း စိတ်ထားတတ်ရင် ညောင်ပင်ကြီးလောက်ရတာဟဲ့၊ ဘုန်းကြီးဝတ်ချင်တာကလည်း တစ်ပိုင်းတင်မကဘူး၊ တစ်ကိုယ်လုံးကို သေနေတယ်၊ ဒါလေးတောင် မသိဘူးလား၊ ငါ့စည်းစိမ်တော့ နင်နဲ့ပြုတ်မှာပါ၊ အလှူအတန်းကိစ္စကို ပြောပြန်ရင်လည်း ငါပဲ ပြိတ္တာဖြစ်ဦးမယ်၊ နင်နဲ့တော့ ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com





တာရာဇော်က ဘုန်းကြီးရှူး။ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ရင် သာသနာ့ဘောင်ကို အပြီးအပိုင်ဝင်ဖို့ ဆုံးဖြတ်ထားတဲ့သူ။ အသက်နှစ်ဆယ့်ငါးနှစ်မပြည့်ခင်ကိုတော့ အမိအဘကို အလုပ်အကျွေးပြုဦးမှာဆိုပြီး သာသနာ့ဘောင် မဝင်သေးတာ။

ကုသိုလ်ရဖို့အရေးဆို လက်မနှေးဘူး။

ဆယ်တန်းအောင်ပြီးကတည်းက ကျောင်းလည်းဆက်မတက်ဘူး။ ဘုန်းကြီးစာကိုပဲ လေ့လာကျက်မှတ်နေတာ။ ရွာဦးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးကုမာရတောင် သူ့လောက် မဖတ်နိုင်ဘူး။ အဲဒီလို . . .။

“နင်ပဉ္စင်းခံမှာဆိုရင်လည်း ခံတော့၊ အသက်အစိတ်ပြည့်အောင် စောင့်မှာတွေ၊ ငါတို့ကို အလုပ်အကျွေးပြုမှာတွေ လုပ်မနေနဲ့၊ နင်နဲ့ ကြာကြာနေရရင် ငါငရဲကျမှာ သေချာတယ်”

“ဒီလိုတော့ ဘယ်ဖြစ်မလဲ အမေရဲ့၊ မြတ်စွာဘုရားတောင်မှ မွေးမေ့ကျေးဇူး နို့တစ်လုံးဖိုးပဲကျေတာတဲ့၊ သားလည်း လက်ဖက်ရည်ပန်းကန် တစ်လုံးစာလောက်တော့ ကျေအောင်ဆပ်ချင်သေးတာပေါ့”

သားအမိနှစ်ယောက် အချေအတင်ဖြစ်နေတုန်းမှာပဲ ဖခင်ဖြစ်သူ ဦးမော်တာ ရောက်လာတယ်။

“မပန်ရေ . . . ငါ့ စာကြည့်မျက်မှန် မတွေ့မိဘူးလား”

“မသိဘူးတော်၊ တော်ကတစ်မျိုး”

တာရာဇော်က ခပ်ပြုံးပြုံးနဲ့ . . .

“သားတွေ့တယ် အဖေရဲ့၊ ဒါပေမယ့် မရှိတော့ဘူး”

“ဟေ! ဘယ်ရောက်သွားလို့တုန်းကွ”

“ရွာတောင်ပိုင်းက ဦးလေးဝင်းကြိုင်ကို ပေးပစ်လိုက် ပြီ၊ သူ့မှာ စာကြည့်မျက်မှန် မရှိဘူးဆိုလို့”

“ကောင်းကွာ၊ သိပ်ကောင်း၊ လွတ်ကောင်း၊ မတော်တရော်ကောင်း၊ တအားကိုကောင်း . . .”

တာရာဇော်က အဲဒီလိုအစား။ ဒေါ်ပန်ကာဆိုအတွင်းခံအကျႌတောင် အပြင်ထုတ်မထားရဲဘူး။ သေတ္တာထဲ မှာသော့ခတ်ထားရတဲ့အထိ တာရာဇော့်ကို ကြောက်တာ။

အဲဒီအချိန်မှာပဲ ရွာထဲကို ခဏထွက်သွားတဲ့ထနောင်းစိမ်း ပြန်ရောက်လာတယ်။ ရောက်ရောက်ချင်း ပဲ. . .

“အမေ . . . အမေ့သားကို ကြည့်ပြောထားဦး၊ နောက်ဆို သမီးမှာ ဝတ်စရာ ထဘီတောင်ကျန်မှာမဟုတ်ဘူး”

လို့ ဆိုတယ်။

“ဘာဖြစ်လာတာတုန်း သမီးရဲ့”







www.burmeseclassic.com

www.burmeseclassic.com





"ဘာဖြစ်ရမှာလဲ . . . အမေ့သားပေါ့၊ ရွာဘုရားပွဲကျရင် စီးဖို့ သမီးဝယ်ထားတဲ့ ဒေါက်မြင့်ဖိနပ်ကလေးလေ၊ အမေသိပါတယ် . . ."

"အေး . . . သိတယ်လေ"

"အဲဒါကို သူက ဘယ်တုန်းကများ အရှူးမ ပန်းနွယ်ကို ပေးပစ်လဲ မသိဘူး၊ အခု အဲဒီအရူးမက ဒေါက်ဖိနပ် နဲ့ ရွာထဲမှာ ဟန်ရေးပြနေတယ် . . ."

×××



## အခန်း ... (၂)

ခေါင်းစဉ် - မြို့ကြီးသူ ဖုန်တင်မှာစိုးတယ်

နေရာ - ရန်ကုန်မြို့

ပါဝင်သူများ - ဦးထွန်းညို၊ ဒေါ်နော်လီ၊ သမီး နော်လီထွန်းညိုနှင့် သား မိုက်ကယ်ထွန်းညို




www.burmeseclassic.com

www.burmeseclassic.com





"ဟိုမှာ . . . ဟိုမှာ"

"ဟာ . . . ဟုတ်သားပဲ၊ ရွှေယောက်ဖလေး လာနေပြီ"

"ဒုက္ခပဲ၊ ရှင်နဲ့ ကျွန်မကို တစ်မျိုးထင်တော့မှာပဲ"

"ကောင်း . . . ကောင်းတာပေါ့"

"ဘာကောင်းတာလဲ၊ ပြဿနာတစ်ခု မပြီးသေးဘူး၊ နောက်တစ်ခု ဖြစ်အောင်လို့လား"

"ပိုကောင်းသွားတာပေါ့၊ မဟုတ်ဘူးလား"

"တော်စမ်းပါ၊ ပုန်း . . . ပုန်း၊ ကျွန်မတို့ကို တွေ့သွားလို့ မဖြစ်ဘူး"

"ဖြစ် . . . ဖြစ်ပါတယ်၊ နောက်လည်း အမျိုးတော်ရ တော့မှာပဲဟာ"

"ဟား . . . လုပ်လိုက်ရင်သေတော့မှာပဲ၊ ရှင်ရဲ့ နှမပေး ယောက်ဖလေးကို နောက်မှ အမျိုးတော်နေ၊ အခု . . . လာခဲ့"

"ဟာ . . . ဘာ ဘာလုပ်တာလဲ . . . ဟာ . . . ဟာ"

ထနောင်းက မိုက်ကယ်ထွန်းညိုကို ရင်ဘတ်က နေ စုကိုင်ပြီး လမ်းဘေးကခြုံတစ်ခုနောက်ကို ဆွဲခေါ်သွားတယ်။ ထနောင်းက တောသူပီပီ ဗလတောင့်တယ်။ မိုက်ကယ်ထွန်းညို ကကျတော့ လူ့ဗလံလေးဆိုတော့ ထနောင်းဆွဲခေါ်ရာနောက်





ကို ယက်ကန်ယက်ကန်နဲ့ ပါသွားတော့တယ်။

×××

တာရာဇော်က ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းကို ငိုက်စိုက်ငိုက်စိုက်လုပ်ပြီး လျှောက်လာရင်းကနေ ကုက္ကိုပင်ကြီး အောက်ရောက်တော့ ခြေလှမ်းတွေကို ရပ်ပစ်လိုက်ပြီး လက်က နာရီကို တစ်ချက်ကြည့်တယ်။ ပြီးနောက် သက်ပြင်းမောတစ်ခု ကို ချလိုက်ရင်း ကုက္ကိုပင်ခြေက သစ်မြစ်ပေါ်မှာ ထိုင်ချလိုက် တယ်။

သူက နော်လီထွန်းညိုနဲ့ ဒီနေရာမှာ ချိန်းထား တာလေ။ ပြဿနာက ဖွဲမီးလို တငွေ့ငွေ့နဲ့ လောင်နေတာ ဒီနေ့တော့ အပြတ်ဖြတ်မှဖြစ်မယ်လို့ သူတွေးထားလိုက်တယ်။

သိပ်မစောင့်လိုက်ရပါဘူး။ ခဏအကြာမှာ နော်လီထွန်းညိုရောက်လာတယ်။ ရောက်ရောက်ချင်းပဲ သူမက သူ့ရှေ့မှာ ခပ်တည်တည်နဲ့ လက်ကိုပိုက်ရပ်ရင်း . . .

"ဆို . . .၊ ဘာကိစ္စချိန်းရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်က ကိုရီးယားနှစ်ထပ်အင်္ကျီကိုဝတ်၊ အောက်က စကတ်က ဒူးအပေါ်တင်ရုံလေးနဲ့ ဒေါက်ဖိနပ်သံ တဂွပ်ဂွပ်မြည်အောင်လျှောက်ပြီး မျက်နှာတစ်ခုလုံးကို ဖုံးလုလု ဖြစ်နေတဲ့ နေကာမျက်မှန်ကြီးနဲ့ အလန်းဇယားဖြစ်နေတာက နော်လီထွန်းညို။ ပြန်လာတာက သူမတို့လမ်းကြား အရှေ့ ဘက်ထိပ် စာအုပ်ဆိုင်က . . .။

နားမှာတပ်ထားတာက MP4 သီချင်းက ဒီသီချင်း။

(တို့ကို သိပ်ချစ်သတဲ့ ××× ဟုတ်လည်း ဟုတ်ဘဲနဲ့ ×××
သိနေတော့ စိတ်ညစ်တယ် ××× နင်အာဖျံကွီးပဲ ×××
ပါးစပ်ကိုပိတ် လစ်ကွယ် ××× ဟုတ်လည်းဟုတ်ဘဲနဲ့ ×××
လာမရှိုးနဲ့ ကြီးကြီးမားမားကို အာဖျံကွီးပဲ ×××
လျှောက်ရှူးနေပါပြီ ကိုအာဖျံကွီး လျှောက်ရှူးနေပါပြီ
ကိုအာဖျံကွီး ×××)

ဒေါက်ဖိနပ်သံနဲ့ Music Beat က ကွက်တိ။ ခေါင်းကိုလည်း ဟိုဘက်ဒီဘက် ရမ်းလိုက်သေးတယ်။

×××

www.burmeseclassic.com

www.burmeseclassic.com







အနောက်ဘက်လမ်းထိပ် စတိုးဆိုင်ကနေ အရောင်းစာရေးမလေးကို အီပြီး သွားကြားထိုးတံတစ်ထုပ် ဝယ်ပြန်လာသူက မိုက်ကယ်ထွန်းညို။

ဝတ်ထားတဲ့ အဝတ်အစားတွေက ဂဏန်းငါးလုံး အောက်ကို မဆင်းပေမယ့် ရုပ်ကတော့ ငါးပြားမှမတန်။ အရပ်က ခွေးပစ်တုတ်လောက်ကို လူကပိန်သေးရာ လေကြမ်း ကြမ်းတိုက်လျှင် လွင့်ပါသွားမှာကြောက်ရတယ်။ အသားက မီးသွေးကို ကတ္တရာစေးသုတ်ထားတဲ့အတိုင်း။ (သူ့ကိုယ်သူ ပြောတာကတော့ သူ့အသားက မည်းတာမဟုတ်ဘူး၊ အညို လွန်တာဆိုပဲ)

သူကလည်း သူ့ဟန်းဖုန်းနဲ့ သီချင်းတစ်ပုဒ်ကို ဖွင့်ပြီး ခပ်လန်းလန်း ရွှေ့လာတယ်။

"အဲဟား ဂေါ်လီ ဂေါ်လီ ××× ရေးရီရေး ××× အဲဟား ဂေါ်လီ ဂေါ်လီ ××× ရေး . . . ရေး . . ."

×××

မျက်နှာချင်းဆိုင်လာတဲ့နှစ်ယောက် သူတို့အိမ် ပေါက်ဝမှာ သွားဆုံတယ်။ နှုတ်ဆက်ပုံက ခပ်လန်းလန်းရယ်။



"ဟယ်လို ! My ညီမလေး . . ."

"ဟိုင်း My အစ်ကိုကြီး . . ."

"ရာသီဥတုကတော့ ကိုယ့်ဘက်ပါတယ်နော်"

"အိုးဟိုးဟိုး . . . ဒီနေ့ ဖီလင်တွေ အရမ်းမြူးနေ တယ်"

ဒီလိုနဲ့ အာဖျံကွီးရင်း ဂေါ်လီလှိုမ့်ရင်းကနေ အိမ်ထဲဝင်လာကြတယ်။ အိမ်ထဲလည်းရောက်ရော . . .။

"သားနဲ့သမီး ဒီကိုလာပါဦး၊ ပြောစရာရှိလို့ . . ."

နှစ်ယောက်သား ဆိုဖာမှာ အသီးသီးဝင်ထိုင် တယ်။ နော်လီထွန်းညိုက . . .

"ဘာပြောမလို့လဲ၊ ပြောလေ မာမီ"

ဒေါ်နော်လီက မပြောဘူး။ ဦးထွန်းညိုက သားနဲ့ သမီးကို ဝေ့ကြည့်ရင်းဆိုတယ်။

"ရန်ကုန်ကပူလာပြီ၊ မနှစ်ကလို ဒီနှစ်လည်း အပူရှောင် ဖို့ ဒယ်ဒီတို့ ခရီးထွက်ရအောင်"

"ဘယ်ကိုထွက်မှာလဲ ဒယ်ဒီ"

မိုက်ကယ်ထွန်းညို့ရဲ့အမေးကို ဒေါ်နော်လီ က. . .

"ညောင်ကုန်းကို သွားမှာလေ သားရဲ့ . . ."

"ဟင် တောကိုသွားမှာ၊ သမီးကတော့ မလိုက်ဘူးနော်၊

www.burmeseclassic.com

www.burmeseclassic.com





အဲဒီကိုဆို ပျင်းစရာကြီး . . ."

"ဟုတ်တယ် သားလည်းမလိုက်ဘူး . . ."

"မရဘူး . . . ဒယ်ဒီတို့က ဆုံးဖြတ်ပြီးပြီ၊ ဒယ်ဒီတို့ ဇာတိကို မရောက်ဖြစ်တာလည်း သားတို့သမီးတို့ တစ်သက်ရှိနေပြီ၊ ဒီနှစ်တော့ပြန်မယ် . . ."

ဒေါ်နော်လီနဲ့ဦးထွန်းညိုက ညောင်ကုန်းရွာဇာတိပါ။ အိမ်ထောင်ကျပြီးမှ ရန်ကုန်ကိုအပြီးပြောင်းလာပြီး အခြေချနေကြတာ။

"ဒယ်ဒီကလည်း အပူရှောင်တယ်ဆိုတာ ပြင်ဦးလွင်တို့ ရှမ်းပြည်နယ်ဘက်တို့ သွားမှကောင်းတာ၊ ပြည်ပဆိုရင်လည်း ကိုရီးယားသွားမလား၊ ဂျပန်သွားမလား၊ သွားလို့ရရဲ့သားနဲ့၊ တောကိုသွားတော့ ပိုပူမှာပေါ့လို့"

"မပူပါဘူး သမီးရယ်၊ မာမီတို့ ငယ်ဘဝ အဲဒီမှာပဲ ကုန်လာတာ၊ သစ်ရိပ်တောရိပ်နဲ့ အေးမှအေး . . ."

"ကျွတ် . . . တောမှာဆို ဖုန်တင်မှာပေါ့လို့၊ အသားကလည်း မည်းဦးမယ်"

နော်လီထွန်းညိုက ညည်းတယ်။ မိုက်ကယ်ထွန်းညိုကလည်း . . .

"ဟုတ်သားပဲ ဒယ်ဒီနဲ့မာမီရယ်၊ ဒီမှာလို လန်းလို့ရမှာ လဲ





မဟုတ်ဘူး . . . ပျင်းစရာကြီး"

"တော်ပြီ နှစ်ယောက်စလုံး၊ နားညည်းတယ်၊ လိုက်ချင်လိုက်၊ မလိုက်ချင်နေခဲ့၊ ပိုက်ဆံကတော့ တစ်ပြားမှ မပေးခဲ့ဘူးမှတ်၊ ကိုယ့်ဘာသာ ရှာသုံးကြ . . ."

ဦးထွန်းညိုနဲ့ ဒေါ်နော်လီက ထထွက်သွားတယ်။

"အစ်ကိုကြီး . . . ဘယ်လိုလုပ်မလဲ"

"လိုက်ရမှာပေါ့ ညီမလေးရယ် . . ."

"ကျွတ် . . . စိတ်ပျက်တယ်ကွာ၊ တကယ်ပဲ . . ."

xxx



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၃

ခေါင်းစဉ် - အလန်းဇယားများ တောခိုခြင်း

နေရာ - ညောင်ကုန်းရွာ

ပါဝင်သူများ - ဦးမြတ်စိုး၊ ဒေါ်ချိုဝင်း၊ သမီး မယ်ပွေးနှင့်
နော်လီထွန်းညိုတို့ မိသားစု




www.burmeseclassic.com



www.burmeseclassic.com



"အမလေး မောင်လေးရယ်၊ အခုမှပဲ ပေါ်လာတော့တယ်၊ စာအဆက်အသွယ်ကလည်း ပြတ်နေတာ တစ်နှစ်လောက်ရှိနေပြီ၊ အခုရော . . . ဘယ်လောက်ကြာကြာနေမှာလဲ . . . ပြော"

ဒေါ်ချိုဝင်းအသံက ဝမ်းသာအဲလဲကြီး။ သူ့မောင် ဦးထွန်းညိုရဲ့ နောက်ကျောကို ထုကာထုကာနဲ့ ပြောနေတာ။

"နေမှာ အစ်မရဲ့၊ ဒီမှာ အကြာကြီးနေမှာ"

"ကောင်းတယ် . . . ကောင်းတယ်"

သူတို့မိသားနှစ်စုရဲ့ ဆွေမျိုးတော်စပ်ပုံက ဒီလို။ ဒေါ်ချိုဝင်းနဲ့ဦးထွန်းညိုက မောင်နှမအရင်းတွေ။ ဒေါ်ချိုဝင်းယောက်ျား ဦးမြတ်စိုးနဲ့ ဒေါ်နော်လီကကျတော့ မောင်နှမတစ်ဝမ်းကွဲ။ ဟိုဘက်မောင်နှမနဲ့ ဒီဘက်မောင်နှမ ယူထားကြတာ။

"ငါ့ညီမကတော့ အရင်အတိုင်းပဲနော်၊ အသက်ကြီးလာပေမယ့် နုတုန်းပဲ . . . ဟား ဟား"

ဦးမြတ်စိုးက ဒေါ်နော်လီ့ကို စတယ်။

"ဒါပေါ့ အစ်ကိုကြီးရဲ့၊ အမျိုးကိုက နုတဲ့အမျိုးပဲဟာ၊ မဟုတ်ဘူးလား"

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့"

လူကြီးတွေက တဝါးဝါးတဟားဟားနဲ့ ပွဲကျနေပ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မိုက်ကယ်ထွန်းညိုနဲ့ နော်လီထွန်းညိုတို့ကတော့ ခေါင်းလေးတွေ လိမ်ဖယ်လိမ်ဖယ်နဲ့ ကြောင်တောင်တောင် ဖြစ်နေကြတယ်။

မယ်ပွေးက ရေနွေးကရားနဲ့ လက်ဖက်သုပ်လာချပေးရင်း . . .

"ညီမလေး . . . ပျင်းနေပြီလား၊ ရောက်စမို့ပါ၊ နောက်ပိုင်းပျော်သွားစေရမယ် စိတ်ချ၊ မမ တာဝန်ယူတယ်"

"အဟင် . . . မမကိုပဲ အားကိုးရမှာ"

မိုက်ကယ်ထွန်းညိုက ပတ်ဝန်းကျင်ကို အရှေ့အနောက် တောင်မြောက် ပတ်ချာလည်ကြည့်ပြီး မယ်ပွေးအနား တိုးတိုးကပ်မေးတယ်။

"ဒီရွာမှာ အလန်းလေးတွေ ရှိရဲ့လား မယ်ပွေး"

မယ်ပွေးတို့က တောသူသာဖြစ်တာ ခေသူမှ မဟုတ်တာဘဲ။ ချက်ဆို ဗိုက်မှာကပ်ပြီးသား။

"ဟား . . . ပေါမှပေါ ကိုမိုက်ရဲ့၊ ဒီအချိန်က တောထဲသွားကုန်ကြတဲ့အချိန်မို့ ကိုမိုက် မတွေ့သေးတာ"

"ဒါဆို ဘယ်အချိန်တွေ့ရမှာလဲဟ"

"လာမယ်လေ . . . လာမယ်၊ ညနေ အိုးကလေးလှုပ်ချိန်ကျရင် အလျှိုအလျှိုထွက်လာပြီး လှုပ်ကြလိမ့်မယ်၊ စောင့်





ကြည့်နေ . . . "

မိုက်ကယ်ထွန်းညိုရဲ့ မျက်နှာကြီးက ပြုံးဖြီးဖြီးကြီးဖြစ်သွားတယ်။ အိမ်ရှေ့မှာ ဖြတ်သွားတဲ့လူတွေက အထဲကို မသိမသာရော၊ သိသိသာသာပါ စပ်စုသွားကြတယ်။

ဘာပဲဖြစ်ဖြစ် မြို့ပေါ်က အလန်းဇယားတွေကတော့ အပူကို ရှောင်ပုန်းဖို့ ညောင်ကုန်းကို ရောက်လာကြပါပြီ။

xxx



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၄)

ခေါင်းစဉ် - စကားစပ်မိလို့ ပြောရဦးမယ်

နေရာ - တာရာဇော်တို့နေအိမ်

ပါဝင်သူများ - တာရာဇော်၊ ဒေါ်ခင်ဉ၊ ဒေါ်ပန်ကာ၊ ဦးမော်တာ




www.burmeseclassic.com

www.burmeseclassic.com





"မပန်ကာရေ . . . ပဲပြုတ်ယူဦးမလား"

"ယူဦးမယ် . . . လာဦး"

ပဲပြုတ်ယူမယ်ဆိုလို့ ဒေါ်ခင်ဥမျက်နှာ ပြုံးရွှင်သွားတယ်။ ဒေါ်ပန်ကာက ပန်းကန်တစ်ချပ်ဆွဲထွက်လာ တယ်။

"ဘယ်လောက်သားယူမှာလဲ . . ."

"ယူနေကျ တစ်ဆယ်သားပေါ့တော်၊ အထူးအဆန်းလုပ်လို့"

၊ ဒေါ်ခင်ဥက ပြတဲတဲ ပဲပြုတ်တွေကို ချိန်ထည့်ပေးလိုက်တယ်။

"တော့် ပဲပြုတ်တွေကလည်း ပျော့ပြဲနေတာပဲ၊ စားချင်စရာတောင် မကောင်းဘူး"

"ဒီနေ့တော့ သည်းခံပြီး စားလိုက်ပါ မပန်ကာရယ်၊ အိမ်က သမီးက လင်နောက်လိုက်သွားပြီး လင်တော်မောင်ကို အိမ်ပေါ်ခေါ်တင်လာလို့လေ၊ ဒေါသထွက်နေတာနဲ့ပဲ စိတ်နဲ့လူနဲ့ ကပ်တယ်လို့ မရှိပါဘူးတော်"

"ဩော် . . . ဒီလိုပေါ့ရှင်၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားဆိုးသမီးဆိုးက လွှင့်ပစ်လို့မှ မရတာ၊ ဒါနဲ့ ဘယ်တော့ မင်္ဂလာဆောင်ပေးမှာတုန်း"

"ဇော်ဝင်းမောင်မိဘတွေနဲ့ ညှိရဦးမှာပါတော်၊ သိပ် လည်း



www.burmeseclassic.com

www.burmeseclassic.com





အကျယ်ချဲ့မနေပါဘူး၊ အကျဉ်းချုံးပြီးလုပ်ပေး မှာပါ"

အဲဒီအချိန်မှာပဲ ဘုန်းကြီးကျောင်းကပြန်လာတဲ့ တာရာဇော်က အနားရောက်လာတယ်။

"ဟဲ့ . . . တာရာ၊ မျက်နှာသစ်၊ ထမင်းကြမ်းစားပြီး ရင်ကသစ်ပင်ရွာကို သွား၊ ဦးမိုးဝင်းဆီက ပိုက်ဆံနှစ်သိန်းသွားတောင်းလာခဲ့"

"ဟာ အမေကလည်း စောစောစီးစီး အကြွေးသွားတောင်းလို့ ဘယ်ကောင်းပါ့မလဲ"

"မရှည်နဲ့၊ ဘာမှ မကောင်းစရာမရှိဘူး၊ သူက မနေ့က လူကြုံနဲ့မှာလိုက်တာ၊ ဒီနေ့မနက် လာယူလှည့်တဲ့"

တာရာဇော်က အိမ်ထဲဝင်သွားတယ်။ ဒေါ်ခင်ဥက ချိန်ခွင်ကို တောင်းထဲ နေသားတကျ ပြန်ထည့်ရင်း . . .

"ဒါနဲ့ စကားစပ်မိလို့ ပြောရဦးမယ်၊ ကိုထွန်းညိုတို့လေ မနေ့က ပြန်လာတယ်"

"ဟုတ်လား . . . အပြီးပြန်လာတာလား"

"မဟုတ်ပါဘူးအေ . . . ခဏပြန်လာတာပါ၊ ဘာတဲ့ သူတို့ပြောတာ၊ ရန်ကုန်မှာက ပူလို့ နွေရာသီ ဒီမှာ အပူလာရှောင်တာဆိုလားပဲ . . ."

"ကြီးကြီးကျယ်ကျယ်တော်၊ အဲဒီ နော်လီဆိုတဲ့ကောင်မက ကြီးလေကျယ်လေပဲ၊ ဒီလောက်ပူမှာကြောက်နေရင် ရန်ကုန်ဆေးရုံက ရေခဲတိုက်ထဲဝင်နေပါလား . . . ဟွန်း"

"ဟုတ်တ်ပါ့အေ . . . ယောကျ်ားရပြီးမှ ရန်ကုန်ရောက်သွားလို့သာပေါ့၊ ရန်ကုန်မှာများမွေးရင် မလွယ်ဘူး"

"ဟုတ်ပါ့တော် . . . ဟုတ်ပါ့"

"စကားကတော့ ကောင်းတယ်တော်၊ ကျုပ်က ပဲပြုတ်ရောင်းရဦးမှာ၊ နေ့ခင်းမှလာခဲ့မယ်၊ အဲဒီကျမှ ဆက်ပြောမယ်"

"ဒါဆို ကျွန်မမျှော်နေမယ် . . . လာခဲ့နော်"

ဒေါ်ခင်ဥပြန်သွားတော့ ဒေါ်ပန်ကာ အိမ်ထဲပြန်ဝင်လာခဲ့တယ်။ ယောကျ်ားလုပ်သူက မှန်ရှေ့မှာ ခေါင်းဖြီးလို့။

"တော်က ဘာလုပ်နေတာလဲ . . ."

"ခေါင်းဖြီးနေတယ်လေကွာ၊ မမြင်ဘူးလား"

"အဲဒါတော့ ရှင်ပြောမှလား၊ ကျွန်မမေးတာက ခေါင်းဖြီးရတဲ့ အကြောင်းအရင်းကို မေးနေတာ"

"ဪ . . . ခေါင်းဖြီးပါတယ်ဆိုမှ ဆံပင်တွေရှုပ်နေလို့ပေါ့၊ မင်းနဲ့လည်း ခက်ပါတယ်"







www.burmeseclassic.com

www.burmeseclassic.com





"မခက်ဘူး၊ ကျွန်မက ခက်နေတာ မဟုတ်ဘူး၊ ရှင်က ခက်နေတာ၊ ရှင်ဘယ်ကို ခြေလှမ်းတော့မယ်ဆိုတာ ကျွန်မ မသိဘူးများ ထင်နေလား"

"ငါက ဘယ်ကိုသွားရမှာလဲ . . . ပြောစမ်းပါဦး"

"အမလေး . . . ဝါးလုံးကွဲတောင် ရယ်လိုက်ချင်သေးတယ်၊ မော်တာလည်တယ်ဆိုတာ ပန်ကာတို့က သနားတာပေါ့၊ ရှင် . . . နော်လီဆီသွားမလို့ မဟုတ်လား"

"မသွားပါဘူး . . . ဘယ်သူကသွားမယ်ပြောလို့လဲ"

"ဟင်း . . . ဟင်း . . . စောင့်ကြည့်ရသေးတာပေါ့"

"မင်းဘာသာ ဘာလုပ်လုပ်၊ ကြိုက်တာလုပ်၊ ဒီမိန်းမ စောစောစီးစီး ပြဿနာရှာနေတယ်"

ဒေါ်ပန်ကာက မီးဖိုချောင်ထဲဝင်သွားတယ်။ ဦးမော်တာက မှန်ထဲမှာပေါ်နေတဲ့ သူ့မျက်နှာသူကြည့်ပြီး လေတစ်ချက်ချွန်လိုက်တယ်။

ဦးမော်တာနဲ့ဒေါ်နော်လီက ငယ်ရည်းစားတွေ။ အကြောင်းကြောင်းကြောင့် ကွဲသွားပြီးတော့ ဦးမော်တာက ဒေါ်ပန်ကာနဲ့ရတယ်။ ဒေါ်နော်လီကတော့ ဦးထွန်းညိုနဲ့ပေါ့။

ဦးမော်တာတစ်ယောက် အတွေးတွေထဲမှာ မျောနေဆဲမှာပဲ မီးဖိုချောင်ထဲက ဒေါ်ပန်ကာရဲ့အသံကြီးက ခုနစ်





အိမ်ကြား ရှစ်အိမ်ကြား ထွက်လာတယ်။

"တာရာဇော် . . . ထမင်းစားမယ်၊ ထမင်းပွဲပြင်ပြီး ပြီ၊ ဖီလင်တွေတက်ပြီး ဗိုက်ပြည့်နေတဲ့သူကတော့ စားချင်စား၊ မစားချင်နေ . . . "

×××



www.burmeseclassic.com


www.burmeseclassic.com

# အခန်း ... ၅

ခေါင်းစဉ် - သူအို၊ သူနာ၊ သူသေ၊ ရဟန်း

နေရာ - ညောင်ကုန်းရွာအတွင်း

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညို၊ မယ်ပွေး၊
ဘုန်းတော်ကြီးဦးကုမာရနှင့်
ကပွဲယကြီး ဦးပုနှင့်ဒေါ်ပန်ကာ




www.burmeseclassic.com

www.burmeseclassic.com



ရွှေဦးဘုန်းကြီးကျောင်းမှ မယ်ပွေးနဲ့ နော်လီထွန်းညိုတို့နှစ်ယောက် ဘုရားဖူးပြီးပြန်လာကြတယ်။ နော်လီထွန်းညိုရဲ့အောက်က အဝတ်အစားတွေကသာ ပြောင်းသွားတာ။ မျက်နှာပေါ်က နေကာမျက်မှန်ကတော့ မနက်မိုးလင်းကနေ ညနေ နေဝင်မှ ချွတ်တယ်။

အခုဝတ်ထားတာကလည်း အင်္ကျီကိုယ်ကျပ်ကို ခါးပေါ်မှာတင်ရုံလေးရယ်။ တစ်ချက်တစ်ချက်ဆို ချက်က လှစ်ခနဲလှစ်ခနဲ ပေါ်လာတတ်တယ်။ ဒီကြားထဲအင်္ကျီက လက်တစ်ဖက်သာပါပြီး တစ်ဖက်ကမပါဘူး။ လုံးဝအပြောင်။ ကုလားမတွေ ဆာရီပတ်ထားသလိုပဲ။ အောက်ကဝတ်ထားတဲ့ စကတ်ကလည်း ဒူးတစ်ဝက်မှာတင်ရပ်နေတော့ လေကြမ်းကြမ်းတိုက်လိုက်တိုင်း မည်းခနဲ မည်းခနဲပဲ။ ဒူးခေါင်းကြီးပေါ်လာတာကို ပြောပါတယ်။

ခေါင်းပေါ်က ထီးရွက်အလတ်တစ်ရွက်လောက်ရှိတဲ့ ဦးထုပ်အဝိုင်းကြီးဆောင်းထားပြီး စီးထားတာက ပင်ဆဲလ်ဟီး။ ဒီတော့ မြင်သမျှလူက ကွက်ကြည့်ကွက်ကြည့်။ နော်လီထွန်းညိုကလည်း ဒါကိုပဲ သဘောတွေခွေ့ပြီး ဂိုက်ပေးကြမ်းနေတာ။ မပါတဲ့ တင်ပြားကပ်ကပ်ကို နောက်ပစ်၊ ဦးပုညရဲ့ ရေသည်ပြဇာတ်ထဲက ရေသည်မိန်းမရဲ့ ဆံထုံးလောက်သ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ရှိစုမဲ့စု ရင်ကလေးကို ရှေ့ချီပြီး ကော့ပက်ကော့ပက်နဲ့ လမ်းလျှောက်တယ်။

"ညီမလေး . . . ညီမလေး လမ်းလျှောက်တာက အရမ်းကြည့်လို့လှတာပဲသိလား၊ မော်ဒယ်လ်သင်တန်း တက်ထားတာလား . . . ဟုတ်လား"

မယ်ပွေးရဲ့ အမေးကို နော်လီထွန်းညိုက နှုတ်ခမ်းလေးထော်ပြီး ပြုံးတယ်။ ပြီးမှ . . .

"ညှင်း . . . ညှင်း . . . ညှင်း (ရယ်သံမပီခြင်း) ဒါကို Cat walk လျှောက်တယ်လို့ခေါ်တယ် . . . မမ ပွေးရဲ့"

"Cat walk ! မြန်မာပြန်တော့ ကြောင်လျှောက်လျှောက်တာပေါ့၊ ဟုတ်လား"

မယ်ပွေးကလည်း ဆယ်တန်းအောင်ပြီးသားဆိုတော့ ဒီလောက်ကတော့ ပျင်းတယ်။

"ဟယ် ! ကြောင်လျှောက်လျှောက်တယ်လည်းဆိုသေးတယ်၊ ဘာဖြစ်လို့ လေးဖက်ကုန်းမသွားတာလဲ"

ပြောလည်းပြော မယ်ပွေးမျက်စိထဲမှာလည်း ရန်ကုန်ကမော်ဒယ်လ်မလေးတွေ Cat walk လျှောက်တာကို မြင်ယောင်ကြည့်မိတယ်။

အခန်းအကျယ်ကြီးတစ်ခုထဲမှာ လူပရိသတ်ကြီး





က အများကြီး။ မီးရောင်စုံတွေကလည်း ပြိုးပြိုးပြက်ပြက်။ မီးရောင်တွေရဲ့ အောက်က စတိတ်စင်ပေါ်မှာက လေးဖက်ကုန်းပြီး ဟန်ရေးပြနေတဲ့ မော်ဒယ်လ်မလေးများ။ ဘုရား. . . ဘုရား။

"ဟင် . . . မမပွေးကလည်း လေးဖက်ကြီးတော့ ကုန်းလျှောက်ပါ့မလား၊ ကြောင်လေးတွေလို ပေါ့ပါးသွက်လက်ပြီး ချစ်စရာကောင်းတာကို Cat walk လျှောက်တယ်လို့ တင်စားတာပါ"

"ဩော် . . . ဂလိုလား"

"ဂလို . . . ဂလို"

ဒီလိုနဲ့ တစ်နေရာရောက်တော့ နော်လီထွန်းညိုရဲ့ လက်ကိုင်ဖုန်းက မြည်လာတယ်။ ဖုန်းခေါ်တာက ရန်ကုန်က။

"ဟယ်လို . . . ဩော် . . . ဂျက်စပင်လား . . . ပြောလေ"

တစ်ဖက်ကအသံက ပြတ်တောင်းပြတ်တောင်းနဲ့။ ဖုန်းလိုင်းက သိပ်မမိချင်ဘူး။

"ဟယ်လို . . . ဟယ်လို . . . ဂျက်စပင် . . . ကြားလား"

နော်လီထွန်းညိုက လက်ကိုင်ဖုန်းကို အပေါ်



www.burmeseclassic.com

www.burmeseclassic.com





မြှောက်လိုက် နားမှာပြန်ကပ်လိုက် တောင်ပြေးလိုက်မြောက်ပြေး လိုက်လုပ်ပြီး ဖုန်းလိုင်းဖမ်းတယ်။

"ဟယ်လို ... ဂျက်စပင် ... အေး ငါပါ ... ပြောလေ ... ဟယ်လို"

ဒီလိုနဲ့ လက်ကိုင်ဖုန်းကိုမြှောက်ပြီး မော့တော့မော့ တော့နဲ့ ဟိုပြေးဒီပြေး ဖုန်းလိုင်းဖမ်းနေရင်းကနေ ဒေါက်ဖိနပ်နဲ့ ခဲလုံးတစ်လုံးကိုနင်းပြီး မှောက်လျက်လဲတော့တယ်။

"ဟယ် ..."

"အမလေး"

အလန့်တကြားအော်သံတွေ ထွက်လာတယ်။ နော် လီထွန်းညိုလဲတာက နွားချေးပုံပေါ် လက်ထောက်လျက် လဲတာ ပါ။ ပြလို့ရတာမှန်သမျှ အကုန်ပြပါတယ်။

ဒူး ... ဒူး ။

xxx

ကသစ်ပင်ရွာကနေ ပိုက်ဆံတောင်းပြီး တာရာ ဇော်ပြန်လာခဲ့တယ်။ ရွာအဝင်ကျတော့ ဘုန်းတော်ကြီး ဦးကုမာ





ရ၊ ကပ္ပိယကြီး ဦးပုတို့နဲ့ သွားဆုံတယ်။ တာရာဇော်က ဘုန်း တော်ကြီးကို ဦးသုံးကြိမ်ချလိုက်ရင်း ...

"ဘုန်းဘုန်း ... ဘယ်ကကြွလာတာလဲဘုရား"

"ဝါးသုံးတောရွာကပါ ဒကာလေးရယ်၊ နာရေးရှိလို့လေ"

ဘုန်းတော်ကြီးက ပြောပြီး ရှေ့ကကြွတယ်။ တာရာဇော်က စိတ်ထဲကနေ "သူသေ ... သူသေ ... ရဟန်း ... ရဟန်း" လို့ ရေရွတ်လိုက်တယ်။

၊ နောက် ... သူက ကပ္ပိယကြီးဦးပုဆီက ကန် တော့ပွဲထည့်ထားတဲ့အိတ်ကို ပခုံးပြောင်းထမ်းယူလိုက်တယ်။

"သာဓုကွယ် ... သာဓု ... သာဓု"

ကပ္ပိယကြီးက သာဓုခေါ်ပြီး ဘုန်းကြီးနောက်ကို လိုက်သွားတော့ တာရာဇော်က နောက်ဆုံးကလိုက်ပြီး ကပ္ပိယ ကြီးကိုကြည့်ကာ ရေရွတ်ပြန်တယ်။

"သြော် ... သူအို ... သူအို"

ဒီလိုနဲ့ လျှောက်လာရင်းလျှောက်လာရင်း ဘုန်း ကြီးကျောင်းနား ရောက်ကာနီးမှာ မယ်ပွေးတို့နဲ့ ဆုံပါရော။

"ဟဲ့ ... ဘုန်းကြီးရှူး၊ ဘယ်ကပြန်လာတာလဲ"

"ကသစ်ပင်ရွာကပြန်လာတာ မပွေးရဲ့၊ မပွေးတို့ကရော"

"ငါတို့က ဘုန်းကြီးကျောင်းက ပြန်လာတာ၊ မိတ်ဆ

www.burmeseclassic.com

www.burmeseclassic.com





ပေးရဦးမယ်၊ ဒါ . . . ငါ့ညီမဝမ်းကွဲ နော်လီထွန်းညို တဲ့၊ ရန်ကုန်က"

"နာမည်ကြီးကလည်းဗျာ၊ ဘော်လီထွန်းညိုတဲ့၊ ဘယ်လို ကြီးလဲ"

တာရာဖော့်စကားကြောင့် နော်လီထွန်းညို ဆတ် ဆတ်ခါသွားတယ်။

"ဟဲ့ . . . ဘော်လီမဟုတ်ဘူး၊ နော်လီ . . . နော်လီ ထွန်းညိုဟဲ့၊ တောသားရဲ့"

"ဩော် . . . ဒီလိုလား၊ နားကြားလွဲလို့ပါဗျာ၊ ဒါနဲ့ ခင်ဗျားကလည်း ဆော့စရာရှားလို့ နွားချေးပုံကို လက်နဲ့ မွှေ့ဆော့ရသလား"

"အောင်မာ . . . အောင်မာ၊ ဆော့စရာလား၊ ဆော့ စရာလား၊ ဒါက ခလုတ်တိုက်ပြီး လဲလို့ ပေကုန်တာ"

နော်လီထွန်းညိုက လက်မှာပေနေတဲ့ နွားချေး တွေကို လမ်းဘေးကတွေ့တဲ့ တုတ်ချောင်းနဲ့ သုတ်ပစ်နေရင်း က ရှုံ့မဲ့ဆိုတယ်။ တာရာဖော်က ဒါကိုကြည့်ပြီး တခွီးခွီးရယ် တယ်။

"နင် . . . ဘာရယ်တာလဲ"

"မရယ်ပါဘူး"





"ကြည့်စမ်း . . . တောသား၊ ထန်းသီးက ပြောင်လိမ် နေတယ်၊ လာ . . . လာ မမပွေး၊ ဒီနားမှာကြာကြာ နေရင် နော်လီ လူသတ်မိလိမ့်မယ်၊ ရုပ်ကိုက အချိုးကို မပြေဘူး"

နော်လီထွန်းညိုက တာရာဖော့်ကို မျက်စောင်း ထိုးပြီး ထော့ကျိုးထော့ကျိုးနဲ့ လျှောက်သွားတယ်။ ဒါကိုကြည့်ပြီး တာရာဖော်က ရေရွတ်ပြန်တယ်။

"ဩော် . . . သူနာ . . . သူနာ"

ဒီလိုနဲ့ ဘုန်းကြီးကျောင်းမှာ ကန်တော့ပွဲပို့ခဲ့ပြီး တော့ အိမ်ပြန်လာခဲ့တယ်။

"ဟဲ့ . . . ပိုက်ဆံရခဲ့လား"

ဒေါ်ပန်ကာက အိမ်ရှေ့ကွပ်ပျစ်ပေါ်ကနေ ထိုင် စောင့်နေရင်းက မေးတယ်။

"ရတယ် . . . ဒီမှာ"

ဒေါ်ပန်ကာ့မျက်နှာက ပြုံးရွှင်သွားတယ်။

"အမေ"

"ဟင် . . . ဘာတုန်း"

"သားကို ကိုယ်ဝန်ဆောင်တုန်းက အမေ အိပ်မက်တွေ ဘာတွေ မမက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com





"ဟင် . . . ဘာအိပ်မက်လဲ"

"ဟိုဟာလေ၊ ထူးထူးဆန်းဆန်းပေါ့၊ နတ်တွေဘာတွေက အမေ့ဗိုက်ထဲဝင်ပါရစေတဲ့၊ သာသနာအကြီးအကျယ်ပြု ရမယ်တဲ့ပေါ့"

"မမက်ပါဘူးတော်၊ ကြုံကြုံဖန်ဖန်"

"ဟုတ်လို့လား၊ အမေ သတိမထားမိလို့နေမှာပါ၊ သားကိုတော့ နတ်တွေက သာသနာဘောင်ကိုဝင်ဖို့ နမိတ်ပြနေပြီ"

"ဘယ်လို နမိတ်တုန်း၊ ပြောစမ်းပါဦး"

"သူအို၊ သူသေ၊ သူနာ၊ ရဟန်းလေ၊ အဲဒီနမိတ်ကြီးလေး ပါးကို သားတွေ့ခဲ့တယ်"

တာရာဇော်စကားလည်းဆုံးရော ဒေါ်ပန်ကာ့ လက်က တာရာဇော်ခေါင်းပေါ် ဒေါက်ခနဲကျလာတယ်။

"ကဲဟယ် . . . ဒီအရူးကတစ်မျိုး"

ဆိုပြီး နေရာက ထထွက်သွားတယ်။ ဒါကိုကြည့်ပြီးတော့ တာရာဇော်က ခေါင်းတညိတ်ညိတ်နဲ့ ရေရွတ်ပြန်တယ်။

"ဩော် . . . မာနတ် . . . မာနတ်"

xxx





# အခန်း ... [၆]

ခေါင်းစဉ် - မြို့ကဂေါ်လီ တော၌လိမ့်ခြင်း

နေရာ - ညောင်ကုန်းရွာ၏တောင်ဘက်ရှိ ထန်းတော

ပါဝင်သူများ - မိုက်ကယ်ထွန်းညီနှင့် ဇော်ဝင်းမောင်







www.burmeseclassic.com

www.burmeseclassic.com





ချိုကုပ်ရှိရာ ချိုကုပ်လာတယ်ပဲ ပြောရမလား၊ ပုလင်းသမားချင်းမို့ အကြင်နာပိုတယ်ပဲဆိုရမလားတော့ မသိဘူး။ မိုက်ကယ်ထွန်းညိုနဲ့ ဇော်ဝင်းမောင်က ထန်းတောမှာ ထန်းရည်သောက်ရင်း ခဏအတွင်းမှာပဲ ရင်းနှီးသွားကြတယ်။

"သောက်ညီလေး . . . ကြိုက်သလောက်သာသောက်၊ ကျသမျှ အစ်ကိုရှင်းမယ်"

"ဘယ်ကလာ . . . ကိုမိုက်ကလည်း၊ ကျွန်တော်က အိမ်ရှင်လေ၊ ကျွန်တော်ရှင်းပါ့မယ်"

"အစ်ကိုရှင်းပါ့မယ်ကွာ၊ ညီ့လေး အသာနေစမ်းပါ၊ သောက်သာသောက် မှောက်နေအောင်သောက်"

"ဒါဆို ကျွန်တော် အားမနာတော့ဘူးနော်"

"ဆွဲ . . . ဆွဲ . . . အပီဆွဲ"

စကားတပြောပြော လေပေးလေယူ တဖြောင့်ဖြောင့်နဲ့ နှစ်ယောက်သား ဟုတ်နေကြတယ်။

"ညီလေးနဲ့ ညီလေးယောက္ခမက အဆင်မပြေဘူးဆိုဟုတ်လား"

"ဟုတ်တယ်အစ်ကိုရေ၊ ကျွန်တော့်ကိုဆို နည်းနည်းလေးမှ အထင်ကြီးတာမဟုတ်ဘူး၊ ကျွန်တော်လည်း ရသမျှငွေ သူ့ကို အပ်နေတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com





“အိမ်ခွဲနေပါလားကွ”

“နေချင်တာပေါ့၊ ဒါပေမယ့် ကျွန်တော့်မိန်းမ ထွေးထွေး က သူ့အမေတစ်ယောက်တည်း ပစ်မထားနိုင်ဘူးဆိုလို့ ခက်နေတာ”

“အင်း . . . ကွာတာတော့ မဟုတ်ဘူး၊ အစ်ကိုက လည်း ရန်ကုန်မှာ သိပ်စွံတာ၊ ကောင်မလေးတွေဆိုတာ ဝိုင်းဝိုင်းကိုလည်လို့၊ အိမ်အပြင်ထွက်ရင်တောင် ဒီအ တိုင်းမထွက်ရဲဘူး၊ ရုပ်တွေဘာတွေဖျက်ပြီးမှ ထွက်ရ တာ”

မိုက်ကယ်ထွန်းညို့ရဲ့ ဘီလူးမမယ်ကုဝဏ်နဲ့ ဗေ လုဝ ညားပြီးမွေးလာတဲ့ကလေး ရုပ်ကြီးကို လက်ညှိုးထိုးရင်း ဇော်ဝင်းမောင်က . . .

“ယုံတယ် . . . ယုံတယ်၊ အစ်ကို့လို ရုပ်ရည်မျိုးက ကောင်မလေးတွေ သည်းသည်းလှုပ်မယ့် ရုပ်ရည်မျိုးဆို တာ မြင်တာနဲ့သိတယ် . . . ဟဲ . . . ဟဲ”

မိုက်ကယ်ထွန်းညို သဘောတွေခွေ့သွားတယ်။ မျက်တောင်လေးကို ပေကလပ်ပေကလပ်လုပ်ပြီးတော့တောင် ရှက်ပြနေသေးတယ်။

“ညီလေးပြောတာနဲ့ အစ်ကိုတို့ လမ်းထိပ်စတိုးဆိုင်က





ညလေး (ညီမလေးကို ဆိုလိုသည်) ကို သတိရသွားပြီ၊ သူက အစ်ကို့အသံလေးကိုမှ နေ့တိုင်းမကြားရရင် စား မဝင်အိပ်မပျော်ဖြစ်နေတာ၊ အစ်ကိုက သူ့ကို ကြိုက်လှ ချည်ရယ်လို့တော့ မဟုတ်ပါဘူးကွာ၊ သူက အစ်ကိုမှ အစ်ကို ဖြစ်နေတော့လည်း . . . ဟဲ . . . ဟဲ . . . ဟဲ သနားမိရုံလေးပါ၊ အစ်ကို သူ့ဆီဖုန်းခေါ်လိုက်ဦး မယ်နော် . . . ခဏလေး၊ တော်ကြာ သူ အစားအ သောက်တွေ ဘာတွေ ပျက်နေမှာစိုးလို့၊ ဟဲ . . . ဟဲ . . . ဟဲ”

မိုက်ကယ်ထွန်းညိုက အဘိုးကြီးအို သွားမပါတဲ့ လေသံနဲ့ရယ်ရင်း ဖုန်းခေါ်တယ်။

“ဟယ်လို . . . ညလေး (ညီမလေး)လား . . . ကိုကို မိုက်ပါ . . . ဟယ်လို . . . ညလေး . . . ကြားလား ဟယ်လို”

ဖုန်းက ပြတ်တောင်းပြတ်တောင်းနဲ့ မမိဘူး။ ဒါနဲ့ ထိုင်ရာကထပြီး ဖုန်းကို အပေါ်မြှောက်ပြီး လိုင်းဖမ်း တယ်။

“ဟယ်လို . . . ညလေး . . . ကြားလား . . . ဟယ်လို”

ဖုန်းကမိလိုက် မမိလိုက်။ ဒါနဲ့ ကြံရာမရတဲ့ အဆုံး မိုက်ကယ်ထွန်းညိုက အနီးအနားမှာရှိတဲ့ ထန်းပင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com





တက်သွားပါရောလား။ ရင်းထောင်နဲ့ တစ်ထစ်ချင်းတက်လာရင်းကနေ ထန်းပင် သုံးပုံနှစ်ပုံလောက်အမြင့်မှာ ဖုန်းကမိသွားတယ်။

"ဟယ်လို . . . ဩော် . . . ညလေး၊ နေကောင်းတယ်နော်၊ ကိုယ်လား၊ ကိုယ် အခုလန်ဒန်ရောက်နေတာလေ၊ shopping သက်သက်ပါကွာ၊ အိမ်မှာသုံးတဲ့ အိမ်သာထဲက တစ်ရှူးကုန်နေလို့လေ၊ အဲဒါ လန်ဒန်မှာလာဝယ် တာ၊ မြန်မာပြည်က တစ်ရှူးတွေက ကြမ်းတော့ ဖင်နာတယ်လေ . . . ဟဲ . . . ဟဲ ကိုယ်အခုတောင် ပဲရစ်မျှော်စင်ပေါ်ကနေ ဖုန်းဆက်နေတာလေ ဟဲ . . . ဟဲ . . . ဟဲ"

ပြောနေရင်းကနေ ရင်းထောင်ပေါ်က ခြေချော်ကျပါရောလား။ ကျတာ့က အောက်ထိကျမသွားဘဲ တစ်ဝက်လောက်ရောက်တော့ ရင်းထောင်ခြေနင်းကအစွန်းနဲ့ ခါးပတ်ကချိတ်ပြီး တန်းလန်းကြီး။

"အား . . . ကယ်ကြပါဦးဗျို့"

ကြောက်အားလန့်အားနဲ့ အော်လိုက်တဲ့အသံကြီးက ဘယ်လောက်တောင်ကျယ်သလဲဆို ရွာထဲက သူ့အိမ်မှာ သူသေးပေါက်နေတဲ့ ဒေါ်ခင်ဥတောင် သေးလန့်သွားတယ် ဆိုပဲ။



# အခန်း ... (၇)

ခေါင်းစဉ် - ရန်ကုန်သူရဲ့ ဖုန်းပြောနည်း

နေရာ - ညောင်ကုန်းရွာနှင့် ကသစ်ပင်ရွာကြားရှိ ကုက္ကိုပင်

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညိုနှင့် မယ်ပွေး




www.burmeseclassic.com

www.burmeseclassic.com



ကသစ်ပင်ရွာက အကြွေးသိမ်းစရာရှိတာတွေ သိမ်းပြီးပြန်အလာ ရွာနှစ်ရွာကြားက ကုက္ကိုပင်အောက်အရောက် အသံတစ်သံကြောင့် တာရာဇော်လန့်သွားရတယ်။

"အဟင်း . . . ဟင်း . . . ဟင်း"

ရယ်သံ။ အသံက မိန်းမရယ်သံ။ ဒါပေမယ့် လူကို မတွေ့ရဘူး။

"အဟင်း . . . ဟင်း . . . ဟင်း"

ဟော . . . ထွက်လာပြန်ပြီ။ တာရာဇော်ဘေးဘီ ဝဲယာကိုကြည့်တယ်။ လူရိပ်လူယောင် မတွေ့ရဘူး။

"အဟင်း . . . ဟင် . . . ဟင်း"

ဗုဒ္ဓေါ။ သရဲခြောက်တာပေလား။ တာရာဇော် ချွေးပြန်လာတယ်။ ဒါနဲ့ ရသမျှ ဘုရားစာတွေ၊ ဂါထာတွေ ရွတ်တော့တယ်။ ပြီးတော့ သိသမျှနတ်တွေကို တိုင်တည်ပြီး အကူအညီ တောင်းတယ်။

"ဘုရား . . . ဘုရား . . . ကယ်တော်မူပါဘုရား၊ နတ်တွေလည်း ရှိသမျှ အကုန်ကယ်ကြပါ . . . တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ ကိုယ်စောင့်နတ်၊ သစ်ပင်စောင့် . . . စောင့်"

ရွတ်နေရင်းကနေ သစ်ပင်စောင့်နတ်ကိုအရောက်



www.burmeseclassic.com

www.burmeseclassic.com





တာရာဇော့်အကြည့်က ခေါင်းပေါ်က ကုက္ကိုပင်ပေါ်ရောက်သွားတယ်ဆိုရင်ပဲ . . .

"အား . . ."

"အား . . ."

တာရာဇော်ရဲ့ အထိတ်တလန့်အော်သံနဲ့အတူ အပင်ပေါ်ကလည်းအော်သံတစ်ခုထွက်လာတယ်။ အပင်ပေါ်မှာက ရန်ကုန်သူ နော်လီထွန်းညို။ သစ်ကိုင်းနှစ်ခုကိုခြေကန်လက်တစ်ဖက်ကလည်း သစ်ကိုင်းတစ်ခုကို အသေအလဲဖက်တွယ်ထားရင်းကနေ မတ်တပ်ကြီးဖုန်းပြောနေတာ။ တစ်ဖက်ကဘာတွေပြောလို့လဲတော့မသိဘူး။ သူမက တဟင်းဟင်းရယ်နေတာ။ ဝတ်ထားတာက ထုံးစံအတိုင်း စကတ်အတိုဆိုတော့ တာရာဇော်ကမော့အကြည့်။ အားပါးပါး . . . မည်းမည်း မည်းမည်းနဲ့။ နော်လီထွန်းညိုတစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားတွေ ဝတ်ထားတာများပြောပါတယ်။

တာရာဇော်က ခဏကြောင်ကြည့်နေပြီးမှ သတိဝင်လာပြီး အပင်အောက်က လွတ်ရာကို ထွက်ပြေးတယ်။ သစ်ပင်အောက်က လွတ်သွားတော့မှ . . .

"ဟော့ . . . သစ်ပင်ပေါ်က သတ္တဝါ ဆင်းခဲ့စမ်း၊ အခု ဆင်းခဲ့"





နော်လီထွန်းညိုကလည်း သစ်ပင်ပေါ်က ပြန်အော်တယ်။

"မမပွေးရေ . . . မမပွေး"

ဒီတော့မှ ခပ်လှမ်းလှမ်းချုံကြားက မယ်ပွေးတစ်ယောက် အူလျားဖားလျားနဲ့ ပြေးထွက်လာတယ်။

"ဟဲ့ . . . ဟဲ့ . . . ဘာတွေဖြစ်ကုန်တာလဲ"

တာရာဇော်က မယ်ပွေးကိုလည်း မြင်ရော . . .

"ဘာဖြစ်ရမှာလဲ၊ ဟိုရန်ကုန်သူပေါ့၊ သစ်ပင်ပေါ်တက်ပြီး ဖုန်းပြောနေတာ၊ ရှိသမျှဘုန်းတွေတော့ နိမ့်ကုန်ပါပြီ"

"အဲဒါက ဒီလို တာရာရဲ့၊ ဖုန်းက အောက်မှာဆို မမိဘူး၊ သစ်ပင်ပေါ်တက်ပြောမှ မိတာမို့လို့၊ ရှာပြင်ထွက်ပြီး ဒီအပင်ပေါ်မှာလာပြောနေတာ၊ နင်နဲ့မှ လာဆုံရတယ်လို့"

မယ်ပွေးရဲ့ ရှင်းပြသံအဆုံး နော်လီထွန်းညို့အသံက ထွက်လာပြန်တယ်။

"မမပွေး . . . မမပွေး"

အသံက စူးပြီးစွာနေတယ်။ မယ်ပွေးက သစ်ပင်အောက်ပြေးရပြန်တယ်။

"လာပြီဟော့၊ လာပြီ"



www.burmeseclassic.com

www.burmeseclassic.com





"မမပွေးက ဘယ်သွားနေတာလဲ၊ အောက်ကနေ လူစောင့်နေပါဆို"

"စောင့်နေတာပဲ ညီမလေးရဲ့၊ ဒါပေမယ့် ဗိုက်ထဲကနာလာလို့ သွားရှင်းနေတာ"

"အဲဒါကထားပါတော့၊ ဒီမှာ မဆင်းတတ်တော့ဘူး၊ ဘယ်လိုလုပ်ရမလဲ"

"ဟင် . . . တက်တုန်းကအတိုင်း ပြန်ဆင်းလာခဲ့လေ၊ ဘာခက်လို့လဲ"

"မဆင်းတတ်ဘူး၊ ဘယ်လိုဘယ်လို တက်လာမိမှန်းလည်း မမှတ်မိတော့ဘူး"

ပြောရင်းကနေ အသံတွေတုန်၊ ဒူးတွေတုန်လာပြီး နော်လီထွန်းညိုက ပြုပြုလန်အောင် အော်ငိုတယ်။

"အမယ်လေး . . . ကယ်ပါဦး အမေရဲ့၊ ဒီမှာ သမီးမဆင်းတတ်တော့ဘူး၊ ပြုတ်ကျတော့မယ် . . . ဟီး ဟီး . . . ဟီး"

"ဟဲ့ . . . မငိုနဲ့လေ၊ ဘာလို့ငိုတာတုန်း"

"ကြောက်တာကိုးလို့ . . . ကြောက်တော့ငိုတာပေါ့၊ ဟီး . . . ဟီး . . . ဟီး"

"ဟာ . . . ဒီတစ်ယောက်နဲ့တော့ နေ့ချင်းပြန်တောင်





သေလိုက်ချင်သေးတယ်"

"ကယ်ပါဦး . . . အမေရဲ့ သေးထွက်ကျတော့မယ် ဟီး ဟီး ဟီး . . ."

"အမယ်လေး . . . ဒုက္ခပဲ၊ ဟဲ့ ဟဲ့ သေးတော့ထွက်မကျစေနဲ့နော်၊ ခြေထောက်နှစ်ချောင်းကို လိမ်ထား၊ ငါတာရာ့ကို ခေါ်လိုက်ဦးမယ်၊ တာရာရေ . . . တာရာ၊ ဒီကိုခဏလာပါဦး"

တာရာဇော်က လက်တွေရော၊ ခေါင်းရော၊ ရမ်းလို့ရတာမှန်သမျှ အကုန်ရမ်းပြီး ငြင်းတယ်။

"အာ . . . ဘာကိစ္စလာရမှာလဲ၊ အဲဒီသစ်ပင်အောက်ဝင်ရင် ကျွန်တော် ဘုန်းနိမ့်မှာပေါ့၊ မလာဘူး . . . မလာဘူး"

"လာပါဟယ် . . . နင်ကလည်း၊ အခုနကတောင်နင်ဝင်ပြီးပြီပဲ၊ အခုတစ်ခါဝင်လို့လည်း ဘာမှမထူးတော့ပါဘူး . . . လာပါဟယ်"

"မလာဘူးဗျာ . . . မလာဘူး၊ ကျွန်တော်က နောင်တစ်ချိန်ကျရင် ဘုန်းကြီးဝတ်မယ့်သူဗျ၊ ဘုန်းကံနိမ့်မယ့်ကိစ္စတွေရှောင်တယ်"

"တာရာကလည်း လိမ္မာပါတယ်ဟယ်၊ သူတစ်ပါးဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com





ရောက်နေတာ ကူညီရင် ကုသိုလ်တောင် ရသေးတယ်၊ ဘုန်းတွေကံတွေတောင်ပိုမြင့်သွားဦးမယ်၊ ဟုတ်တယ်မလား . . . မပွေးပြောတာ၊ လာပါဟယ် . . . ကြာရင်အပေါ်က သေးထွက်ကျလိမ့်မယ်"

မယ်ပွေးက တာရာ့အထာကို သိနေတဲ့သူဆို တော့ မြှောက်ပင့်ပြောလိုက်တယ်။ ဒီတော့မှ တာရာဇော်က လည်း အင်တင်တင်နဲ့ . . .

"ကဲ . . . ပြောဗျာ . . . ပြော၊ ကျုပ်က ဘာလုပ်ပေးရမှာလဲ"

ဆိုပြီး သစ်ပင်အောက်ဝင်သွားတယ်။ အပေါ်က နော်လီထွန်းညိုကတော့ ခြေထောက်နှစ်ချောင်းလိမ်ကျစ်ထားပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတယ်။

မယ်ပွေးက အပင်ပေါ်မော့ကြည့်ပြီး . . .

"ညီမလေး . . . ညီမလေးက ခုန်ချလိုက်၊ တာရာ . . . နင်က အောက်ကနေ ဆီးဖမ်းလိုက်"

"အာ . . . မပွေးကလည်း၊ သူ့ခန္ဓာကိုယ်ကြီး ဘယ်လိုလုပ် နိုင်မှာလဲ"

"ငါ့ညီမ ဒီလောက်ပိန်တာ ပေါ့ပေါ့လေးပါဟယ်၊ ပြီးတော့ သစ်ပင်က နိမ့်နိမ့်လေးပဲဟာ ဖြစ်ပါတယ်၊ နော်





နော် ဖမ်းလိုက်၊ ညီမလေး ခုန်ချတော့ရပြီ"

နော်လီထွန်းညိုက ငှက်ဖျားထနေတဲ့သူလို တဆတ်ဆတ်တုန်နေတာ သစ်ကိုင်းတွေတောင် ရမ်းခါနေတယ်။

"လက်ကိုလွှတ်ပြီး ခုန်ချလိုက်လေ၊ ခုန် . . . ခုန်"

နော်လီထွန်းညိုက မျက်စိမှိတ်ပြီး ခုန်အချ၊ အောက်ကဆီးဖမ်းမယ့် တာရာဇော်က မခုန်ချလောက်သေးဘူးအထင်နဲ့ ပုဆိုးကိုပြင်အဝတ်။ ကွက်တိပဲ။

နော်လီထွန်းညို ခန္ဓာကိုယ်ကြီးက တာရာဇော့်အပေါ် အတားအဆီးမရှိ ပြုတ်ကျသွားတယ်။

"အား . . ."

"အွန်း"

တာရာဇော်က နောက်ကို ပက်လက်လန်ကျသွားပြီး နော်လီထွန်းညိုက အဲဒီအပေါ်ကို မှောက်လျက်ကျတယ်။ နှစ်ယောက်သား တော်တော်နဲ့ ပြန်မထနိုင်ဘူး။

နောက်တော့မှ နော်လီထွန်းညိုက သတိဝင်လာပြီး ရှက်ကိုးရှက်ကန်းနဲ့ ထတယ်။ တာရာဇော့်ကိုတော့ မယ်ပွေးက ဆွဲထူပေးတယ်။

"နင် . . . နင် . . . စောစောတုန်းက မြင်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com





မဟုတ်လား၊ ပြော"

"အား . . . ကျွတ် . . . ကျွတ်၊ ငါက ဘာကိုမြင်ရမှာလဲ၊ နာရတဲ့အထဲ"

"ဘာကိုမြင်ရမှာလဲဟဲ့ . . . ငါ့ . . . ငါ့ရဲ့ . . ."

နော်လီထွန်းညို့ အသံက ထစ်အ ထစ်အနဲ့ ဆက်မထွက်တော့ဘူး။

"ဟား . . . ကျွတ် . . . နင်တကယ်မမြင်ဘူးနော်"

"မမြင်ပါဘူးဆို"

"သေချာလား"

"သေချာတယ်၊ ငါ မလိမ်ဘူး၊ ငါက ဘုန်းကြီးဝတ်မယ့်ကောင်ပါ၊ နင် အမည်းရောင် ဝတ်ထားတယ်ဆိုတာတောင် ငါ မမြင်လိုက်ဘူး"

"ဘာ !"

×××





# အခန်း ... (၈)

ခေါင်းစဉ် - ရင်တွင်းတိုက်ပွဲ

နေရာ - ဦးမော်တာနှင့် ဒေါ်ပန်ကာတို့နေအိမ်

ပါဝင်သူများ - ဦးမော်တာ၊ ဒေါ်ပန်ကာ၊
ဦးထွန်းညိုနှင့်ဒေါ်နော်လီ




www.burmeseclassic.com

www.burmeseclassic.com



"ကိုမော်ရေ . . . ကိုမော်"

အိမ်ရှေ့ကခေါ်သံကြောင့် ဦးမော်တာ ထွက်ကြည့်လိုက်တော့ မျှော်လင့်မထားတဲ့ သူတွေကို တွေ့လိုက်ရတယ်။

"ဟာ . . . နော်လီတို့၊ လာလေဟာ . . . အိမ်ထဲဝင်"

ဒေါ်နော်လီနဲ့ ဦးထွန်းညိုက အိမ်ထဲဝင်လာကြတယ်။ ဦးမော်တာက ဒေါ်ပန်ကာကို အသံကျယ်ကျယ်နဲ့ လှမ်းအော်တယ်၊

"ပန်ကာရေ . . . ဒီမှာ နော်လီတို့လာတယ်ဟေ့"

မီးဖိုချောင်ထဲမှာ ထမင်းအိုးငှဲ့နေရင်းက အဲဒီအသံကိုကြားလိုက်ရတဲ့ ဒေါ်ပန်ကာက နှုတ်ခမ်းကို တစ်ချက်ရွဲ့လိုက်ပြီး . . .

"ဟွန်း . . . အသံကိုက ဝမ်းသာလုံးဆို့နေတဲ့ အသံကြီး"

လို့ ရေရွတ်တယ်။

နောက်တော့ ထမင်းအိုးလေးကို မီးဖိုပေါ်တင်ခဲ့ပြီး၊ အိမ်ရှေ့ခန်းထဲ ထွက်လာခဲ့လိုက်တယ်။ စိတ်ထဲမှာ သိပ်မကြည်ပေမယ့်လို့ အပြင်မှာတော့ တအံ့တဩအမူအယာလေးဖမ်းလိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com







"ဟယ် . . . နော်လီတို့ပါလား၊ ရောက်နေတယ်လို့တော့ အကြားသား၊ ဒါပေမယ့် လူကမအားတော့ လာမတွေ့ ဖြစ်တာ၊ အခုနကတောင် ကိုမော်တာ့ကို ပြောနေသေးတယ်၊ ခဏနေရင် နော်လီတို့ဆီသွားရအောင်လို့၊ အခုတော့ နော်လီတို့က လက်ဦးသွားပြီ . . . အဟင်း. . . ဟင်း"

ဦးမော်တာက ဒေါ်ပန်ကာ့ကို တတ်လည်းတတ်နိုင်တဲ့ မိန်းမဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်တယ်။ ဒါကို ဒေါ်လေးပန်ကာက မြင်ပေမယ့်လို့ မမြင်ချင်ယောင်ဆောင်ထားလိုက် ပြီး တန်းလျားမှာဝင်ထိုင်တော့မှ ဦးမော်တာ့ခြေထောက်ကို ခပ်နာနာဖိနင်းပစ်လိုက်တယ်။ ဦးမော်တာက နာပေမယ့်လို့ မအော်ရဲဘူး။ အသာကြိတ်ခံနေလိုက်တယ်။

ဒေါ်ပန်ကာက ဦးထွန်းညိုကို ကြည့်ရင်း . . .

"ကိုထွန်းညိုကြီးတောင် အသားတွေဖြူပြီး ခန့်လာတယ်နော်"

"ဩော် . . . ဒါကတော့ နဂိုရုပ်အခံကိုက ချောပြီးသားကိုဗျ၊ ဟား . . . ဟား"

"ဟုတ်မယ် . . . ဟုတ်မယ်"

ဒေါ်ပန်ကာက ဦးထွန်းညိုကိုတော့ စိတ်ရင်းနဲ့ ဆက်ဆံတယ်။ ဒေါ်နော်လီကိုကျတော့ သိပ်မကြည်လေ့ရာ

"နော်လီလည်း သိပ်ပြောင်းလဲမသွားဘူးနော်၊ ကလေးနှစ်ယောက် မအေသာပြောတယ်၊ အပျိုလေးကျနေတာပဲ၊ လှတုန်း . . . ဟင်း . . . ဟင်း"

လို့ ပြောပြီး စိတ်ထဲကတော့ တစ်လုံးတစ်ခဲကြီးနဲ့

"ကောင်မ . . . ရုပ်ကိုက ခုနစ်ရက်ထားတဲ့ မသာကောင်ကို သနပ်ခါးလူးပေးထားသလိုပဲ"

လို့ ပြောပစ်လိုက်တယ်။ ဒေါ်နော်လီကလည်း အနူ အနူချင်းဆိုတော့ အတိုမှန်းသိတယ်။ သူကလည်း ခေသူမှ မဟုတ်တာ။

"ပန်ကာလည်း အတူတူပါပဲနော်၊ အပျိုတုန်းက အလှတရားတွေ အခုထိရှိနေသေးတယ်၊ နော်လီတောင်အားကျနေတာ . . . ညှင်း . . . ညှင်း . . . ညှင်း"

လို့ နှာသံလေးနဲ့ ရယ်ပြောပြီး စိတ်ထဲမှာတော့

"အလကား . . . မျက်ခွက်ကိုက ဘူးသီးအပုပ်ကို လင်းတအုပ်ဝင်ဆွဲတာခံထားရတဲ့ ရုပ် . . . ဟွန်း"

မိန်းမနှစ်ယောက်က ရင်တွင်းတိုက်ပွဲကျင်းပနေတာကို ယောကျ်ားနှစ်ယောက်ကလည်း သိတယ်။ ဒါပေမယ့် သူတို့နှစ်ယောက်ကလည်း အကယ်ဒမီရှော့ခ်တွေနဲ့ မသိချင်





www.burmeseclassic.com

www.burmeseclassic.com





ယောင်ဆောင်နေကြတယ်။

ဦးမော်တာက . . .

"ကဲ . . . မင်းတို့လင်မယား ဒီနေ့ည အိမ်မှာထမင်းလာစားကွာ၊ ရောက်တုန်းရောက်ခိုက် ထမင်းကျွေးရမယ်၊ သားနဲ့သမီးကိုလည်း ခေါ်ခဲ့ပေါ့၊ ဟုတ်တယ်နော် မိန်းမ"

ဒေါ်ပန်ကာက စားပွဲခုံအောက်က ဦးမော်တာ့ခြေထောက်ကို ဖိကြိတ်ထားလိုက်ရင်း . . .

"အဟင်း . . . ဟုတ်တာပေါ့ ယောက်ျားရဲ့၊ ကျွန်မကလည်း အခုပဲပြောတော့မလို့၊ အဟင့် . . . ဟင့်"

ဦးထွန်းညိုက အိမ်ထဲကို ဝေ့ဝဲကြည့်ရင်း . . .

"ဒါနဲ့ ကလေးတွေလည်း မမြင်ပါလား"

"ဩော် . . . သမီးကြီးက သောက်ရေခပ်သွားတယ်၊ သားငယ်ကတော့ ဘယ်ထွက်သွားလိုက်လဲ မသိပါဘူး၊ ဒီလိုပဲ သူက အိမ်သိပ်မကပ်ဘူး"

သားငယ့်မကောင်းကြောင်းကို ဖော်ထုတ်နေတဲ့ ဦးမော်တာကို ဒေါ်ပန်ကာက အောက်ကနေ ခြေထောက်ကို လှမ်းနင်းပြန်တယ်။ ဒါပေမယ့် မနင်းမိဘူး။ ဒါနဲ့ အချိန်အဆလွဲတယ်ထင်ပြီး နေရာနည်းနည်းရွှေ့နင်းလိုက်တယ်။ ဖြစ်ချင်တော့ ဒေါ်ပန်ကာ နင်းလိုက်မိတာက ဦးမော်တာ့ခြေထောက် မဟုတ်





ဘူး။ ဦးမော်တာက ပါးသွားပြီ ခြေထောက်ကို အပေါ်မြှောက်ထားတာဆိုတော့ ဒေါ်ပန်ကာ့ခြေထောက်က ဦးထွန်းညို့ခြေထောက်ကို သွားနင်းမိတယ်။

ဒါပေမယ့် ဦးထွန်းညိုကလည်း အကယ်ဒမီရှော့ခ်ပဲဟာ။ နာတာကို အသံမထွက်စေရဘူး။ မျက်လုံးကြီးပြူးပြီး အံကြိတ်ခံထားလိုက်တယ်။

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၉)

ခေါင်းစဉ် - အိုးကလေးလှုပ်ချိန်

နေရာ - ညောင်ကုန်းရွာလမ်းမကြီးပေါ်

ပါဝင်သူများ - မိုက်ကယ်ထွန်းညို၊ ဇော်ဝင်းမောင်၊
ထနောင်းစိမ်းနှင့် ရွာသူတစ်ချို့



www.burmeseclassic.com

www.burmeseclassic.com



ညောင်ကုန်းရွာမှာက သုံးရေအတွက် အိမ်တိုင်းလိုလိုမှာ အဝီစိတွင်းတွေရှိပေမယ့်လို့ သောက်ရေအတွက်ကိုတော့ ရွာဦးဘုန်းကြီးကျောင်းထဲကရေတွင်းနဲ့ ရွာအနောက်ဘက်တော်တော်ဝေးဝေးမှာရှိတဲ့ 'လေးဘိုးတွင်း' မှာ သွားခပ်ကြရတာ။ ဘာသဘော သဘာဝလဲတော့ မသိဘူး။ ရွာထဲမှာရှိတဲ့ တွင်းရေတွေက သောက်ရင်ငန်ပြီးတော့ ထမင်းချက်ရင်ဝါတယ်။ ရွာဦးကျောင်းထဲက ရေတွင်းနဲ့ လေးဘိုးတွင်းတို့က ရေကကျတော့ သောက်လို့လည်းကောင်းသလို ထမင်းချက်ရင်လည်း ထမင်းဖြူတယ်။

အဲဒီနှစ်တွင်းထဲကမှ လေးဘိုးတွင်းကို အခပ်များကြတယ်။ ရွာဦးကျောင်းတွင်ကျတော့ နီးပေမယ့်လို့ ကျောင်းဝင်းထဲဝင်ရင် ဖိနပ်ချွတ်ရတာတွေ၊ စကားပြောဆင်ခြင်ရတာတွေရှိတော့ သိပ်မခပ်ကြဘူး။ ရေခပ်တာကလည်း လူငယ်တွေပဲဆိုတော့ လွတ်လွတ်လပ်လပ်ရှိတဲ့ လေးဘိုးတွင်းကိုပဲ သွားကြတယ်။ ရွာအပြင်မှာဆိုတော့ အတွဲတွေဘာတွေလည်း ချိန်းလို့ရတယ်လေ။ ရေလည်းခပ်၊ အတွဲလည်းချိန်းဆိုတော့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပဲ။

ညနေခင်းအချိန်လေးမှာ ရွာသူအပျိုချောလေးတွေ ရေအိုးကိုယ်စီရွက်ပြီး ကန်ရေခပ်တယ်ဆိုတာမျိုးက ရှပ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်တွေ၊ သီချင်းတွေထဲမှာပဲ ရှိတော့တာ။ ဒီလောက်ရောဂါဘယတွေ ထူပြောနေတဲ့ခေတ်ကြီးထဲမှာ ဘယ်သူမှ ကန်ရေမသုံးကြတော့ဘူး။ နွားစာကျင်းထဲ ရေထည့်တာတောင် အဝီစိတွင်းရေပဲ ငှင်ထည့်တော့တယ်။

×××

ရွာအဝင်လမ်းဘေးရှိ သစ်တုံးပေါ်မှာထိုင်ကာ မိုက်ကယ်ထွန်းညိုတစ်ယောက် နေကာမျက်မှန်ကြီးနဲ့ ဂိုက်ပေးကြမ်းနေတယ်။ ညနေခင်းဆိုတော့ နေရောင်ကပျောက်သလောက်ရှိနေပေမယ့် နေကာမျက်မှန်မချွတ်ဘူး။ သူ့ရှေ့က ဖြတ်သွားသမျှ ရေခပ်လာတဲ့သူတွေကို ထိုင်စ,နေတာ။

မှောင်ကမှောင် နေကာမျက်မှန်ကလည်း တပ်ထားဆိုတော့ လူလုံးလည်းကွဲပုံမရပါဘူး။ ဒါပေမယ့် ကိစ္စတော့မရှိပါဘူး။ သူ့ရှေ့ကနေ မည်းမည်းမည်းမည်းနဲ့ ဖြတ်သွားတာမြင်တာနဲ့ စ,ပစ်လိုက်တာပဲ။

“အိုးလေးလှူပ်ပါဟေ့ . . . အို . . . အိုးလေးလှူပ်ပါဟေ့”





သူ့ရှေ့က မိန်းကလေးတွေ ဖြတ်သွားရင် ရှက်ပြုံးပြုံးတဲ့ သူကပြုံး၊ ရှက်ကိုးရှက်ကန်းနဲ့ ခပ်မြန်မြန် သွားတဲ့သူကသွားတယ်။ ဒါပေမယ့် သူက မည်းမည်းမြင်သမျှ အိုးလှူပ်ခိုင်းနေတာဆိုတော့ ယောကျ်ားတွေလည်း အလွတ်မပေးဘူး။ အဲဒီတော့ ဆိုင်းထမ်းနဲ့ ရေလာထမ်းတဲ့ ယောကျ်ားလေးတွေခင်ဗျာ သူ့ရှေ့ရောက်ရင် ဖင်ကြောရှုံ့ရှုံ့ပြီး သွားကြတယ်။

တစ်ခါတော့ သူ့ရှေ့ကနေ အရှူးမ ပန်းနွယ်အဖြစ် . . .,

“အိုးလေးလှူပ်ပါဟေ့ . . . အို . . . အိုးလေးလှူပ်ပါဟေ့”

လို့ဆိုတော့ . . .

“အို . . . များကိုပြောတာလားဟင်”

“အင်းပေါ့ . . . ဟဲ . . . ဟဲ”

မိုက်ကယ်ထွန်းညိုက အရူးမမှန်းမသိဘူး။ မျက်မှန်နဲ့ဆိုတော့ မိန်းကလေးတစ်ယောက်ဆိုတာပဲ သိတယ်။

“သူက . . . များလှူပ်တာကို သဘောကျတယ်ပေါ့”

“ကျတာပေါ့ . . . ကျတယ် . . . ကျတယ် . . . ဟဲဟဲ . . . ဟဲ”

“ဂယ်နော် (တကယ်နော်) . . .”



www.burmeseclassic.com

www.burmeseclassic.com





“ဂယ် . . . ဂယ်”

“ဒါဆို သူက သီချင်းဆို . . . များကလှုပ်မယ်လေ”

ဒီလိုနဲ့နှစ်ယောက်သား အလုပ်ဖြစ်ပြီး တစ်ယောက်ကဆို တစ်ယောက်က က,တယ်။ ရွာသူတစ်ချို့ဆို အဲဒီပုံကိုမြင်ပြီး ခွက်ထိုးခွက်လန်ရယ်မိလို့ အိုးတွေတောင်ပွင့်ထွက်ကုန်တယ်။ (ရေအိုး . . . ရေအိုး)

နှစ်ယောက်သားမောသွားတော့ ပန်းနွယ်က မိုက်ကယ်ထွန်းညို့ဘေးမှာဝင်ထိုင်တယ်။ မိုက်ကယ်ထွန်းညိုက ဒီတော့မှ မျက်မှန်ကိုချွတ်ပြီး ဘေးက လေဒီကို အရှိုး . . .

“အောင်မယ်လေးဗျ . . . သရဲ . . . သရဲ”

လန့်မယ်ဆိုရင်လည်း လန့်လောက်တယ်။ ပန်းနွယ်က သနပ်ခါးအဖွေးသား၊ နှုတ်ခမ်းနီကလည်း ပါးပေါ်ချိတ်အောင်ဆိုးထားပြီး မျက်လုံးလေး ပေကလပ်ပေကလပ်နဲ့ သူ့ကိုကြည့်နေတာလေ။ ဆံပင်ကလည်း စုတ်ဖွားကြီးဆိုတော့ လန့်အော်တော့တာပေါ့။ ပန်းနွယ်ကလည်း ရူးသာရူးတာ သရဲကတော့ သေးထွက်အောင်ကြောက်တယ်။

“ဘယ်မလဲ . . . သရဲက ဘယ်မှာလဲ . . . သရဲ . . . သရဲ”

ဆိုပြီး မိုက်ကယ်ထွန်းညိုကို တင်းနေအောင်





ဖက်ထားတယ်။ မိုက်ကယ်ထွန်းညိုက ပိန်ပိန်သေးသေးလေး။ ပန်းနွယ်က ဗလတောင့်တယ်။ ဒီတော့ ဘယ်လိုရုန်းရုန်း မလွတ်ဘူး။ မိုက်ကယ်ထွန်းညိုက ကြောက်တော့အော်။ အော်တော့ ပန်းနွယ်ကလည်းကြောက်၊ ကြောက်တော့ ပိုတိုးဖက်။ မိုက်ကယ်ထွန်းညိုရဲ့ အရိုးတွေတောင် ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်လာတယ်။

ဒီအချိန် အနားကိုရောက်လာတာ ဇော်ဝင်းမောင်။

“ဟဲ့ . . . ပန်းနွယ်၊ နင်ဘာလုပ်နေတာလဲ”

“သရဲ . . . သရဲတဲ့”

“ဘာသရဲမှ မရှိဘူး၊ ဘာတွေပြောနေတာလဲ”

မိုက်ကယ်ထွန်းညိုက ကယ်တင်ရှင်ကိုတွေ့တော့ ဝမ်းသာသွားတဲ့ အသံကြီးနဲ့ . . .

“ညီလေး . . . လုပ်ပါဦးကွာ၊ ဒီမှာ အရိုးတွေကျိုးကုန်ပြီနဲ့ တူတယ်”

“ဟဲ့ . . . အရူးမ၊ သူ့ကိုလွှတ်လိုက်”

“ဘာ အရူးလဲ သူများကို၊ နင်သာ အမူး”

“အောင်မာ . . . အောင်မာ၊ အရူးကများ၊ လွှတ်လိုက်လို့ပြောနေတယ်၊ ငါလုပ်လိုက်ရင် နာတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com





"ဘာလို့ လွှတ်ရမှာလဲ၊ ဒါ . . . ငါ့ယောက်ျားဟဲ့"

"နင် တကယ်မလွှတ်ဘူးလား"

"လွှတ်ဘူးလို့ဆို"

"ဒါဆို ငါ ဘုန်းတော်ကြီးနဲ့ သွားတိုင်မယ်"

ပန်းနွယ်က ဘုန်းတော်ကြီးတော့ကြောက်တယ်။ တစ်ခါတုန်းက ဦးပဉ္ဇင်းတစ်ပါးကို မျက်စိမှိတ်ပြလို့ဆိုပြီး ဘုန်းတော်ကြီးက ကြိမ်လုံးနဲ့ လိုက်ဆော်ထားတာ။

ပန်းနွယ်က မိုက်ကယ်ထွန်းညိုကို မလွှတ်ချင် လွှတ်ချင်နဲ့လွှတ်လိုက်ပြီး . . .

"နင်က အူပုပ်တယ်၊ နင်ငါ့ယောက်ျားကို ကြိုက်နေတာ မဟုတ်လား"

ဇော်ဝင်းမောင် တွန့်ခနဲဖြစ်သွားတယ်။ ပန်းနွယ်က . . .

"ဒါပဲနော်၊ ဒီနေ့တစ်ရက်တော့ နင့်ကို ခဏပေးသုံးမယ်၊ နောက်နေ့ကစပြီး ဒါ ငါ့ပစ္စည်း"

ဆိုပြီး မိုက်ကယ်ထွန်းညို့ မေးစေ့လေးကို ဆွဲမော့ယူလိုက်ရင်း . . .

"ယောက်ျား . . . များသွားတော့မယ်၊ နောက်နေ့ လည်း ဒီနားကနေပဲစောင့်နော်"





"အင်း . . . အင်း . . ."

မိုက်ကယ်ထွန်းညိုက မျက်နှာငယ်လေးနဲ့ ခေါင်း ညိတ်ရင်း အင်း လိုက်ရတယ်။ ဒီတော့မှ ပန်းနွယ်က ကော့ ပက်ကော့ပက်နဲ့ ထွက်သွားတယ်။

"တော်သေးတာပေါ့ ညီလေးရယ်၊ ညီလေးသာ ရောက် မလာရင် အစ်ကို ရေတိမ်နစ်တော့မှာ"

ပြောရင်းနှစ်ယောက်သား သဘောတကျ ရယ် လိုက်ကြတယ်။ အဲဒီအခိုက် သူတို့ရှေ့ကနေ ဖြတ်သွားတာက ထနောင်းစိမ်း။ တစ်နေ့က ထနောင်းစိမ်းတို့အိမ်မှာ မိုက်ကယ် ထွန်းညိုတို့မိသားစု ထမင်းသွားစားပြီးကတည်းက ထနောင်း စိမ်းကို မိုက်ကယ် ဟတ်ထိသွားခဲ့တယ်။

"ဟာ . . . စိမ်း . . . စိမ်း"

ထနောင်းစိမ်းနောက်ကို မိုက်ကယ်က အပြေး လိုက်တယ်။ ဇော်ဝင်းမောင်ကတော့ ခပ်လှမ်းလှမ်းကပဲ လိုက် လာတယ်။

"စိမ်း . . . ရေခပ်လာတာလား"

"မမြင်ဘူးလား"

"ဩော် . . . စိမ်းကလည်း စကားစိမ်းတွေ မခွဲစမ်းပါ နဲ့လားကွယ်၊ ကိုယ်က မောင်မျိုးမင်း မဟုတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းဖြစ်လေးတွေ ပြောချင်လို့ပါ"

"ဒီကလည်း မိုက်တီးမဟုတ်ပေမယ့် ရိုက်ချက်ကတော့ ပြင်းတယ်"

မိုက်ကယ်ထွန်းညို တွန့်ခနဲဖြစ်သွားတယ်။ ထနောင်းစိမ်းက တောသူပီပီ အလုပ်ကြမ်းလုပ်ထားတာဆိုတော့ ဗလတောင့်တယ်လေ။ ဒါပေမယ့် မိုက်ကယ်ထွန်းညိုက လည်း ရန်ကုန်သားပဲဟာ။ ဗလမရှိပေမယ့် ဇ ရှိတယ်။ ဒီလောက်နဲ့ လန့်သွားရင် ရာဇဝင်ရိုင်းသွားမှာပေ့ါ။

"စိမ်းရိုက်ရင် ခံရဲပါတယ် စိမ်းရယ်၊ ကိုယ်က ချစ်နေရသူကိုး"

"အစားအသောက်တွေပျက်နေတာ ဒါတွေလည်း ပါတယ်"

"ဟင် . . . စိမ်း အစားအသောက်ပျက်နေတာလား၊ ဘာစားချင်လဲ . . . ပြောလေ"

"တကယ်ပြောတာလား"

"တကယ်ပြောတာပေ့ါ၊ စိမ်းကသာ စားချင်တာကို ပြောလိုက်၊ ဘယ်လောက်ရှားပါးတဲ့ အစားအစာဖြစ်ပါစေ ကိုယ်ရအောင်ယူပေးမယ်၊ မီးပင်လယ်ပဲဖြတ်ရဖြတ်ရ ခါးတောင်တွေကိုပဲ တက်ရ တက်ရ၊ ဆူးပုံပဲ နင်း နင်း"







မိုက်ကယ်ထွန်းညိုစကားက တစ်ဝက်တစ်ပျက် နဲ့ ရပ်သွားတယ်။ အောက်ငုံ့ကြည့်လိုက်တော့ သူ့ခြေထောက်က ခွေးချေးပုံကိုနင်းထားပြီ။ ခွေးချေးပုံကလည်း ဘယ်လိုခွေးမျိုးပါထားတယ်မသိ၊ နည်းတာကြီးမဟုတ်ဘူး။

"ရှင်လိုက်မလာတော့နဲ့နော်၊ ကျွန်မက ရွံတတ်တယ်"

မိုက်ကယ်ထွန်းညိုက ခြေထောက်ကို လမ်းဘေးသစ်မြစ်မှာ ပွတ်သုတ်ပစ်လိုက်ရင်း . . .

"နေ . . . နေဦးလေ . . . စိမ်း . . . စိမ်း"

ဘယ်လိုခေါ်ခေါ်မရတော့ဘူး။ ထနောင်းစိမ်း က ခေါင်းပေါ်က ရေအိုးကို လက်နှစ်ဖက်နဲ့ထိန်းပြီး မပြေးရုံတမယ် လျှောက်သွားတာမှန်လို့၊ ဖုံတွေတောင် တထောင်းထောင်းထတယ်။

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၁၀) (က)

ခေါင်းစဉ် - ဒုက္ခများကုန်ပြီ

နေရာ - တာရာဇော်တို့အိမ်၊ မယ်ပွေးတို့အိမ်

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညိုနှင့် မယ်ပွေး




www.burmeseclassic.com

www.burmeseclassic.com



တာရာဇော် ဘုရားရှိခိုးတဲ့အထဲမှာ ဘယ်လိုမှ စျာန်ဝင်စားလို့မရဘူး။ မျက်လုံးတွေကိုမှိတ်ပြီး စိတ်ကိုအတည် ငြိမ်ဆုံးဖြစ်အောင်ကြိုးစားလည်း အပိုပဲ။ မျက်လုံးတွေထဲမှာ သစ်ပင်ပေါ်တက်ပြီး ဖုန်းပြောနေတဲ့ ရန်ကုန်သူတို့ပဲ မြင်ယောင် နေမိတော့တယ်။

နောက်ဆုံးတော့ ဘုရားကို ဦးသုံးကြိမ်ချလိုက်ပြီး

"ဒီနေ့တော့ ဘုရားတပည့်တော် ဘုရားရှိခိုးခြင်းကို မလုပ်နိုင်တော့ပါဘုရား၊ ဒီနေ့တစ်ရက်တော့ နားခွင့်ပေး တော်မူပါ ဘုရား"

လို့ . . . ဆိုကာ အိပ်ယာထဲဝင်ပစ်လိုက်တော့ တယ်။ ဒါတောင် ရန်ကုန်သူက အိပ်မက်ထဲထိ လိုက်လာသေး တယ်။ ဒါနဲ့ သူက အိပ်မက်တံခါးကိုဆွဲဖွင့်ပြီး ရန်ကုန်သူကို အိပ်မက်အပြင်ဘက် ကန်ထုတ်ပစ်လိုက်တယ်။

"သွားစမ်း"

×××



www.burmeseclassic.com

www.burmeseclassic.com



မယ်ပွေးရဲ့ဟောက်သံက စည်းချက်မှန်မှန်ထွက်ပေါ်နေပေမဲ့ နော်လီထွန်းညိုကတော့ အိပ်လို့မပျော်သေးဘူး။ တာရာဇော်ဆိုတဲ့တောသားပုံကိုပဲ မြင်ယောင်နေမိတော့တာ။

တစ်နေ့က မြေကြီးပေါ်မှာ နှစ်ယောက်သား လုံးထွေးကျသွားပြီးကတည်းက ဒီရောဂါက စတင်လာတာ။

"ကျွတ် . . . ဒီထန်းသီးနဲ့တော့ ခက်နေပြီ"

xxx





# အခန်း ... (၁၀) (ခ)

ခေါင်းစဉ် - စိန်ဗေဒါ ဝင်စားတဲ့သူ

နေရာ - ရွာဦးကျောင်းဘုရားရင်ပြင်ပေါ်နှင့် ရွာဆေး ရုံ

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညို၊ မယ်ပွေးနှင့် နှစ်ဖက်မိသားစုများ






www.burmeseclassic.com

www.burmeseclassic.com



နော်လီထွန်းညိုနဲ့ မယ်ပွေးတို့နှစ်ယောက် ရှာဦး ဘုရားရင်ပြင်ပေါ်တက်လာခဲ့ကြတယ်။ ဒီနေ့က နော်လီထွန်း ညိုရဲ့ မွေးနေ့မို့ မွေးနံထောင့်မှာ ပန်း၊ ဆီမီး၊ ရေချမ်းလာကပ် တာ။

ရင်ပြင်ပေါ်ရောက်လို့ မွေးနံထောင့်ကိုလည်း လှမ်းကြည့်လိုက်ရော မွေးနံထောင့်ရှေ့မှာ တင်ပျဉ်ခွေထိုင်ပြီး တရား ထိုင်နေတဲ့ တာရာဇော်က မိန့်မိန့်ကြီး။ စနေနံချင်း လာတိုက်ဆိုင်နေတာ။

"ကျွတ် . . . ဒီတောသားနဲ့က ဘယ်သွားသွားမလွတ် ဘူး"

"ဘယ်လွတ်မလဲ ညီမလေးရဲ့၊ တစ်ရွာတည်းနေတဲ့ဥစ္စာ၊ ပြီးတော့ တာရာဇော်က ညနေဆို ဒီဘုရားပေါ်မှာနေ့ တိုင်းလာပြီး တရားထိုင်နေကျလေ"

"ဟွန်း . . . ဘုရားဖြစ်မယ့် အုတ်နီခဲကြီးဆိုတာ သူမှ အစစ်"

သူမက ပွစိပွစိပြောရင်း တာရာဇော့်ဘေးနား က အသာဖြတ်လျှောက်ကာ မွေးနံထောင့်က ဘုရားပန်းအိုးကို ယူလာခဲ့လိုက်တယ်။ နောက် ရင်ပြင်တော်ရဲ့အောက်နားက ဘုရားပန်းလဲဖို့ လုပ်ပေးထားတဲ့ အုတ်ကန်မှာ ပန်းလဲတယ်။



www.burmeseclassic.com

www.burmeseclassic.com





မယ်ပွေးကလည်း သူ့မွေးနံ ကြာသပတေးထောင့်မှာ ဘုရား သွားရှိခိုးတယ်။ ဒီအချိန်ထိ ဘာပြဿနာမှ မရှိသေးဘူး။

အဲ . . . ပြဿနာက ပန်းလဲပြီးသား ဘုရားပန်း အိုးကို မွေးနံထောင့်ဆီပြန်ယူအလာမှာဖြစ်တာ။ ပန်းအိုးကို ကိုင်ပြီး တရားထိုင်နေတဲ့ တာရာဇော့်ဘေးကအဖြတ်မှာ ဘုရား ပန်းလဲတုန်းက ခြေထောက်ကို ရေစိုထားတာရော၊ ရင်ပြင် တော်က ပြောင်ချောနေတာရောပေါင်းပြီး တာရာဇော့်အပေါ် ကို နော်လီထွန်းညို့ခန္ဓာကိုယ်ကြီးက ဘိုင်းခနဲနေအောင်လဲကျ သလို လက်ထဲက ကြွေဘုရားပန်းအိုးကိုကလည်း တာရာဇော့် ခေါင်းကို ခွပ်ခနဲ။

"အား . . ."

တာရာဇော့်ဆီက အော်သံကြီးက ဟိန်းထွက်လာ တယ်။ မယ်ပွေးကအူလျားဖားလျား ပြေးလာသလို နော်လီ ထွန်းညိုကလည်း လဲကျနေရာက ကုန်းရုန်းထပြီး ဘာလုပ်ရ မှန်းမသိ ပြူးကြောင်နေတယ်။

တာရာဇော်က နော်လီထွန်းညို့ကို လက်ညိုးထိုး ပြီး . . .

"နင် . . . နင် . . . ဘာလုပ်ထာလဲ၊ နင်တော်တော် ဒုက္ခပေး"





စကားက မဆုံးလိုက်ဘူး။ ခေါင်းပေါ်ကနေ မျက် နှာကို စီးကျလာတဲ့ အရည်တွေကို တာရာဇော်က လက်နဲ့ သုတ်ကြည့်လိုက်တယ်ဆိုရင်ပဲ . . .

"ဟင် . . . သွေး . . . သွေးတွေ"

ဆိုပြီး မျက်ဆံနက်နှစ်ခုက အလယ်မှာစု၊ လျှာကို ကိုက်ပြီး တဂစ်ဂစ်နဲ့ တက်သွားတော့တယ်။

"ဟင် . . . ဟဲ့ . . . ဟဲ့ . . . တာရာ . . . တာရာ"

နော်လီထွန်းညိုက လှုပ်ခေါ်ပေမယ့် မရဘူး။ အောက်က ခေါင်းတရမ်းရမ်းနဲ့ ပိုလီယိုဆွဲသလို လက်တွေ တောင် ကွေးကောက်ပြီး တက်နေတာ။

"မမပွေး . . . မမပွေး လုပ်ပါဦး၊ သူတက်နေပြီ"

နော်လီထွန်းညို့ စကားအဆုံး မယ်ပွေးက "ဩော် . . . အေးအေး"ဆိုပြီး ထဘီကို ခပ်တိုတိုပြင်ဝတ်တဲ့ ပြီးတော့ တာရာဇော့်ရင်ဘတ်ပေါ်တက်ခွပြီး ပါးတွေကို ဘယ် ပြန်ညာပြန် တဖြောင်းဖြောင်းတီးတော့တာပဲ။

"ကဲဟယ် . . ."

"ဖြောင်း . . ."

"ကဲဟယ် . . ."

"ဖြောင်း



www.burmeseclassic.com

www.burmeseclassic.com





"ကဲဟယ် . . . ကဲဟယ်"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

တကယ်တမ်း တာရာဇော်က ပါးကိုနှစ်ချက်လောက် အတီးခံရပြီးကတည်းက သတိပြန်လည်နေပြီ။ ဒါပေမယ့် မယ်ပွေးက သတိမရသေးဘူးအထင်နဲ့ တဖြောင်းဖြောင်း ဂျပန်တီးတီးနေတော့ အော်လို့မရဘူး ဖြစ်နေတာ။ အဲဒီတော့ အံကြိုးကြိတ်ပြီး မျက်လုံးကြီးပြူးလာတယ်။ ဒါကိုမြင်တော့ မယ်ပွေးက . . .

"ညီမလေး . . . သူ့မျက်လုံးကြီးပြူးပြီး ပိုဆိုးလာပြီ၊ နင်က ခြေမကိုချိုး"

ပါးစပ်ကသာပြောနေတာ။ လက်ကလည်း တဖြောင်းဖြောင်းတီးနေတာ မပျက်ဘူး။ နော်လီထွန်းညိုကလည်း ဒီလိုနေရာကျတော့ လျှင်တယ်။ ထိုင်နေရာကနေ ငေါက်ခနဲထတဲ့ပြီးတော့ တာရာဇော့်ခြေမနှစ်ချောင်းကို ဘယ်ညာစုံကိုင်ပြီး အားကုန်ထုတ် အံကြိတ်ချိုးချလိုက်တယ်။

"အွား . . ."

တာရာဇော့်ခင်မျာ "အား"ကိုတောင်ပီအောင် မအော်လိုက်နိုင်ဘူး။ "အွား"ဆိုပြီး သတိလစ်သွားတော့တာပဲ။

×××





တာရာဇော်သတိရလာတော့ ရှာဆေးရုံကိုရောက်နေပြီ။ ပါးနှစ်ဖက်က နီရဲပြီး မလှုပ်နိုင်ဘူး။ ခြေမနှစ်ချောင်းကလည်း ပတ်တီးအဖွေးသားနဲ့။ မျက်လုံးတွေကိုဖွင့်လိုက်ပေမယ့် သဲသဲကွဲကွဲ ဘာကိုမှမမြင်ရဘူး။ ဝေဝါးနေတယ်။

"မောင်လေး . . . သတိရပြီလား"

ထနောင်းစိမ်းကို တာရာဇော်က ခပ်ယဲ့ယဲ့လေး ခေါင်းညိတ်ပြရတယ်။ ယဲ့ယဲ့ဆိုမှ ယဲ့ယဲ့လေး။

ဘေးမှာထိုင်နေတဲ့ မိဘတွေရော၊ နော်လီထွန်းညိုနဲ့ မယ်ပွေးတို့ရော အခုမှပြုံးနိုင်ကြတော့တယ်။ ဒေါ်ပန်ကာက . . .

"တော်သေးတာပေါ့ သားရယ်၊ ဘာမှသိပ်ပြီး မထိခိုက်မိလို့၊ ခေါင်းကလည်း ခြောက်ချက်လေးပဲချုပ်ရတယ်၊ ပြီးတော့ ခြေမလေးကလည်း နှစ်ချောင်းပဲကျိုးတယ်"

လို့ဆိုတော့ ဦးမော်တာက ဒေါ်ပန်ကာ့ကို တံတောင်နဲ့ တွတ်လိုက်ရင်း . . .

"ဩော် . . . မင်းကလည်း ခြေမက နှစ်ချောင်းပဲပါတာ၊ နှစ်ချောင်းပဲကျိုးမှာပေါ့၊ ဘယ်နှချောင်း ကျိုးချင်သေးလို့လဲ"

လို့ ဆိုတယ်။ ဒီတော့ ဒေါ်ပန်ကာက ဦးမော်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို တံတောင်နဲ့ပြန်တွတ်လိုက်ရင်း ဆိုပြန်တယ်။

"ရှင် ဝင်မပါပါနဲ့၊ ဒီမှာ သားကို အားရှိအောင် အားပေး စကားပြောနေတာကို၊ ရှင် အသာနေစမ်းပါ၊ ဩော် သား ပြောဖို့ကျန်သေးတယ်သိလား၊ သွားကလေးက လည်း သုံးချောင်းတည်းကျိုးတာပါ၊ မများပါဘူး သား ရဲ့၊ သုံးချောင်းတည်းပါ၊ ဟင်း . . . ဟင်း . . . ဟင်း"

ဒေါ်ပန်ကာ့ စကားအဆုံး တာရာဇော်က တဂ်စ်ဂစ်နဲ့ တက်သွားပြန်လို့ ဆရာဝန်တွေပြေးခေါ် ရတယ်။ ဒါတောင် မယ်ပွေးက ထဘီတွေပြင်ဝတ်ပြီး လက်တပြင်ပြင် လုပ်နေလို့ နီးရာလူတွေက ဖမ်းချုပ်ထားရတာ။ နို့မို့ဆို တာရာဇော့်ဘဝက မတွေးဝံ့စရာပဲ။

×××







# အခန်း ... (၁၁)

ခေါင်းစဉ် - ယင်မောင်းသမား

နေရာ - ရွာဦးဘုန်းကြီးကျောင်းထဲရှိ ညောင်ပင် အောက်

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညို









www.burmeseclassic.com

www.burmeseclassic.com



ရွာဦးဘုန်းကြီးကျောင်းက ညောင်ပင်ကြီး အောက်မှာထိုင်ကာ စာဖတ်နေတုန်းမှာပဲ အနားကိုရောက် လာတာက နော်လီထွန်းညို။

"ဟဲ့ . . . တာရာ"

နော်လီထွန်းညို့အသံကြားတာနဲ့ တာရာဇော်က ထပြေးဖို့ပြင်တယ်။ ဒါပေမယ့် နော်လီထွန်းညိုက ပိုလျင်တယ်။ တာရာဇော့်အကျီစကို နောက်ဘက်ဂုတ်ပိုးကနေ ဆွဲထားလိုက် ရင်း . . .

"ဟဲ့ . . . ဟဲ့ . . . ဒါက ဘယ်ကိုပြေးမလို့တုန်း၊ ငါက နင့်ဆီလာတဲ့ဟာကို"

"ဘာ . . . ဘာကိစ္စလဲ"

"ဩော် . . . နင့်ခေါင်းက ဒဏ်ရာ သက်သာပြီလားလို့ ပါ၊ ငါ နင့်အိမ်ကိုရောက်ခဲ့ပြီးပြီ၊ နင် ဒီမှာဆိုလို့၊ ဘယ်လို လဲ ကောင်းသွားပြီလား"

"ကောင်း . . . ကောင်းပါတယ်၊ ငါ သွားဦးမယ်"

ပြောရင်း တာရာဇော်က ထိုင်ရာကထပြေးဖို့ ပြင်ပြန်တယ်။ ဒါပေမယ့် နော်လီထွန်းညိုက ဂုတ်ပိုးကဆွဲထား တော့ နောက်ကိုဖင်ထိုင်လျက်ပြန်ကျတယ်။

"ဟဲ့ . . . နေပါဦး၊ ဘာတွေအရေးကြီးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟိုဟာ သွားစရာလေးရှိသေးလို့"

"ဘယ်သွားမှာလဲ"

"ဟိုနားပါ"

"ဘယ်နားလဲ"

တာရာဇော်အကြံအိုက်လာတယ်။ နော်လီထွန်းညိုနှင့်ဝေးရာကိုသာ ထွက်ပြေးချင်နေမိတာအမှန်။

တာရာဇော်က ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း

"ယာထဲ သွားရမှာဟ၊ ငါ မေ့နေတာ၊ အခုမှ သတိရတယ်"

"ငါ့ကို လာလိမ်မနေနဲ့၊ ခေါင်းက ဒဏ်ရာနဲ့မို့လို့ နင့်ကို နင့်မိဘတွေက နားခိုင်းထားတာ ငါသိပြီးသား"

တာရာဇော့်မျက်နှာ ရှုံ့မဲ့သွားတယ်။ နော်လီထွန်းညိုက သဘောတကျပြုံးလိုက်ရင်း . . .

"နင် ဘာစာအုပ်ဖတ်နေတာလဲ"

တာရာဇော်က လက်ထဲမှာကိုင်ထားတဲ့ စာအုပ်အထူကြီးကို မြှောက်ပြရင်းဆိုတယ်။

"အပွမာဒပါ"

"အထူကြီးနော်"

"အင်း . . ."





"ပြစမ်းပါဦး . . . ကြည့်ရအောင်"

အပေးကိုတောင် မစောင့်ဘူး။ နော်လီထွန်းညိုက တာရာဇော့်လက်ထဲက စာအုပ်ကြီးကို ဆတ်ခနဲဆွဲယူသွားတယ်။ ပြီးတော့ ရှေ့စာမျက်နှာဆယ်ရွက်လောက်ကို တဖျန်းဖျန်းလှန်ကြည့်လိုက်ရင်း နှာခေါင်းရှုံ့တယ်။

"ပျင်းစရာကြီး၊ နင်မို့လို့ ဒါကြီးတွေဖတ်တယ်၊ ဖတ်ပါလား လူငယ်ပီပီ အကြည်တော်တို့၊ တာရာမင်းဝေတို့"

"ငါက တစ်ချိန်ကျရင် ဘုန်းကြီးဝတ်မှာပဲဟာ၊ ဒါမျိုးတွေက ဖတ်ရမှာပေါ့"

"နင်က ဘုန်းကြီးဝတ်ကြောင်းတော်တော်ပြောတာပဲ၊ ဘာဖြစ်လို့ ဘုန်းကြီးဝတ်ချင်ရတာလဲ ပြောပါဦး"

"ဘာလို့မှမဟုတ်ဘူး၊ ဝတ်ချင်လို့ကို ဝတ်မှာ"

နော်လီထွန်းညိုက ခေါင်းတဆတ်ဆတ်ညိတ်တယ်။ နော်လီထွန်းညိုက တာရာဇော့်ခေါင်းက ဒဏ်ရာကို ကြည့်ရင်း . . .

"အဟဲ . . . တကယ်တမ်းက ငါ နင့်ကိုလာတောင်းပန်တာဟ၊ ဘယ်ကပြောရမှန်းမသိလို့ ဝေ့ဝိုက်နေတာ၊ ငါ တမင်လုပ်တာ မဟုတ်ပါဘူးဟယ်၊ ဒါကြောင့် ခွင့်လွှတ်ရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုတယ်။ တောင်းပန်တာတောင် အမိန့်ပေးပြီး တောင်းပန်တာ။ ခွင့်မလွှတ်ရင် မရဘူးဆိုတဲ့သဘော။

"ဩော် . . . အင်း . . . လွှတ်ပါတယ်"

"ဘာကိုလဲ"

"ခွင့်လေ"

"အဟင်း . . . နင်က သေချာပေါင်း ကြည့်တော့လည်း ခင်စရာကောင်းသားပဲ၊ နင်နဲ့ငါ ငြိမ်းချမ်းရေးရသွားပြီ နော်၊ လက်ခံတယ် မဟုတ်လား"

တာရာဇော်က အင်းမလုပ်အဲမလုပ်။ အဲဒီအချိန်မှာ တာရာဇော့်ခေါင်းကို ယင်တစ်ကောင်လာနားတယ်။ ခေါင်းဒဏ်ရာက အညှီနံ့ရနေတာဆိုတော့ ယင်လာတဲ့သဘော။ တာရာဇော်က ခေါင်းကိုရမ်းပြီး ယင်ခြောက်လိုက်ပေမယ့် ယင်က ပျံမသွားဘူး။

"ဟဲ့ . . . ရှူး . . . ရှူး"

နော်လီထွန်းညိုက ပါးစပ်ကလည်းခြောက် လက်ကလည်းခြောက်လိုက်မှ ထပျံသွားတယ်။ ဒါပေမယ့် ခဏပဲ။ တဝီဝီအော်ပြီး အနာပေါ်ကို ပြန်လာနားပြန်ရော။

"ဟဲ့ . . . ရှူး . . . ရှူး . . ."





သူမ မောင်းလိုက်တော့ ယင်က ပျံသွားပြန် တယ်။ ဒါပေမယ့် စောစောကလိုပဲ တဝီဝီနဲ့ ပြန်လာနားပြန် ရော။

"ဩော် . . . ဒီယင်ကောင်တစ်ကောင်နဲ့တော့ ခက်နေပြီ . . . ဟဲ့ . . . ရှူး . . . ရှူး . . . ရွှတ် ရွှတ်"

ယင်က ပျံသွားတယ်။ ဒါပေမယ့် ပြန်လာတာပဲ။

"ဟဲ့ . . . ရွှတ် . . . ရွှတ်"

ယင်တစ်ကောင်နဲ့ အလုပ်ရှုပ်နေတဲ့ သူမကို ကြည့်ပြီး တာရာဇော်ရယ်ချင်လာတယ်။ ယင်က သူမဘယ်လို မောင်းမောင်း မရဘူး။ မောင်းသခိုက်ပျံသွားပြီး ခဏနေပြန်လာတာပဲ။ ကြာတော့ နော်လီထွန်းညို ဒေါသထွက်လာတယ်။ နေနှင့်ဦးပေါ့လို့ စိတ်ထဲကနေ ကြိမ်းပြီး ယင်ပြန်အလာကို စောင့်လိုက်တယ်။ ထုံးစံအတိုင်း ယင်က တဝီဝီနဲ့ လာပြန်ရော။ ဒါပေမယ့် ဒီတစ်ခါတော့ သူမက ယင်ကို မခြောက်တော့ဘူး။ ယင်အနားကို မမှိတ်မသုန် စိုက်ကြည့်နေလိုက်တယ်။ အနာပေါ်ကို ယင်နားလိုက်တာနဲ့ တပြိုင်နက် သူမက လက်ထဲက အပ္ပမာဒ စာအုပ်အထူကြီးနဲ့ . . .

"ဒါလောက်ဖြစ်လှတဲ့ ယင်၊ သေစမ်း . . . ကဲ"

ဆိုပြီး စုံကိုင်ထုချလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အား . . ."

ယင်ကတော့ သေမသေမသိဘူး။ တာရာဇော်ကတော့ သတိလစ်သွားတယ်။

xxx



# အခန်း ... (၁၂) (က)

ခေါင်းစဉ် - ကြောက်စရာကောင်းတဲ့ ညှော်သည်ကို ညှော်ခံနည်း

နေရာ - ထနောင်းစိမ်းတို့အိမ်

ပါဝင်သူများ - ဦးမော်တာ၊ ဒေါ်ပန်ကာ၊ မိုက်ကယ်ထွန်းညို နှင့် ထနောင်းစိမ်း






www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရေ . . . အန်ကယ် . . . အန်တီ"

ခြံတံခါးအဝင်ကတည်းကနေ သံကုန်ဟစ်ဝင်လာတဲ့ မိုက်ကယ်ထွန်းညိုကို ထနောင်းစိမ်းမြင်တာနဲ့ မီးဖိုချောင်ထဲ ဝင်နေလိုက်တယ်။ ဒီတစ်ယောက်ကို မေတ္တာကို မရှိဘူးလေ။

"အန်ကယ်ပန်ကာ . . . အန်တီမော်တာ . . . ဗျို့ အန်တီမော်တာ"

အထီးအမလွဲခေါ်နေတဲ့ အသံကြောင့် ဒေါ်ပန်ကာတို့ လင်မယားက အိမ်ထဲကနေ ပြေးထွက်လာတယ်။

"ဟဲ့ . . . ဟဲ့ အမလေး ဘယ်လိုတွေ ခေါ်နေတာတုန်း၊ ပစ္စည်းချင်းတွေ လွဲကုန်ပါပြီ"

ဒေါ်ပန်ကာက လက်တစ်ဖက်က ရင်ဘတ်ဖိ၊ လက်တစ်ဖက်ကို ခါရင်းဆိုပေမယ့် မိုက်ကယ်ထွန်းညိုက ဒါကို အရေးမလုပ်ဘဲ တဟဲဟဲရယ်ရင်း သူပြောချင်တာပြောတယ်။

"အဟဲ . . . ဟဲ . . . ကျွန်တော်က အိမ်လည်လာတာ၊ အိမ်လည် . . . ဟဲဟဲ . . ."

"အိမ်လည် !"

"ဟုတ်တယ်လေ အန်ကယ်ပန်ကာရဲ့၊ လုပ်လေဗျာ၊ အန်ကယ်လ်ကလည်း အိမ်လည်လာတဲ့သူကို အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခိုင်းမှာပေါ့ . . . ကြာပါတယ်ဗျာ၊ ကိုယ့်ဘာသာပဲ ဝင်ထိုင်တော့မယ်"

ပါးစပ်ကလည်းပြော လူကလည်း အိမ်ထဲကို လှစ်ခနဲဝင်သွားပြီး အိမ်ရှေ့ခန်းက တန်းလျားပေါ်မှာ ထိုင်နေလိုက်တယ်။ ဒေါ်ပန်ကာတို့လင်မယားက ကြောင်တောင်တောင်နဲ့ နောက်ကဝင်လိုက်လာကြတယ်။

မိုက်ကယ်ထွန်းညိုက သူ့ရှေ့မျက်နှာချင်းဆိုင်မှာရှိတဲ့ တန်းလျားကို လက်ညှိုးထိုးပြရင်း . . .

"ကဲ . . . ထိုင်ကြ၊ ထိုင်ကြ"

ဒေါ်ပန်ကာက "ဩော် . . . ဟုတ်ကဲ့" ဆိုပြီး ဝင်ထိုင်သလို ဦးမော်တာကလည်း ခေါင်းညိတ်ပြီးဝင်ထိုင် တယ်။

မိုက်ကယ်ထွန်းညိုက . . .

"အန်ကယ်တို့က ဒီလိုပဲထိုင်နေတော့မှာလား"

"ဟေ ! ငါတို့က ဘာလုပ်ရမှာလဲ"

"ဩော် . . . ဧည့်သည်လာနေတာ ရေနွေးကြမ်းလေး ဘာလေးချ၊ လက်ဖက်သုပ်လေး ဘာလေး ကျွေးဦးမှပေါ့"

ဒေါ်ပန်ကာက ရင်ဘတ်ဖိရင်း . . .

"ဘုရား . . . ဘုရား ဘယ်လိုဧည့်သည်ပါလိမ့်"





လို့ တွေးလိုက်ပြီး တဆက်တည်းမှာပဲ မီးဖိုချောင်ထဲက ထနောင်းစိမ်းကို လှမ်းအော်တယ်။

"သမီးရေ . . . လက်ဖက်တစ်ပန်းကန်လောက် သုပ်ခဲ့ပါဦးဟေ့၊ ရေနွေးခရားပါယူခဲ့"

မိုက်ကယ်ထွန်းညို့မျက်နှာက ဝင်းထိန်သွားတယ်။ သဘောအကျလွန်ပြီး တဟဲဟဲတောင် ရယ်နေလိုက်သေးတယ်။

ခေါ်ပွသွားတာက ထနောင်းစိမ်း။ ပါးစပ်ကနေ ပွစိပွစိရေရွတ်ရင်းကနေ လက်ဖက်သုပ်တယ်။

လက်ဖက်ကလေးက နည်းနည်း၊ ပဲကြော်လေး က တစ်စိနှစ်စိနဲ့ ကုလားအော်သီးစိမ်း အစိတ်သားလောက်ကို ကတ်ကြေးနဲ့ညှပ်ပြီး သုပ်ပေးလိုက်တယ်။ ပြီးတော့ ဝမ်းနှုတ်ဆေးတွေကို ရေနွေးကရားထဲ ထည့်ဖျော်ပြီး ယူလာခဲ့လိုက်တယ်။

မီးဖိုချောင်ထဲက ထွက်လာတဲ့ ထနောင်းစိမ်းကို မြင်တော့ မိုက်ကယ်ထွန်းညိုက သွားသုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင်ဖြဲပြီး ပြုံးပြတယ်။ ဒါပေမယ့် စားပွဲပေါ်ချလာတဲ့ လက်ဖက်သုပ်ပန်းကန်လည်းမြင်ရော ခန္ဓာကိုယ်က တွန့်ခနဲဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . . ဟင်း . . . လက်ဖက်သုပ်နဲ့ ငရုတ်သီး
သုပ် လွဲသုပ်လာတယ်ထင်တယ်"

ဆိုပြီး လက်ဖက်သုပ်ပန်းကန်ကို မတို့ရဲဘူး။ ဒေါ်ပန်ကာက လက်ဖက်သုပ်ပန်းကန်ကို ရှေ့တိုးပေးလိုက် ရင်း . . .

"စားလေ . . . မောင်ရင်၊ စားပါ အားမနာနဲ့၊ ကြည့်ပါ
ဦး သုပ်လာတာ စားချင်စရာလေး၊ ငရုတ်သီးလေးတွေ
များ စိမ်းစိုနေတာပဲ၊ စား . . . စား"

မိုက်ကယ်ထွန်းညိုက ပန်းကန်ကို ရှေ့ပြန်တွန်းပို့ ရင်း . . .

"အဟဲ . . . ဟဲ . . . ဟဲ၊ ဟိုလေ . . . ဗိုက် ဗိုက်
မကောင်းလို့ နောက်နေ့တွေလာမှပဲ စားတော့မယ် နော်
. . . နော်လို့"

လို့ ဆိုတယ်။ ဒါပေမယ့် ဒေါ်ပန်ကာက . . .

"ဩော် . . . ဘယ်ဟုတ်ပါ့မလဲ၊ အိမ်လည်လာတဲ့သူကို
ဘာမှမကျွေးလိုက်ရရင် ဒေါ်လေးတို့က ဘယ်စိတ်
ကောင်းပါ့မလဲ . . . ရော့ . . . စားနော်"

ဆိုပြီး ပန်းကန်ကို မိုက်ကယ်ထွန်းညို့ဘက် ပြန်တွန်းပို့တယ်။ ဦးမော်တာကလည်း . . .





"ဟုတ်သားပဲ မောင်ရင်ရာ၊ နည်းနည်းတော့စား၊ ဒါန
လေးမြောက်သွားတာပေါ့"

မိုက်ကယ်ထွန်းညို မနေနိုင်တော့ဘူး။ တိုက်တွန်းပါများလာတော့ တစ်ဇွန်းကော်လိုက်တယ်။ ပါလာတာက ငရုတ်သီးတွေချည်းပဲ။ လက်ဖက်နဲ့ပဲကြော်က ရှာလို့ကို မတွေ့ဘူး။

ငရုတ်သီးတွေပါလာတဲ့ဇွန်းကို ကိုင်ထားတဲ့ လက်တွေက တဆတ်ဆတ်တုန်နေတယ်။

"စားလေ . . . ဘာလုပ်နေတာလဲ"

ထနောင်းစိမ်းကလည်း တိုက်တွန်းတယ်။ ထနောင်းစိမ်းအသံလဲကြားရော မိုက်ကယ်ထွန်းညိုက မျက်လုံးကို စုံမှိတ်ပြီး ပါးစပ်ထဲခွံ့ပစ်လိုက်တယ်။ အချစ်ရဲ့ ခွန်အားသတ္တိတွေပေါ့လေ။

"အား . . . ကောင်း . . . ကောင်းလိုက်တဲ့ လက်ဖက်
သုပ်၊ ကောင်းလွန်းလို့ မျက်ရည်တွေတောင်ကျတယ်၊
လူကို ပွင့်သွားတာပဲ . . . ဟရဲ . . . ဟရဲ . . . ဟရဲ"

ရယ်တာတောင် "ဟဲ . . . ဟဲ" မပီတော့ဘူး။ "ဟရဲ . . . ဟရဲ"ဆိုပြီး ရေနွေးတွေ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်တယ်။ ပြီးတော့ ထိုင်ရာကနေ ဝုန်းခနဲထပြီး . . .



www.burmeseclassic.com

www.burmeseclassic.com





"ပြန် . . . ပြန်ဦးမယ်"

"ဟယ် . . . ပြန်တော့မလို့လား၊ နေပါဦး၊ လက်ဖက်သုပ်လေးတော့ ကုန်အောင် စားသွားပါဦး"

"တော် . . . တော်ပြီ"

"စားပါဦးကွာ၊ မင်းကလည်း အစားနည်းလိုက်တာ"

"ဝ . . . ဝသွားလို့၊ သွားမယ်နော်"

"ဩော် . . . အေး၊ နောက်နေ့လည်း လာခဲ့ဦးနော်"

"ဟုတ် . . . ဟုတ်"

မိုက်ကယ်ထွန်းညို ပြေးထွက်သွားတာကိုကြည့် ပြီး ဒေါ်ပန်ကာတို့ သားအမိသားအဖသုံးယောက်က တဟားဟား ရယ်ကြတယ်။ နောက် ထနောင်းစိမ်းက လက်ဖက်သုပ်ပန်းကန်ကိုယူပြီး မီးဖိုချောင်းထဲပြန်ဝင်သွားတယ်။

ဦးမော်တာက ရေနွေးတစ်ခွက်ကို ငှဲ့သောက် ရင်း . . .

"ဘယ်လိုကောင်လဲ မသိဘူး၊ တော်တော်ရယ်ရတယ်"

လို့ ဆိုတယ်။ ဒေါ်ပန်ကာကလည်း အားကျမခံ ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်ရင်း . . .

"မအေကကြောင်တောင်တောင်ဆိုတော့ ဒီလိုသားမျိုးပဲ မွေးလာတော့မှာပေါ့"



# အခန်း ... (၁၂) (ခ)

ခေါင်းစဉ် - ချီး(ချေး) တရားစီရင်ခန်း

နေရာ - တာရာဇော်တို့အိမ်နှင့် ဒေါ်ခင်ဥတို့အိမ်

ပါဝင်သူများ - မိုက်ကယ်ထွန်းညို၊ မယ်ပွေး၊ ဦးမော်တာ၊ ဒေါ်ပန်ကာ၊ ဒေါ်ခင်ဥ၊ ထွေးထွေးနှင့် ဇော်ဝင်းမောင်






www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာထဲမှာ အိပ်နေရင်းက ဗိုက်ထဲနာလာလို့ လန့်နိုးလာတယ်။ ဗိုက်ကိုနှိပ်ထားရင်းကနေ မိုက်ကယ်ထွန်းညို ထထိုင်လိုက်တယ်။ စိတ်ကူးက ဆက်မနာတော့ရင် ပြန်အိပ်မလို့။

ဒါပေမယ့် မရဘူး၊ ဒုက္ခက အပေါက်ဝကို တိုးလာတာနဲ့ ထိုင်ရာက ဝုန်းခနဲထပြီး အိမ်သာဆီပြေးရတယ်။ အိမ်သာနားရောက်တာနဲ့ အိမ်သာတံခါးကို အလောတကြီးဆွဲအဖွင့် အထဲမှာက မဲမဲကြီးငုတ်တုတ်ကြီး။ ညမှောင်မှောင်ဆိုတော့ မကွဲဘူး။

"အား . . ."

"အား . . ."

အထဲကအော်သံနဲ့ အပြင်ကအော်သံက တစ်ပြိုင်တည်းထွက်လာတယ်။ မိုက်ကယ်ထွန်းညိုက နောက်ကို ဖင်ထိုင်လျက်လဲအကျ တံခါးကလည်း ဝုန်းခနဲပြန်ပိတ်သွားတယ်။

"အထဲက ဘယ်သူလဲ

"အပြင်ကဘယ်သူလဲ"

မေးသံနှစ်ခုကလည်း ပြိုင်တူ။ မိုက်ကယ်ထွန်းညိုက လဲကျနေရာကထပြီး နောက်ပေါက်ကို လက်နှစ်ဖက်နဲ့ ပိတ်ထားရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အထဲက မယ်ပွေးလား"

"ဟုတ်တယ် ကိုမိုက်"

"အား . . . မြန်မြန်လုပ်ဟာ၊ ငါ ဒီမှာထွက်ကျတော့မယ်"

"မယ်ပွေးလည်း အခုမှဝင်တာ ကိုမိုက်ရဲ့၊ ညနေက သင်္ဘောသီးအမှည့်တွေစားထားတာ၊ တော်တော်နဲ့ ပြီးသေးမှာမဟုတ်ဘူး၊ ကြာဦးမှာ"

"ငါက မရတော့ဘူးဟ . . . "

"မရရင်လည်း ချုံတိုးလိုက် ကိုမိုက်ရယ်၊ မယ်ပွေးကတော့ ပြီးဖို့အဝေးကြီးလိုသေးတယ်၊ အခုမှ သုံးပုံပုံရင် တစ်ပုံလောက်ပဲ ထွက်သေးတာ"

ပြောရင်း မယ်ပွေးက အထဲကနေ တဗျင်းဗျင်းတွယ်နေတော့တယ်။ အနံ့ကလည်း ဆိုးမှဆိုး။ မိုက်ကယ်ထွန်းညိုက လက်တစ်ဖက်က နှာခေါင်းကိုပိတ်၊ ကျန်လက်တစ်ဖက်က နောက်ပေါက်ကို ပိတ်ထားရင်း ခုန်ဆွခုန်ဆွနဲ့ တောင်ပြေးမြောက်ပြေးလုပ်နေတယ်။

ချုံတိုးရအောင်လည်း ညကြီးမင်းကြီး ကြောက်စရာ။ ကြာတော့ လူက တွန့်လိမ်လာတယ်။

ဒါနဲ့ ဇော်ဝင်းမောင်ကို သတိရပြီး ဇော်ဝင်း မောင့်ယောက္ခမဒေါ်ခင်ဥအိမ်ပြေးရတယ်။ ဒေါ်ခင်ဥတို့အိမ် က





သူတို့နဲ့ တစ်အိမ်ကျော်ပဲရှိတာဆိုတော့ တန်းရောက်သွား တယ်။ မိုက်ကယ်ရောက်သွားတော့ တစ်အိမ်လုံးက အိပ်နေပြီ။ ဒါနဲ့ ခွင့်တောင်းမနေတော့ဘဲ အိမ်သာဆီပြေးရတော့တယ်။ ဒါပေမယ့် မမီတော့ဘူး။ အိမ်သာရောက်ခါနီး လမ်းတစ်ဝက် တလင်းဝိုင်းအလယ်ခေါင်လောက်အရောက်မှာပဲ ထွက်ကျကုန်တယ်။

"ဟာ . . . သွားပြီ"

မိုက်ကယ်ထွန်းညိုက နေရာမှာတင် ထိုင်ချလိုက်တယ်။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပေမယ့် လူနဲ့တူတာဆိုလို့ ခွေးတစ်ကောင်ကြောင်တစ်မြီးတောင် မတွေ့ရဘူး။ ပတ်ဝန်းကျင်တစ်ခုလုံး အိပ်မောကျနေပြီ။

ဒါနဲ့ သူလည်း ဒီနေရာမှာတင်ပဲ။ အင်း . . . ညနေက ဇော်ဝင်းမောင်နဲ့အတူ သောက်ထားတာလေးတွေ တောင် ပျောက်သွားပေါ့။

xxx

"အား . . . ကျွတ် ကျွတ်"

"အင်း . . . အာလာလာ"



www.burmeseclassic.com

www.burmeseclassic.com





ဗိုက်တွေကိုယ်စီနှိုပ်ပြီး အိပ်နေရာက ငုတ်တုတ် ထထိုင်လိုက်တာက နှစ်ယောက်သားပြိုင်တူ။ အစတော့ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး တအံ့တဩ။

ခဏကြာတော့ အနူ အနူချင်း အတိုမှန်း သိသွားပြီ။

ခုတင်ပေါ်ကနေ နှစ်ယောက်သား ဝုန်းခနဲဆင်းပြီး အိမ်သာဆီကို ပြေးကြတယ်။ ဦးမော်တာက ရှေ့က ဒေါ်ပန်ကာကနောက်က လက်တစ်ကမ်းအကွာက ပြေးလာတယ်။ ဒါနဲ့ ဒေါ်ပန်ကာက မမီနိုင်မှန်းသိတော့ ရှေ့ကပြေးနေတဲ့ ဦးမော်တာ့ ပုဆိုးကို ဆွဲချုတ်ခဲ့တယ်။

ဦးမော်တာကလည်း လျှင်တယ်။ ကျွတ်ကျသွားတဲ့ပုဆိုးကို လက်တစ်ဖက်နဲ့ ဆတ်ခနဲ ဆွဲကောက်လိုက်ပြီး သူ့ကိုကျော်တက်သွားတဲ့ ဒေါ်ပန်ကာ့ထဘီကို ကျန်လက်တစ်ဖက်နဲ့ လှမ်းဆွဲချုတ်တယ်။ ဒေါ်ပန်ကာကလည်း အပြေးကိုတော့ မရပ်ဘူး။ ကျွတ်ကျတဲ့ထဘီကို လက်နဲ့ဖမ်းထိန်းပြီး ဆက်ပြေးတယ်။

အိမ်သာတံခါးဝကို ပြိုင်တူရောက်တယ်။ ဝင်တော့လည်းပြိုင်တူ။ တံခါးကကျဉ်းကျဉ်းလေး။ နှစ်ယောက် က ပြိုင်တူဝင်နေတော့ တံခါးဝမှာ ညှပ်နေကြတယ်။





"ဒီကို ကျွန်မအရင်ရောက်တာ၊ တော်ထွက် . . . ဖယ်"

ဒေါ်ပန်ကာက ဦးမော်တာကို ကိုယ်လုံးနဲ့ တွန်းပြီး နောက်ကို ယက်ထုတ်တယ်။ ဦးမော်တာကလည်း တောင့်ခံထားလိုက်ပြီး . . .

"ငါအရင်ရောက်တာကွ၊ ထွက်ရမှာက မင်း . . . မင်းထွက်"

ဒေါ်ပန်ကာကလည်း မိန်းမဆိုပေမယ့် အားကသန်တယ်။ ဦးမော်တာ့ကို တစ်ဖက်တံခါးဘောင်နဲ့ ဖိညှပ်ထားလိုက်ရင်း . . .

"ကျွန်မ အရင်ရောက်တာ၊ ဒီမှာ ကြည့်ပါလား၊ ကျွန်မ ခြေထောက်တစ်ဖက်က အိမ်သာပေါ်ရောက်နေပြီ၊ အဲဒါကြောင့် တော်သာ နောက်ဆုတ် . . ."

"မဆုတ်ဘူးကွာ"

"ရှင် ဘယ်လိုယောက်ျားလဲ၊ မိန်းမအပေါ် ညှာတာမှုကို မရှိဘူး၊ လေဒီဖတ်စ်တဲ့ မကြားဖူးဘူးလား"

"ဟေ့ . . . ယောက်ျားလဲ ဖင်နဲ့ မိန်းမလည်း ဖင်နဲ့၊ ဘာမှ မဖယ်ပေးနိုင်ဘူး၊ ငါက ထွက်ကျတော့မှာ"

"ကျွန်မလည်း ထွက်ကျတော့မှာပဲ၊ ဒီမှာတော့နေပြီ"

"ငါက တော့ရုံတင်မကဘူး၊ ပြူတစ်ပြူတစ်တောင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီကွ"

"ရှင် ဖယ်လို့ပြောနေတယ်နော်"

"မဖယ်ဘူးကွာ . . ."

"တကယ်မဖယ်ဘူးလား"

"နိုးပါ . . . နိုးပါ"

ဒေါ်ပန်ကာက ဒေါ်သထွက်ထွက်နဲ့ ဦးမော်တာရဲ့ ခြေထောက်ကို တအားဆောင့်နင်းချလိုက်တယ်။

"ကယ်ဟယ် . . . မဖယ်ချင်ဦး"

"အား . . . လားလား၊ သေပါပြီဗျ"

ဦးမော်တာက ခြေထောက်နှိပ်ရင်း နောက်ဆုတ်သွားတယ်။ ဒီအခွင့်အရေးကို အပြည့်အဝအသုံးချပြီးတော့ ဒေါ်ပန်ကာက အထဲဝင်သွားတယ်။ တဗျင်းဗျင်းနဲ့ တွယ်နေတာများ မသိရင် ဆိုင်ကယ်လီဗာဆွဲနေသလိုပဲ။

ဦးမော်တာက အိမ်သာတံခါးကို တဘုန်းဘုန်းထုပြီး . . .

"ဟေ့ . . . အကြာကြီးလုပ်မနေနဲ့နော်၊ နှစ်တုံးလောက်ပါပြီးရင်ထွက်ခဲ့၊ ငါ တစ်လှည့်ဝင်ဦးမယ်၊ ပြီးမှ နင်ထပ်ဝင်၊ တစ်လှည့်စီပဲ၊ ကြားလား . . ."

xxx





"ဟဲ့ . . . မိထွေးထွေး၊ ဇော်ဝင်းမောင်၊ နှစ်ယောက်စလုံး ထခဲ့ကြပါဦး၊ မြန်မြန်လာ ဒီကို၊ ဟဲ့ နိုးပြီလား"

မနက်စောစောစီးစီး ဒေါ်ခင်ဥအသံက ရွာထဲ မှာ စီခနဲထွက်ပေါ်လာတယ်။ ဒေါ်ခင်ဥအသံကြောင့် အိပ်ရာ ထဲမှာ နှပ်ကောင်းနေတဲ့ ဇော်ဝင်းမောင်နဲ့ ထွေးထွေးက အပြင် ကို ပြေးထွက်လာတယ်။

ဒေါ်ခင်ဥက ဝိုင်းလယ်ခေါင်မှာ ထဘီတိုတိုဝတ်ပြီး ခါးကိုထောက်ရပ်နေတယ်။

"ဘာလဲ အမေရယ်၊ စောစောစီးစီး . . . ဝါး"

ထွေးထွေး အပျင်းကြောဆန့်ရင်း တစ်ချက်သမ်းဝေကာ မေးတယ်။ ဇော်ဝင်းမောင်ကလည်း ထွေးထွေးဘေး မှာ မျက်စိနှစ်လုံးကိုပွတ်ရင်း ငူငူကြီးရပ်နေတယ်။

ဒေါ်ခင်ဥက ဇော်ဝင်းမောင်ကိုကြည့်ကာ မြေကြီးပေါ်က အရာဝတ္ထုကို လက်ညှိုးထိုးရင်း . . .

"ဟဲ့ . . . ဇော်ဝင်းမောင်၊ ငမူး . . . ဒါ နင့်ပစ္စည်းမဟုတ်လား"

ဇော်ဝင်းမောင်က ဒေါ်ခင်ဥပြရာ ကြည့်ပြီး အလန့်တကြား နောက်ဆုတ်သွားတယ်။

"ဟာ . . . ချေး . . . ချေး(ချီး)ပုံကြီး"



www.burmeseclassic.com

www.burmeseclassic.com





"အေး . . . ဟုတ်တယ်၊ ချေးပုံမှ လူ ပါထားတာ မဟုတ်ဘူး၊ ရွာထဲက နွားနို့ညှစ်ရောင်းနေတဲ့ မတောင်ဆန်းတို့ ကိုမြဝင်းတို့အိမ်က မေထုံနွားမကြီးတောင် ဒီလောက်ကြီးအောင် မပါနိုင်ဘူး၊ ဒါ နင့်ပစ္စည်း မဟုတ်လား"

ဇော်ဝင်းမောင်က လက်တကာကာ ခြေတကာကာနဲ့ . . .

"ဟာ . . . မဟုတ်ပါဘူး အမေရယ်၊ ကျွန်တော် မပါပါဘူး"

"ဟဲ့ နင်မပါရင် ဘယ်သူပါမလဲ၊ ဒီအိမ်မှာ ယောကျ်ားသားဆိုလို့ နင်ပဲရှိတာ၊ ပြီးတော့ နင်က အမူးသမား၊ မနေ့ညက အရက်တွေ လူမှန်းသူမှန်းမသိအောင်သောက်ပြီး အိမ်သာထဲတောင် ရောက်အောင်မသွားနိုင်ဘဲ ဒီမှာတင် ကိစ္စပြီးထားတာ မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ညက နည်းနည်းပဲ သောက်လာတာပါ"

"အမလေး : . . နင့်စကားကြားရတာ ရယ်ချင်လွန်း လို့ ဟောဒီ ခင်ဥတို့က ကိုယ့်ချိုင်းကိုယ်တောင် ကလိ ထိုးပြီး ရယ်လိုက်ချင်သေးတယ်"





ဒေါ်ခင်ဥအသံက ကျယ်သထက်ကျယ်လာ တယ်။ ထွေးထွေးကလည်း ဧရာမချေးပုံကြီးကို ခပ်တွေတွေ စိုက်ကြည့်ရင်း . . .

"ဟုတ်ပါတယ် အမေရယ်၊ ညက ကိုဇော် နည်းနည်း ပဲ သောက်လာတာပါ၊ အရင်နေ့တွေက တအားမူးလာတာတောင် ဒီလိုမဟုတ်တာ၊ အခုကိစ္စက ကိုဇော်လုပ်တာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"အမလေးတော် . . . ဒါဆို ငါကပဲပါပြီး နင်တို့ကို လွှဲချနေတယ်လို့များ ပြောချင်သေးလို့လား၊ ညည်းသေချာအနံ့ခံကြည့်စမ်း၊ ဟောဒီချေးက အရက်နံ့ထွက်နေတာ အသိသာကြီး၊ ဘာမှ လာပြောမနေနဲ့၊ ငါအခု ပဲပြုတ်ရောင်းထွက်တော့မယ်၊ ငါ ပြန်လာရင် ဒီပစ္စည်းကို မမြင်ချင်ဘူး၊ ရှင်းထား . . . ဒါပဲ"

အဲဒီအချိန်မှာ ဝိုင်းထဲကို ဝင်လာတာက မိုက်ကယ်ထွန်းညို။ သူက တရားခံတော်တော်များရဲ့ ထုံးစံအတိုင်း သူ့ပြစ်မှုကျူးလွန်ထားတဲ့နေရာကို နောက်တစ်ခေါက်လာ ကြည့်တာ။

"ဘာတွေဖြစ်နေတာလဲ ဇော်ဝင်းမောင်ရဲ့ မနက်ခင်း အစောကြီး . . ."



www.burmeseclassic.com

www.burmeseclassic.com





"မသိပါဘူးဗျာ၊ ဟောဒီမှာ ဘယ်ကလေကဝ၊ အုတ်ကြားမြက်ပေါက်၊ ဝန်းထရုံသေးပန်း ထဘီစုတ် ခေါင်းအုံးတဲ့သူ ဖင်သရမ်းထားမှန်း မသိဘူး၊ စောစော စီးစီး ချေးတရားစီရင်ခန်း ဖွင့်နေရတာ၊ ဟွန်း . . . တရားခံများ မိလို့ကတော့လား၊ ငရုတ်ကျည်ပွေ့နဲ့ကို ဆော်ပစ်မယ်"

×××



# အခန်း ... (၁၃)

ခေါင်းစဉ် - နဖူးစာ

နေရာ - ရွာအပြင် တစ်နေရာ

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညို



တာရာဇော်



နော်လီထွန်းညို



www.burmeseclassic.com

www.burmeseclassic.com



တာရာဇော်က တစ်ဖက်ရွာကအပြန် ညောင်ကုန်းရွာထဲ ဝင်ကာနီးအရောက်လောက်မှာ ခြေလှမ်းတွေ တုန့်ခနဲရပ်သွားတယ်။ မလှမ်းမကမ်းမှာလာနေတာက နော်လီထွန်းညို။ ဟန်းဖုန်းကို မိုးပေါ်မြှောက်ကိုင်ပြီး ဖုန်းလိုင်းဖမ်း ရင်းလျှောက်လာနေတာ။ သူ့ဇောနဲ့သူဆိုတော့ တာရာဇော့်ကို မမြင်သေးဘူး။ သေချာတယ်။ ဒါညောင်ပင်ကြီးနားက ကုက္ကိုပင်ပေါ်သွားပြီး ဖုန်းဆက်တော့မှာ။

•တာရာဇော် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားတယ်။ ဒီကောင်မလေးနဲ့တွေ့ရင် အမြဲတမ်းတစ်ခုမဟုတ်တစ်ခုဖြစ်နေကျ။ အခုတစ်ခါတွေ့ရင်လည်း မဖြစ်ဘူးလို့ မပြောနိုင်ဘူး။ ဖြစ်လိုက်ရင် ကိုယ်ပဲခံရမှာ။ ဒီတော့ မတွေ့တာအကောင်းဆုံး။

ဒါကိုတွေးမိတော့ တာရာဇော်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်တယ်။ ဘာလုပ်ရမလဲ။ ဟိုသတ္တဝါမလေးကလည်း တဖြည်းဖြည်းနဲ့ နီးလာပြီ။ နောက်တော့ ကြံရာမရတဲ့အဆုံး အနီးအနားက ချုံတစ်ခုနောက် ဝင်ပုန်းနေလိုက်တယ်။ အသက်ကိုလည်း တတ်နိုင်သမျှ အောင့်ထားလိုက်တယ်။

×××



www.burmeseclassic.com

www.burmeseclassic.com





နေ့်လီထွန်းညိုက ဖုန်းလိုင်းဖမ်းရင်း မော့တော့ မော့တော့နဲ့ လမ်းလျှောက်လာတာဆိုတော့ ပတ်ဝန်းကျင်ကို သတိမထားမိဘူး။ သူမအာရုံက ဖုန်းထဲမှာပဲရှိတယ်။ ဖုန်းတစ်ခါ ပြောချင်တိုင်း ရွာပြင်ထွက်ရတာက တစ်ဒုက္ခ။

ဒီလိုနဲ့ လျှောက်လာရင်းကနေ တစ်နေရာအရောက်။

သူမခေါင်းမှာ လျော့တိလျော့ရဲနဲ့ စတိုင်လ်ထုတ်ပတ်လာတဲ့ ပုဝါလေးက လေနဲ့ပါသွားပြီးတော့ လမ်းဘေးက သစ်ပင်ပေါ်မှာ ငြိနေပါရောလား။

သူမက ပုဝါကို လှမ်းခုန်ဆွဲတယ်။ ဒါပေမယ့် သစ်ပင်ကမြင့်နေတော့ မမီဘူး။ သုံးလေးခါ အားစိုက်ခုန်ပြီးဆွဲပေမယ့်လည်း ဘယ်လိုမှကို မမီတာ။ အကူအညီတောင်းစရာလည်း တစ်ယောက်မှမတွေ့။

"ကျွတ် . . . စိတ်ညစ်လိုက်တာ"

သူမက စိတ်ပျက်လက်ပျက်နဲ့ မြေကြီးပေါ်မှာ ဆောင့်ကြောင့်ထိုင်ချလိုက်တယ်။ ပုဝါကိုမော့ကြည့်ရင်း အကြံထုတ်နေမိတယ်။

"ဘယ်လိုလုပ်ရပါ့မလဲ . . ."

နောက်တော့ ကြံရာမရတဲ့အဆုံး ခြေထောက်က





ဒေါက်ဖိနပ်ကို ချွတ်လိုက်တယ်။ ပြီးတော့ ပုဝါကို ဖိနပ်နဲ့ ပစ်ချလိုက်တော့တယ်။ လက်မှန်းလွဲသွားတော့ မထိဘူး။ ဒါနဲ့ နောက်တစ်ဖက်ထပ်ချွတ်ပြီး ပစ်တယ်။ ဒါပေမယ့် ဒီတစ်ချက်လည်း မထိပြန်ဘူး။

ဖိနပ်နှစ်ဖက်စလုံးက ချုံထဲကျကုန်ပြီ။ "ဖွတ်မရဓားမ,ဆုံး" ဆိုသလို အခုမှခက်ကရော။ ပုဝါလည်းမရ ဖိနပ်လည်း ပျောက်တော့မလားမသိ။ ကလေးတစ်ယောက်လိုတောင် အော်ငိုချင်သွားရတယ်။

ပုဝါက ထားလိုက်ဦး။ ပုဝါမပါလို့ ဘာမှမထူး ဘူး။ ဖိနပ်ကတော့ အရေးကြီးတယ်။ ဖိနပ်မပါဘဲ ရွာထဲကို ဘယ်လိုပြန်ဝင်မလဲ။ တွေ့တဲ့လူက ဟားမှာပေါ့။ ပြီးတော့ ရွာလမ်းက ရန်ကုန်လို ကတ္တရာလမ်းမဟုတ်ဘူး။ ဖုံတထောင်း ထောင်းထ,နေတာ။ နောက်ပြီး ဝက်ချေးပုံ၊ ခွေးချေးပုံ့က လည်းပေါပါဘိသနဲ့။ မတော် . . . နင်းမိမှဖြင့် . . .။

"အမယ်လေး . . . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဖိနပ်တွေပြန်ရှာမှဖြစ်မယ်"

×××



www.burmeseclassic.com

www.burmeseclassic.com





ချုံနောက်ကွယ်မှာ အခက်ကြုံနေရတာက သူ။ သူမရဲ့ ဒုတိယမြောက် ဒေါက်ဖိနပ်က သူ့နဖူးတည့်တည့်ကို လာမှန်တာ။ အီစလံဝေသွားတယ်။ ဒါပေမယ့် အသံမထွက်ရဲဘူး။ ရှိသမျှဘုန်းတွေလည်း နိမ့်ကုန်ပါပြီ။ သူမနဲ့တွေ့ရင် ဒီနဖူးက ကံကိုမကောင်းတာ။ ဘယ်လိုဝဋ်ကြွေးမှန်းကိုမသိ။

နဖူးကို အသာပွတ်ပြီး ငြိမ်နေစဉ်မှာပဲ သူမဆီက ရေရွတ်သံတစ်ခု ထွက်လာတယ်။

"မဖြစ်ဘူး . . . မဖြစ်ဘူး . . . ဖိနပ်တွေ ပြန်ရှာမှ ဖြစ်မယ်"

တာရာဇော် ခေါင်းနပန်းကြီးသွားတယ်။ သူမသာ ချုံထဲကိုဖြဲပြီး ဖိနပ်ရှာရင် သူ့ကို သေချာပေါက်တွေ့ တော့မှာ။ မတွေ့ချင်လို့ ရှောင်ပါတယ်ဆိုမှ တည့်တည့်တိုးတော့ မှာလေ။

ဒီတော့ ဘာမှထွေထွေထူးထူးစဉ်းစားမနေအားဘူး။ အနီးအနားက သူမရဲ့ ဒေါက်ဖိနပ်တစ်ဖက်ကိုကောက်ပြီး သူမဆီကို မှန်းပစ်ထည့်လိုက်တော့တယ်။

"ဟင် !"

သူမဆီက အလန့်တကြားဖြစ်သွားတဲ့ အသံတစ်သံထွက်လာတယ်။





"ဘယ် . . . ဘယ်သူလဲ"

သူမ အမေးသံက တုန်တုန်ယင်ယင်။

သူက ဘာသံမှ ပြန်မပေးဘဲ ကျန်နေတဲ့ နောက်ထပ်ဖိနပ်တစ်ဖက်ကိုပါ ပစ်ပေးလိုက်တယ်။ ပြီးမှ သူမဆီက အသံကို နားစွင့်မိတယ်။

"ဘယ်သူလဲ . . . ဘယ်သူလဲလို့ မေးနေတယ်နော်"

သူမအသံက တုန်တုန်ယင်ယင်ကြီး။ သူ့စိတ်ထဲမှာ ရယ်ချင်လာတယ်။ ဒါပေမယ့် ရယ်ချင်စိတ်ကို အသာထိန်းထားပြီး ငြိမ်နေလိုက်တယ်။

"မေးနေတယ်လေ၊ ဘယ်သူလဲလို့ မေးနေတယ်နော်"

သူမအသံက တုန်တုန်ရင်ရင်ကြီး။ သူ့စိတ်ထဲမှာ ရယ်ချင်လာတယ်။ ဒါပေမယ့် ရယ်ချင်စိတ်ကို အသာထိန်းပြီး ငြိမ်နေလိုက်တယ်။

"မေးနေတယ်လေ၊ ဘယ် . . . ဘယ်သူလဲလို့ဆို"

အဲဒီအခိုက် သူ့ခေါင်းထဲမှာ အကြံတစ်ခုက ဖျတ်ခနဲပေါ်လာတယ်။ ဒါနဲ့သူက ချုံထဲက သစ်ကိုင်းအမာတစ်ခုကို ကိုင်ပြီး ချုံကြီးတစ်ခုလုံးကို တဝေါဝေါနဲ့ လှုပ်ခါပစ်လိုက်တယ်။ မရှေးမနှောင်းမှာပဲ သူမဆီက အော်သံနက်ကြီးထွက်လာ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး . . . သရဲ . . . သရဲ"

ဘယ်လိုခြေလှမ်းမျိုးနဲ့ ထွက်ပြေးသွားသလဲတော့ မသိ။ ပုန်းနေရာကနေထွက်လာတော့ သူမကို အမြီးတောင် မမြင်ရတော့ဘူး။ လမ်းတစ်လျှောက်မှာတော့ ဖုံတွေက ထောင်းထောင်း ထ,ကျန်နေခဲ့တယ်။

×××





# အခန်း ... (၁၄)

ခေါင်းစဉ် - ရင်ထဲမှာ မွှေးတဲ့မီး

နေရာ - တာရာဇော်တို့အိမ်မှ ရွာလမ်းတလျှောက်

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညိုနှင့် ဒေါ်ပန်ကာ




BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



"သားရေ . . . တာရာဇော်၊ လာပါဦး ဒီကို၊ ဒီမှာ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့် သွားပို့ပေးပါဦး"

ရေချိုးပြီးအဝတ်အစားလဲနေတုန်းမှာပဲ ဒေါ်ပန်ကာခေါ်သံကြားတာနဲ့ ထွက်လာခဲ့လိုက်တယ်။ လက်ကနာရီကို ကြည့်တော့ နေတော်တော်မြင့်နေပြီ။ ဘုန်းဘုန်းဆွမ်းစားအမီ အမြန်သွားမှဖြစ်မယ်လို့ တွေးလိုက်မိတယ်။

"အမေ . . . ဒီချိုင့်လား"

"အေးအေး . . . ဟုတ်တယ်၊ မြန်မြန်လည်းသွားဦး၊ အခုလောက်ဆို ဘုန်းတော်ကြီးက ဆွမ်းဘုန်းပေးနေလောက်ပြီ"

"မီပါသေးတယ် အမေရ"

သူက ဆွမ်းချိုင့်ကို လက်ကဆွဲပြီး ခြံဝန်းထဲက နေခပ်သွက်သွက်ထွက်လာခဲ့ လိုက်တယ်။ ဒါကို အမေက နောက်ကနေ လှမ်းအော်သေးတယ်။

"ဟဲ့ . . . ဘုန်းကြီးကျောင်းမှာ တစ်နေကုန်မနေနဲ့ဦးနော်၊ ဆွမ်းပို့ပြီးရင်ပြန်လာခဲ့၊ နင့်ကို ဟိုဘက်ရွာ ခိုင်းစရာရှိသေးတယ်၊ ဟဲ့ . . . ပြောတာကြားရဲ့လား"

သူက နောက်ကို ပြန်မကြည့်ဘဲ လက်တစ်ဖက်ကိုသာ ထောင်ပြလိုက်တယ်။ နေကအတော်မြင့်နေပြီ။ အမြန်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သွားမှ။

သူက အတွေးနဲ့အတူ ခြေလှမ်းကို ခပ်သွက်သွက်နဲ့ မပြေးရုံတမယ် လှမ်းလိုက်တယ်။ သူတို့အိမ်က တစ်ပတ်ကို ဆွမ်းချိုင့် သုံးရက်ယူထားတာလေ။ နှစ်ရက်က အာရုံဆွမ်းဖြစ်ပြီးတော့ တစ်ရက်ကတော့ နေ့ဆွမ်း (မွန်းလပ်ဆွမ်း)။ ဒီနေ့က နေ့ဆွမ်းပို့ရတဲ့နေ့။

ဒီလိုနဲ့လျှောက်လာရင်း မယ်ပွေးတို့ အိမ်ရှေ့က အဖြတ် . . .

"ဟဲ့ . . . ဟဲ့ . . . တာရာ . . . တာရာ . . . ဟဲ့"

ဆိုတဲ့အသံနဲ့အတူ ခြံဝန်းကပြေးထွက်လာတာက ရန်ကုန်သူ နော်လီထွန်းညို။ တာရာဇော် မျက်လုံးပြူးသွားတယ်။ ဒီဟာမလေးနဲ့တွေ့ရင် ပြဿနာတစ်ခုမဟုတ်တစ်ခုက တက်နေကျ။ အခုလဲပြဿနာမတက်ရင်တောင် ဆွမ်းချိုင့်မီမှာ မဟုတ်တော့ဘူး။

ဒါကြောင့် သူကခြေလှမ်းကို နဂိုထက်ပိုပြီး ခပ်မြန်မြန်လျှောက်ပစ်လိုက်တယ်။ ဒါပေမယ့် ပြဿနာမလေးက ကျန်မနေခဲ့ဘူး။ ဒေါက်ဖိနပ်သံ တဂွပ်ဂွပ်နဲ့ ပြေးလိုက်လာတယ်။

"ဟဲ့ . . . တာရာ၊ နေပါဦးဟ၊ ငါ့ကိုစောင့်ပါဦး"





သူကလည်း မစောင့်ဘူး။ သူမက ခေါ်လေလေ၊ သူကခြေလှမ်းကို ပိုမြန်လေလေပဲ။ ဒါကို ရွာထဲက လူတစ်ချို့က ကွက်ကြည့်ကွက်ကြည့် လုပ်ကြတယ်။ မတတ်နိုင်။ အရေးစိုက်ဖို့လည်း အချိန်မရှိ။

"တာရာ၊ စောင့်ပါဦးလို့ဆို"

သူမကလည်း ဇွဲကောင်းကောင်းနဲ့ လိုက်လာတုန်း။ ခဲတစ်လုံးလောက် တက်နင်းမိပြီး မှောက်လဲပါစေလို့ စိတ်ထဲကနေ ဆုတောင်းလိုက်မိတယ်။

ဒါပေမယ့် သူ့ဆုတောင်းက မပြည့်ဘူး။ ဘုန်းကြီးကျောင်းနားရောက်ခါနီးအထိ ပါလာတုန်း။ ဒါ့ကြောင့် သူက သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်ပစ်လိုက်ရင်း သူမကို စကားပြန်ပြောဖို့အတွက် ခြေလှမ်းတွေကို ရပ်ပစ်လိုက်တယ်။

အဲဒီမှာတင်ပဲ . . .

×××

တာရာဇော်က ရှေ့ကနေ မပြေးရုံတမယ် သွားနေတော့ သူမက နောက်ကနေ ပြေးလိုက်ရတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားခြေလှမ်းနဲ့ မိန်းမခြေလှမ်းက ကွာတယ်လေ။

သူမက ဘယ်လောက်အော်ခေါ်ခေါ် သူက လှည့်မကြည့်ဘူး။ နော်လီထွန်းညိုကို ဒီလိုကျောလို့ ဘယ်ရမလဲ။ ဒီတော့ သူ မရပ်မချင်း တစ်လမ်းလုံး တကြော်ကြော်ခေါ်ပြီး လိုက်လာခဲ့လိုက်တော့တယ်။

သူကပဲ မသိချင်ယောင်ဆောင်နိုင်မလား။ ကိုယ်ကပဲ မီအောင်လိုက်နိုင်မလား ပြရသေးတာပေါ့။

အဲဒီလိုလိုက်လာရင်းကနေ ဘုန်းကြီးကျောင်းနားရောက်ကာနီး ကုန်းဆင်းတစ်ခုနားအရောက်ကျတော့ သူကရှေ့ကသွားနေရာကနေ ခြေလှမ်းတွေကို တုန့်ခနဲရပ်ပစ်လိုက်တယ်။

ပြောရရင်တော့ အဲဒီမှာ သွားတာပဲ။

သူမက နောက်ကနေ ရှက်ကုန်ဖွင့်ပြီးတော့ လိုက်လာတာလေ။ သူက အဲဒီလိုရပ်လိုက်မယ်မှ ထင်မထားတာကိုး။ သူကလည်း အဲဒီလိုရပ်လိုက်ရော သူမက ရုတ်တရက်ဆိုတော့ အရှိန်ကထိန်းလို့မရတော့ဘူး။ မြေကလည်း ဆင်ခြေလျှော ကုန်းဆင်းဆိုတော့ ရှေ့ကရပ်လိုက်တဲ့ သူ့နောက်ကျောကြီးကို ဘုန်းခနဲဝင်ဆောင့်မိတော့တယ်။

အဲဒီမှာ သူမက ရှေ့ကအခံနဲ့တွေ့လို့ အရှိန်တန့်





သွားပြီး ကိုယ့်ကိုယ်ကို ထိန်းလိုက်နိုင်ပေမယ့်လို့ သူကတော့ ဂေါက်တံနဲ့ ရိုက်ချလိုက်တဲ့ ဂေါက်သီးလိုပဲ ကုန်းဆင်းအတိုင်း ဝေါခနဲ ထိုးဆင်းသွားတော့တယ်။ လူကတခြား လက်ထဲက ဆွမ်းချိုင့်ကြီးကတခြား။

သူမကတော့ "သွားပြီ" ဆိုတဲ့အသိနဲ့ မျက်လုံးအပြူးသား။ ပါးစပ်အဟောင်းသားနဲ့။

BURMESE CLASSIC .com

×××

နောက်ကနေ ကျောကို ဘုန်းခနဲ အင့်ခနဲနေအောင် ဝင်တိုက်ခံလိုက်ရသောအခါ လူကဘယ်လိုမှ တောင့်ခံအရှိန်ထိန်း၍မရတော့ဘဲ ကုန်းဆင်းအတိုင်း ဒလိမ့်ကောက်ကွေး လိမ့်ဆင်းသွားရတယ်။ ထမင်းချိုင့်ကလည်း လက်ထဲက လွတ်ထွက်သွားတယ်။

ကုန်းဆင်းအောက်ခြေရောက်မှ ထမင်းချိုင့်ရော လူရောက ရပ်တန့်သွားတယ်။ ထမင်းချိုင့်က တစ်ခုစီ ပွင့်ထွက်မသွားပေမယ့် အထဲကဟင်းရည်တွေဆီတွေက ကုန်းဆင်းတစ်လျှောက် ဖိတ်စင်ကုန်ပြီ။ ဒါပေမယ့် အဲဒါက ပြဿနာမဟုတ်။ ပြဿနာက တစ်ကိုယ်လုံး ကိုင်ရိုက်လိုက်သလို နာကျင်အောင့်မျက်သွားခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဆတ်ခနဲ ပြန်ထကြည့်တယ်။ မရဘူး။ တံတောင်ဆစ်နဲ့ ဒူးတွေဆီက စပ်ဖျင်းဖျင်းနာကျင်မှုနဲ့အတူ သွေးတွေထွက်လာတယ်။

"ရ . . . ရရဲ့လားဟင်၊ ငါထူပေးရမလား"

သူမက ကုန်းဆင်းအတိုင်း ပြေးဆင်းလာရင်း ပြုံးပြုံးပျာပျာနဲ့ မေးတယ်။ အစက နာတာပဲသိပေမယ့် သူမကို မြင်မှ ဒေါသတွေက အလိပ်လိုက်တက်လာတယ်။ ဒင်းနဲ့တွေ့ရင် ပြဿနာက တစ်ခုမဟုတ်တစ်ခု ဖြစ်ပြီ။ ဖြစ်လိုက်တိုင်းလည်း ကိုယ်ပဲခံနေရတာ။ မိန်းကလေးတစ်ယောက်ဖြစ်နေပြီး ဒီလောက်ပျာယာခတ်ရသလား။

သူက သူမကိုဘာမှပြန်မပြောဘဲ ထကြည့်တယ်။ တန်းပြီးမတ်တပ်ရပ်လို့ မရပေမယ့် ငုတ်တုတ်ထိုင်လို့တော့ ရသွားတယ်။

"ငါထူပေးပါ့မယ်ဆို . . . လာပါဟာ"

သူမက သူ့လက်မောင်းတစ်ဖက်ကို လာတွဲတော့ သူက အဲဒီလက်ကို ပုတ်ထုတ်ပစ်လိုက်တယ်။

"ဖယ်စမ်းပါ ! "

ဒါပေမယ့် သူမက နောက်တစ်ကြိမ်လာတွဲပြန်တယ်။





"ငါထူပေးပါ့မယ်ဆို . . . လာပါဟာ"

သူက သူမလက်တွေကို နောက်တစ်ကြိမ်ပုတ်ထုတ်တွန်းဖယ်ပစ်လိုက်ရင်း . . .

"ဖယ်စမ်း၊ နင် ငါ့ကို မထိစမ်းပါနဲ့"

သူမမျက်နှာ ကွက်ခနဲ ပျက်သွားတယ်။ ဒါပေမယ့် ခဏလေးပါပဲ။ သူ့ကို အားနာသလို ကြည့်လာရင်းကနေ . . .

"ငါ . . . ငါတောင်းပန်ပါတယ်ဟာ၊ တကယ်ပြောတာပါ၊ ငါ့တမင်ရည်ရွယ်ပြီးတော့ လုပ်တာမဟုတ်"

"တော်စမ်းပါ၊ နင် ငါ့ကို ဘယ်လောက်အထိ ဒုက္ခပေးဦးမှာလဲ၊ ပြဿနာရှာလို့ မဝသေးဘူးလား၊ သွားဟာ၊ သွားစမ်း၊ နင် ငါနဲ့ ဝေးဝေးမှာနေစမ်း၊ နင့်အသံလည်း မကြားချင်ဘူး၊ နင့်မျက်နှာလည်း မမြင်ချင်ဘူး၊ သွား . . . သွားကွာ . . . သွား"

သူ့ဒေါသတို့က သူမကို မြင်နေရလေလေ ပိုပြီး ထွက်လာလေလေပင်။ ဒါပေမယ့် သူမကတော့ တုတ်တုတ်မျှ မလှုပ်။ သူ့ဘေးမှာ ပေကပ်ပြီး ရပ်နေဆဲ။ သူက သူမကိုမော့ကြည့်လိုက်ရင်း . . .

"ဘာလုပ်နေတာလဲ၊ နင့်ကို သွားလို့ပြောနေတာ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်။ ရပ်မြဲအတိုင်းပင် ရပ်နေဆဲ။ ဒီမှာတင်ပဲ သူ့ဒေါသတို့က ဂိတ်ဆုံးကို ဆောင့်တက်သွားတယ်။

"ကျွတ် . . . နင်မရှက်ဘူးလား၊ နင့်မှာ ရှက်တတ်တဲ့ စိတ်ရောရှိရဲ့လား . . . ဟမ်၊ ယောကျ်ားတစ်ယောက် နောက်ကနေ နာမည်ကိုတကြော်ကြော်ခေါ်ပြီး ရွာလမ်းတစ်လျှောက်လိုက်လာတာ မင်း မရှက်ဘူးလား၊ ငါ နား မပင်းဘူး၊ နင့်ခေါ်သံကို ကြားတယ်၊ မထူးချင်လို့ကို မထူးတာ၊ သဘောပေါက်လား၊ ဒါကို နင်လည်း သိမှာပဲ၊ ကိုယ်နဲ့ မပတ်သက်ချင်လို့ ရှောင်သွားတဲ့ သူစိမ်း ယောကျ်ားတစ်ယောက်နောက်ကို ဇွတ်လိုက်နေတာ နင် မရှက်ဘူးလား၊ နင့်မှာ မာနမရှိဘူးလား၊ ဒါ ရန်ကုန် မဟုတ်ဘူး၊ တောရွာ . . . နင့်ကို ပတ်ဝန်းကျင်က ဘာပြောမလဲ၊ မိန်းကလေးတစ်ယောက်လုပ်နေပြီး ဒီလောက်တောင် မစဉ်းစားတတ်ဘူးလား . . . ဟမ်"

သူက ဒေါသတွေရော၊ ဒဏ်ရာက နာနေတဲ့စိတ်တွေရော၊ စိတ်ရှုပ်နေတာတွေရော စသဖြင့် အားလုံးကိုရော ပေါင်းကာ သူမကို နောင်ကျဉ်သွားအောင် ပြောပစ်လိုက်တော့တယ်။

သူ့စကားတွေအဆုံး သူမမျက်နှာမှာ သူ လိုက်မမီ





တဲ့ အရိပ်အယောင်တွေ ဖြတ်ပြေးသွားတယ်။ ပြီးတော့ သူမပါး နှစ်ဖက်သို့ လိမ့်ဆင်းလာသော မျက်ရည်စီးကြောင်းနှစ်ခု။

နောက်တော့ သူမ . . . ချာခနဲလှည့်ကာ ပြေးထွက်သွားတယ်။ သူကတော့ နေရာမှာ ငုတ်တုတ်။

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၁၅)

ခေါင်းစဉ် - စိပ်ပုတီးနှင့် ရိပ်ကြီးခိုတော့မည်

နေရာ - အင်း . . . ညောင်ကုန်းရပ်ကွက်ထဲမှာပဲ ဆိုပါတော့

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညို၊ မိုက်ကယ်ထွန်းညို၊ ထနောင်းစိမ်း၊ ဒေါ်ပန်ကာနှင့် ပန်းနွယ်




www.burmeseclassic.com

www.burmeseclassic.com



သဲအလိမ်းလိမ်း ကပ်နေသော ဆွမ်းချိုင့်ကို ကိုင်ကာ ထော့ကျိုးထော့ကျိုးနဲ့ ပြန်လာသော သားဖြစ်သူကို ကြည့်ရင်း ဒေါ်ပန်ကာ မျက်လုံးပြူးသွားတယ်။

"ဟဲ့ . . . ဒါက ဘယ်လိုဖြစ်လာတာလဲ"

တာရာဇော်က ဆွမ်းချိုင့်ကို စားပွဲပေါ် တင်လိုက်ရင်း . . .

"ဘာဖြစ်လာတာလဲဆိုတော့ မြင်တဲ့အတိုင်းပဲ အမေ ရေ"

ဆိုကာ တန်းလျားမှာ ဝင်ထိုင်လိုက်တယ်။ ဒေါ်ပန်ကာက တာရာဇော့်လက်က ဒဏ်ရာအပွန်းအပဲ့တွေ ကို ကြည့်ရင်း . . .

"ဟဲ့ . . . နင် လဲလာတာလား"

"အင်း . . ."

"ဖြစ်ရမယ်၊ နင်လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ ပြောပါဦး၊ လဲရတဲ့ အကြောင်းရင်း"

"ဟို . . . ဟိုဟာ . . . ခွေး . . . ခွေးတိုးလို့"

"အလိုတော် . . . ခွေးတိုးလို့ လဲရတယ်လို့ပဲ၊ ကြုံကြုံဖန်ဖန်၊ ကြားလို့မှမကောင်း"

"အာ . . . အမေကလည်း ဒီမှာနာရတဲ့အထဲ အမေက ဗျစ်တောက် ဗျစ်တောက် ပြောဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com





“ဟဲ့ . . . နင်က ပြောစရာဖြစ်အောင် လုပ်လာတာကို၊ ငါ့မှာတော့ ဘုန်းဘုန်းဆွမ်းစားမီအောင် ချွေးတလုံးလုံးနဲ့ ချက်လိုက်ရတာ၊ အခုတော့ အလကားပဲ၊ ဘာကုသိုလ်မှမရဘူး၊ ဒီလိုဖြစ်မယ်မှန်းသိရင် ငါ့ဘာသာသွားပါတယ်၊ ပြီးတော့ နင့်ကို ငါက ဟိုဘက်ရွာကို အကြွေးတောင်းခိုင်းမလို့ဟာ၊ အခုတော့ ညနေမှပဲ နင့်အစ်မကို လွှတ်ရတော့မယ်”

ဒေါ်ပန်ကာက စိတ်ကုန်တယ်ဟူသောပုံစံနဲ့ တန်းလျားနောက်မှီကို မှီထိုင်လိုက်ရင်း ဆွမ်းချိုင့်ကြီးကို နှမြောတသစွာကြည့်နေတယ်။ တာရာဇော်က မိခင်ဖြစ်သူကို ကြည့်ရင်း . . .

“အမေ”

“ပြော”

“ကျွန်တော် ပဉ္စင်းခံတော့မယ်”

“ဟဲ့ . . . ဘယ်လိုဖြစ်ပြန်တာလဲ၊ နင်ပြောတော့ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်အောင် နေဦးမှာဆို”

“အခု မစောင့်ချင်တော့ဘူး၊ သင်္ကန်းဝတ်ချင်ပြီ၊ အဲဒါ အမေစီစဉ်ပေး၊ ဖြစ်နိုင်သမျှ မြန်မြန် ဝတ်ချင်တယ်”

ပြောပြီး သူက ထိုင်ရာမှထကာ အိမ်ထဲဝင်လာခဲ့





တယ်။ ခုတင်ပေါ်မှာ ထိုင်ရင်းကနေ သက်ပြင်းမောတစ်ခုကို ချမိတယ်။ မျက်လုံးထဲမှာ မြင်ယောင်လာတာက နော်လီထွန်းညို။ ပြီးတော့ မျက်ရည်စီးကြောင်းနှစ်ခု။ ငါ ပြောလိုက်တာ လွန်များသွားပြီလား။

ထူပူပြီးတော့ သူ ဘာတွေပြောပစ်ခဲ့လဲဆိုတာ ပြန်စဉ်းစားကြည့်မိတော့ ခပ်ရေးရေးပဲ မှတ်မိတော့တယ်။ သူက ခေါင်းကို အသာရမ်းကာ ခုတင်ပေါ်လှဲချပြီး မျက်လုံး တွေကို မှိတ်ထားလိုက်တယ်။

ငါမမှားပါဘူး။ ဒီဇာတ်လမ်းက ဒီလိုဖြတ်မှ ပြတ်မှာလေ။ ဟုတ်တယ်။ ငါမမှားဘူး။

xxx

ကသစ်ပင်ရွာကအပြန် ရွာထဲအဝင်မှာပဲ၊ မတွေ့ချင်တဲ့လူကို တွေ့လိုက်ရတဲ့အတွက် ထနောင်းစိမ်း သေချင်စော်နံသွားတယ်။ ရွာအဝင်လမ်းဘေးက ကျောက်တုံးကြီးပေါ်မှာ ခြေချိတ်ထိုင်ကာ ညနေမှောင်မှောင်ကြီးထဲ နေကာမျက်မှန်



www.burmeseclassic.com

www.burmeseclassic.com





အမည်းကြီးတပ်ပြီး ဂိုက်ပေကြမ်းနေတာက မိုက်ကယ်ထွန်းညို။

ထနောင်းစိမ်းက မမြင်ချင်ယောင်ဆောင်ပြီး ခေါင်းငုံ့သွားပေမယ့် မရဘူး။

"ဟယ်လို . . . မိုင်ဂဲ(လ်)"

ဆိုတဲ့အသံနဲ့အတူ ဒင်းက ဘေးနားရောက်လာတယ်။ ထနောင်းစိမ်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း . . .

"ဩော် . . . ကိုဗိုက်ကြီး"

"ဗျာ . . . ဗျာ . . . ဘယ်လို"

"ဩော် . . . လျှာ . . . လျှာလိပ်သွားလို့ပါ၊ ကို မိုက်ကြီးလို့ပြောတာ"

"အဲ . . . အဲလိုလုပ်ပါဗျာ . . . အောင်မယ်လေး၊ ကြက်သီးတောင်ထသွားတယ် . . . အဟီး"

ထနောင်းစိမ်းက တစ်ဖက်လှည့်ပြီး ပြုံးတယ်။ မိုက်ကယ်ထွန်းညိုက လက်ဖဝါးနှစ်ဖက်ကို စိတ်လှုပ်ရှားနေသလို ပွတ်ရင်း . . .

"ဘယ်ကပြန်လာတာလဲဟင်"

"ဟိုဘက်ရွာက အကြွေးတောင်းလာတာ"

"ဟုတ်လား . . . ဩော် . . . မယ်ပွေး ပြောပြဖူးတယ်၊ ထနောင်းတို့က အပေါင်ခံတာတို့၊ ငွေတိုးချေးတာတို့





လည်း လုပ်တယ်ဆို၊ အတော်ပဲ . . . ကိုယ်ကလည်း ပစ္စည်းတစ်ခု ပေါင်ချင်နေတာ"

"ဩော် . . . ဟုတ်လား၊ ဒါဆို အမေ့ဆီသွားလေ"

"နိုး . . . နိုး . . . ကိုယ်က ထနောင်းလေးဆီမှာ ပေါင်ချင်တာ"

ထနောင်းစိမ်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြန်ရင်း ဇာတ်လမ်းကတော့ စပြီလို့ စိတ်ထဲကနေ ရေရွတ်လိုက်တယ်။

"ကျွန်မက အပေါင်မခံဘူး၊ အဲဒီလိုကိစ္စတွေက အမေနဲ့မှ ပြီးတာ"

"ဟာ . . . ထနောင်းကလည်း၊ အခုကိစ္စက ထနောင်းနဲ့တင် ပြီးပါတယ်၊ ကိုယ်ပေါင်မှာက ဒီဟာလေ"

မိုက်ကယ်ထွန်းညိုက အရိုးပြိုင်းပြိုင်းထနေတဲ့ သူ့ရဲ့ဝဲဘက်ရင်အုံကို ပုတ်ပြတယ်။ ထနောင်းစိမ်းကလည်း ခေသူမှ မဟုတ်တာ။

"ဩော် . . . ကိုဗိုက် . . . အဲ . . . ကိုမိုက်ကယ်က အခုဝတ်ထားတဲ့ အကျီကို ပေါင်မှာလား"

"အိုး . . . နိုး . . . နိုး . . . ဝေးလိုက်တာ ထနောင်းရယ်၊ ဝေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဝေးပါဘူး၊ ကိုမိုက်ကယ်ကလည်း ဒီမှာ နီးနီးလေး ဟာကို"

ထနောင်းစကားကြားတော့ မိုက်ကယ်ထွန်းညို ကသိကအောက်နဲ့ ဆွေ့ဆွေ့ခုန်သွားတယ်။

"မနောက်ပါနဲ့ ထနောင်းရယ်၊ ကိုယ်က တကယ်ကြီး ခံစားနေရတာ"

"ဟုတ်လား၊ ပန်းကန်ပြားကြီးနဲ့ပေါ့"

"အင်းပေါ့၊ ဒီလောက်လောက်ကြီးတဲ့ ပန်းကန်ကြီး နဲ့ . . . အာ . . . မဟုတ်ပါဘူး၊ ကိုယ်ပြောတာက ရင်ဘတ်ကြီးနဲ့ ခံစားတာကိုပြောတာ"

"ဟင် . . . ဟုတ်လား၊ အဲဒါကို ပြောတာလား"

"Yes ! Yes ! ထနောင်းက သဘောပေါက်လွယ်ပါ တယ်၊ ဟဲ . . . ဟဲ . . . ဟဲ"

"ဒါပေမယ့် . . . ကိုမိုက်ရင်ဘတ်က သေးသေးလေး ဆိုတော့ ဘယ်လောက်မှ ဆံ့မယ်မထင်ပါဘူး"

"ရင်ဘတ်ကသေးပေမယ့် အထင်မသေးပါနဲ့ ထနောင်း ရယ်၊ ကိုယ့်ရင်ဘတ်က တာရှည်အသုံးခံပါတယ်"

"ဘာလဲ . . . ရေခဲသေတ္တာထဲ ထည့်ပြီးသုံးရမှာလား"

"အင်းပေါ့၊ ရေခဲတိုက်ထဲပို့လိုက်ရင် ပိုတောင်တာရှည်ခံ





သေးတယ်၊ အင် ! မဟုတ်သေးပါဘူး၊ ထနောင်းပြော တာနဲ့ ယောင်ကုန်ပြီ၊ မနောက်ပါနဲ့ ထနောင်းရယ်၊ ကိုယ်က ကိုယ့်ရဲ့ ဟောဒီဝဲဘက်ရင်အုံထဲက နှလုံးသား ကို . . ."

မိုက်ကယ်ထွန်းညို့စကားက တစ်ဝက်တစ်ပျက် နဲ့ ရပ်သွားရတယ်။ အကြောင်းက သူ့ရှေ့မှာ လူတစ်ယောက် က လာပိတ်ရပ်နေလို့။ အချိန်ကလည်းမှောင်လာပြီ။ နေကာ မျက်မှန်ကြီးကလည်း တပ်ထားတော့ လူကမကွဲဘူး။ ဒါနဲ့ နေကာမျက်မှန်လေးကို ဟန်ပါပါနဲ့ နဖူးပေါ် ဆွဲအတင် . . .။

"အောင်မလေး . . . သရဲ . . . သရဲ"

ဒီအခွင့်အရေးကို အသုံးချပြီးတော့ ထနောင်း စိမ်းက အသာလစ်ထွက်သွားတယ်။ မိုက်ကယ်ထွန်းညိုကလည်း လျင်တယ်။

"နေဦးလေ . . . ထနောင်း . . . ထနောင်း"

ဒါပေမယ့် လိုက်သွားလို့မရဘူး။ ပန်းနွယ်က လက်ကို ဆွဲထားရင်းကနေ . . .

"ဗို့ . . . ယောက်ျား ယောက်ျား . . . ဒါက ဘယ်ကို သွားလို့လဲ၊ များကို မထားခဲ့နဲ့လေ"

"အောင်မယ်လေး . . . ဒီအရှုးမနဲ့က တစ်မှောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားနော် . . . များကို ဘာအရှူးမလဲ၊ ဟိုတစ်နေ့ကတော့ များကိုလှုပ်ခိုင်းပြီး အခုမှ စားပြီး နား မလည်လုပ်နေတာလား"

"အင် ! "

"မအင်နဲ့၊ များကတော့ သူ့ကို ဒီနေရာလေးမှာ နေ့တိုင်းစောင့်နေရတာ၊ သူကတော့ အသစ်တွေ့လို့ အဟောင်းမေ့နေပြီပေါ့လေ၊ သွား . . . လူဆိုး"

ဆိုပြီး ပန်းနွယ်က မိုက်ကယ်ထွန်းညိုရဲ့ ရင်ဘတ်ကို လက်သီးဆုပ်ကြီးတွေနဲ့ ထုတယ်။ ထုတာကလည်း သာသာလေးမဟုတ်ဘူး။ အားနဲ့အင်နဲ့ ထုထည့်လိုက်တာဆိုတော့ သူ့ခင်မျာ ပက်လက်ကိုလန်ကရောပဲ။

xxx



# အခန်း ... [၁၆]

ခေါင်းစဉ် - လျှို့ဝှက်သော အပြုံး

နေရာ - မယ်ပွေးတို့အိမ်

ပါဝင်သူများ - နောလီထွန်းညိုနှင့် မယ်ပွေး





မယ်ပွေး

www.burmeseclassic.com

www.burmeseclassic.com



နော်လီထွန်းညိုတစ်ယောက် မျက်နှာကို သခွား သီးကပ်ပြီး ပေါင်းတင်နေတုန်းမှာပဲ မယ်ပွေးက ရေခပ်ရာကနေ ပြန်လာတယ်။ ရေအိုးထဲကရေကို စဥ့်အိုးထဲလောင်းထည့်ရင်းက နေ . . .

"ညီမလေးရေ . . . ညီမလေးနော်လီ၊ သတင်းထူးပါ တယ်၊ သတင်းထူး . . . သတင်းထူး"

လို့ လှမ်းအော်တယ်။ နော်လီထွန်းညိုက တန်း လျားပေါ်မှာ ပက်လက်လှန်ပြီး ပေါင်းတင်နေတာဆိုတော့ မျက် နှာပေါ် သခွားသီးတွေ ကွာကျကုန်မှာစိုးလို့ ဘာစကားမှ ပြန် မပြောဘူး။

ဒီအချိန်မှာ မယ်ပွေးက မပြောရရင်မနေနိုင် တော့တဲ့ဟန်မျိုးနဲ့ အနားရောက်လာတယ်။

"ညီမလေး . . . နင် ကြားပြီးပြီလား၊ ဟိုသတင်းကို"

နော်လီထွန်းညိုက နှုတ်ခမ်းလှုပ်တယ်ဆိုရုံလေးနဲ့

"ဘယ်သတင်းလဲ"

"တာရာဇော့်သတင်းလေ"

နော်လီထွန်းညိုက မျက်လုံးနှစ်ဖက်ပေါ်မှာ တင် ထားတဲ့ သခွားသီးတွေကို ဖယ်ပစ်လိုက်ရင်း . . .

"သူက ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“သူ ပဋ္ဌင်းခံတော့မယ်လေ”

နော်လီထွန်းညိုက ဝုန်းခနဲထ, ထိုင်ပစ်လိုက်ရင်း

“ဘာ ! ”

“အမယ်လေး ! လန့်လိုက်တာ၊ ဖြေးဖြေးသက်သာလုပ်ပါ ဟယ် . . . ”

“အာ . . . မပွေးကလည်း အဲဒါ အသာထားစမ်းပါ၊ အခုနက ဘာပြောလိုက်တယ်”

“တာရာဇော် ပဋ္ဌင်းခံတော့မယ်လို့”

“မဖြစ်နိုင်တာ . . . ”

“ဩော် . . . ဖြစ်နိုင်လို့ပဲ ဒီနေ့တောင် ဒေါ်လေးပန်ကာတို့ လင်မယား မိတ္ထီလာမြို့ပေါ်တက်ပြီး လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်နေပြီ”

“ပြောသံကြားတာတော့ တာရာဇော်က နှစ်ဆယ့်ငါးနှစ်ပြည့်မှ သင်္ကန်းဝတ်မှာဆို”

“အင်းလေ . . . ”

“အခု နှစ်ဆယ့်ငါး မပြည့်သေးဘူး မဟုတ်လား၊ ဘယ်လိုဖြစ်သွားတာလဲ”

“အဲဒါတော့ မသိဘူးလေ၊ ပဋ္ဌင်းခံမှာကတော့ သေချာတယ်၊ ရက်တောင်ရွေးပြီးနေပြီ၊ အခု လပြည့်နေ့တဲ့”







ပြောပြီး မယ်ပွေးက မောသွားသလိုနဲ့ စားပွဲပေါ်က ရေနွေးကရားထဲက ရေနွေးတစ်ခွက်ငှဲ့ပြီး သောက်လိုက်တယ်။ ပြီးမှ တစ်ခုခုကို သတိရသလိုနဲ့ . . .

“နေ . . . နေစမ်းပါဦး၊ တာရာဇော် ပဋ္ဌင်းခံမယ်ဆိုတာကို နင်က ဘာလို့ ဒီလောက်တောင် လန့်သွားရတာလဲ”

မယ်ပွေးအမေးကိုကြားတော့ နော်လီထွန်းညိုက နှုတ်ခမ်းထောင့်စွန်းတွေ ကော့တက်သွားတဲ့အထိ ပြုံးလိုက်ရင်း

“ဒါလား . . . ဒါက ဒီလိုရှိတယ်လေ”

လို့ ဆိုတယ်။

ပြီးတော့ သူမ ထပ်ပြုံးတယ်။

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၁၇)

ခေါင်းစဉ် - ရန်ကုန်သူ လှုပ်လေပြီ

နေရာ - ရွာဦးဘုန်းကြီးကျောင်းအတွင်း

ပါဝင်သူများ - အင်း . . . လူတွေပေါ့နော်

www.burmeseclassic.com

www.burmeseclassic.com





ဒီလိုနဲ့ တာရာဇော် ပဥ္စင်းခံမယ့်နေ့ကို ရောက်လာတယ်။ မနက်မလင်းခင်ကတည်းက ရွာဦးဘုန်းကြီးကျောင်းဆီက အသံချဲ့စက်နဲ့ဖွင့်ထားတဲ့ အလှူသီချင်းသံတွေက ရွာထဲမှာ ပျံ့လွင့်လျက်ရှိတယ်။ အကျွေးအမွေးကလည်း ဝက်သား သတ်သတ်လွတ်ဆိုတော့ တစ်ရွာလုံးက အပီဆွဲဖို့ အားခဲနေကြတာ။

မနက်လေးနာရီလောက်လည်းထိုးရော တစ်ရွာလုံးလိုလို နိုးနေကြပြီ။ မဏ္ဍပ်ထိုးထားတာကလည်း ဘုန်းကြီးကျောင်းထဲမှာပဲဆိုတော့ ကျောင်းထဲမှာလုပ်ကိုင်ကူနေကြတဲ့ လူတွေနဲ့ ဆူညံပွက်လောရိုက်နေကြတာ ပျော်စရာကြီး။

ကာလသားတွေက အမှိုက်လှည်း၊ ရေခပ်၊ တစ်ခြားရွာက ဘုန်းတော်ကြီးတွေကို အာရုံဆွမ်းကပ်ဖို့ သွားပင့်သူပင့်နဲ့ စသဖြင့် နေရာလပ်မကျန်အောင် ဝိုင်းဝန်းလုပ်ကိုင်ပေးကြသလို မိန်းကလေးတွေကလည်း ဘုန်းကြီးကျောင်းရဲ့ အနောက်ဘက်အခြမ်းက တလင်းပြင်ကြီးထဲမှာ မီးဖိုအသီးသီးနဲ့ ထမင်းချက်သူချက်၊ ရေနွေးအိုးမီးထည့်သူထည့်နဲ့ တပျော်တပါးကြီး။ ချက်ပြီးသားထမင်းတွေကိုကျတော့ ကျောင်းပိုင်ခုတင်ကြီးတွေပေါ်မှာ အသစ်ဝယ်ထားတဲ့ နီးချောဖျာကြီးတွေကို လေးဘက်လေးတန် ငုတ်တိုင်ထူပြီး ခင်းလဲခင်း၊ ကာလသား

www.burmeseclassic.com

www.burmeseclassic.com





ကာပြီး ထည့်ထားကြတယ်။

ရွာထဲက အသက်ကြီးကြီး ယောက်ျားသားတွေက ကျတော့ ဟင်းအိုးကိုင်ရတာ။ အရင်က ကြိုတင်ချက်ထားတဲ့ အသားဟင်းတွေကို ရာဝင်အိုးကြီးတွေနဲ့ ထန်းလျက်မီးဖို (ရွာအခေါ်) ကြီးတွေပေါ်မှာ ပြန်နွေးနေတာများ ကျောင်းဝန်းတစ်ခုလုံး အနံ့တသင်းသင်း။ အနံ့နဲ့တောင် သွားရည်ယိုချင်စရာ။

ချစ်စရာ့ တောခလေ့ ရွာခလေ့ဆိုတော့ အားလုံးက တာဝန်ကိုယ်စီ ခွဲဝေယူပြီး စ,ကြ၊ နောက်ကြရင်း တက်ညီလက်ညီ ပျော်ပျော်ပါးပါး လုပ်ကိုင်ကူကြတယ်။

အဲ . . . ဒီလိုလူတွေထဲမှာ နှမ်းဖြူးပြီး လိပ်ဥတူးနေတာက မိုက်ကယ်ထွန်းညို။ ထနောင်းစိမ်းနောက်ကို တကောက်ကောက်လိုက်ပြီး ဟိုဟာလေး လုပ်ကိုင်ကူသလိုလို ဒီဟာလေး လုပ်ကိုင်ကူသလိုလိုနဲ့ မျက်နှာယူနေတာ။ ကြာ တော့ ထနောင်းစိမ်းက မျက်စိနောက်လာတယ်။ ဒါနဲ့ ဟင်းချိုချက်တုန်းကပိုနေတဲ့ ကုလားမဲဆံတွေထဲက ရိုးဆီတစ်ပူးလောက်နဲ့ ဆန်တစ်ပူးလောက်ကို ဇကောတစ်ချပ်ထဲရောထည့်ပစ်လိုက်ပြီး ပြန်ရွေးခိုင်းထားလိုက်တယ်။

×××







ပဥ္စင်းခံပွဲက ညောင်ကုန်းရပ်ကွက်တစ်ခုလုံးကို ရွာလုံးကျွတ်ဖိတ်ပြီးတော့ ကျန်တဲ့ပတ်ဝန်းကျင်ရွာတွေကိုတော့ ကိုယ်နဲ့သိတဲ့ခင်တဲ့လူတွေလောက်ကိုပဲ ရွေးဖိတ်ဖိတ်ထားတာ။ ဒါတောင် ဘေးရွာကိုဖိတ်တဲ့ဦးရေက ငါးရာကျော် ခြောက်ရာနီးပါးလောက်ရှိတယ်။ တကယ့်အလှူကြီးပါပဲ။

ပဥ္စင်းခံမှာအဓိကလူက တာရာဇော်ဆိုပေမယ့် ဦးမော်တာ့ဘက်က အမျိုးတစ်ယောက်နဲ့ ဒေါ်ပန်ကာ့ဘက်က အမျိုးတစ်ယောက် စုစုပေါင်းသုံးယောက်ပေါ့။

တစ်မနက်ခင်းလုံး အကျွေးအမွေးနဲ့ ညှိခံပြီးတော့ နေ့လည်ဆယ့်တစ်နာရီလောက်မှာတော့ ပဥ္စင်းခံမယ့်သူတွေကို ရွာခလေ့အတိုင်း ဆံချပွဲလုပ်ကြတယ်။ ရှေ့နှစ်ယောက်ကို ဆံချတုန်းကတော့ အေးအေးဆေးဆေးပါပဲ။

အဲ . . . တာရာဇော်ဆံချစဥ်မှာတော့ . . .

×××





www.burmeseclassic.com

www.burmeseclassic.com





ရွာဦးကျောင်းရဲ့ ကျောင်းထိုင်ဘုန်းတော်ကြီး ဦးကုမာရက တာရာဇော့်ကို ဆံချပေးတော့ ဦးမော်တာနဲ့ ဒေါ်ပန်ကာက တဘက်တစ်ထည်ကို တစ်ဖက်တစ်ချက်က ဖြန့်ကိုင်ပြီး ဆံပင်တွေကို မြေမကျအောင်ခံယူကြရတယ်။

ဓာတ်ပုံဆရာက တဖျတ်ဖျတ်ရိုက်နေသလို မိတ္ထီလာမြို့ပေါ်ကနေ မှတ်တမ်းဗီဒီယိုရိုက်ကူးရေးလေးပါ ထည့်ထားတာဆိုတော့ ဘယ်ပြောကောင်းမလဲ။ ပဥ္စင်းဒါယိကာနဲ့ ပဥ္စင်းအစ်မအပါအဝင် တစ်ရွာလုံးကလူတွေက ဂိုက်ပေးကြမ်းနေကြတော့တာ။ ဓါတ်ပုံရိုက်တာက သူတို့အတွက် မထူးဆန်းတော့ပေမယ့်လို့ ဗီဒီယိုရိုက်တာကကျတော့ အသစ်အဆန်းတစ်ခုလေ။

ရွာမှာ အလှူအတန်းတွေ မင်္ဂလာဆောင်တွေ တစ်နှစ်တစ်နှစ် အများကြီးရှိပေမယ့်လို့ ဗီဒီယိုမှတ်တမ်းတင်ထည့်တာက ဒါပထမဆုံး မဟုတ်လား။ ဒီတော့ ဘယ်သူက ဂိုက်ပေးမကြမ်းဘဲ နေပါ့မလဲ။ အရင်ကဆို မင်းသားမင်းသမီးတွေကိုပဲ ဗီဒီယိုထဲမှာ မြင်ခဲ့ကြရတာ။ အခုဟာက ကိုယ့်ရုပ်ကိုယ် တီဗီထဲမှာပြန်တွေ့ရမှာလေ။ အဲဒီတော့ ရွာထဲမှာ ရှိသမျှလူတွေက တီဗီထဲမှာ ကိုယ့်မျက်နှာလေး တစ်ကွက်လောက်ပါဖို့ အရေးကို အရိုးကုန်အရေခမ်း ကြိုးစားကြတယ်။ အဆိုးဆုံးက





ပဲပြုတ်သည်ဒေါ်ခင်ဥပါပဲ။ မနက်လင်းကတည်းက ရိုက်ကူးရေးထဲ သူ့ပုံလေးပါသွားစေဖို့ကို အသည်းအသန်ကြိုးစားနေခဲ့တာ။ ရိုက်ကူးရေးအဖွဲ့ ထမင်းချက်တဲ့ဆီရောက်သွားရင် သူကလည်း နီးရာမီးဖိုတစ်ခုနားဝင်ထိုင်ပြီး မီးထိုးသလိုလို ထမင်းအိုးမွှေသလိုလိုနဲ့ ဂိုက်ပေးတယ်။ ရိုက်ကူးရေးအဖွဲ့က ထမင်းကျွေးတဲ့ ထမင်းရုံတွေဘက် သွားရိုက်နေပြန်ရင်လည်း ဒေါ်ခင်ဥက ရောက်သွားပြန်ရော။ အဲ . . . ရိုက်ကူးရေးအဖွဲ့က မဏ္ဍပ်ထဲရောက်သွားပြန်တော့လည်း မဏ္ဍပ်ထဲက မထွက်တော့တာ ဒေါ်ခင်ဥ။ လက်ဖက်ပွဲတည်သလိုလို ရေနွေးပွဲချပေးသလိုလိုနဲ့ ပေါ့လေ။ ဒါပေမယ့် ကင်မရာကြီးက သူ့ရှိရာကို တစ်ချက်မှ လှည့်မလာသေးတာကို ဒေါ်ခင်ဥက သိတယ်။ ကင်မရာသမားကလည်း ဒေါ်ခင်ဥကိုပဲ ရှောင်ရိုက်နေတယ် ထင်ရအောင်ကို လုပ်နေတာ။ တကယ်တမ်း ကင်မရာသမားကတော့ သူ့အာရုံနဲ့သူပါ။ ဒါပေမယ့် ကင်မရာသမားကို ဒေါ်ခင်ဥက အစာမကြေ ဖြစ်လာတယ်။ "ကျုပ်ကို တစ်ကွက်လောက်ထည့်ရိုက်ပေးစမ်းပါတော်" လို့ ပြောရအောင်ကလည်း မရဲဘူးလေ။ ဒီတော့ ငါးမရရင်နေ ရေတော့ချိုးပြန်မယ်လို့ စိတ်ကူးတယ်။ ဒီတော့ ရုပ်မပါချင် နေပါစေတော့ အသံလေးတော့ ပါကိုပါရမယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ အဲဒီအချိန်

www.burmeseclassic.com

www.burmeseclassic.com





ကစပြီးတော့ ဒေါ်ဥခင်မျာ ကင်မရာနားသွားသွားပြီးတော့ အော်တော့တာပဲ။

"ဟဲ့ . . . ကောင်မလေးတွေ ဒီမှာလက်ဖက်ပွဲမရောက်သေးဘူးလေ၊ ဘာလုပ်နေကြတာလဲ"

ဆိုတာမျိုး။

"ဟဲ့ . . . စန်းကျော်၊ သောက်ရေအိုးတွေထဲမှာ ရေမရှိတော့ဘူးလေ၊ သွားဖြည့်လိုက်ဦး"

ဆိုတာမျိုး။

"မယ်ပွေးရေ . . . ဆေးလိပ်ပွဲယူခဲ့ပါဦး"

ဆိုတာမျိုးတွေကို ကင်မရာနားရပ်ပြီးတော့ တစ်ဖုံ၊ ခပ်လှမ်းလှမ်းကတစ်မျိုး အသံကုန်ဟစ်ပြီးတော့ကို အော်တော့တာ။ ကြာတော့ ကင်မရာသမားနဲ့ မီးသမားက နားအူလာတယ် ထင်ပါရဲ့။ နားထဲမှာ ဂွမ်းစတွေ စို့ထားကြတယ်။

ဒေါ်ခင်ဥကတော့ မလျှော့ဘူး။ အော်တာပဲ။

×××



ဆံပင်တွေကို တဘက်နဲ့ခံရင်းကနေ ဦးမော်တာက ဒေါ်ပန်ကာ့ကို နားမလည်သလို ကြည့်နေမိတယ်။ ဒေါ်ပန်ကာ့ပုံစံက မျက်လုံးနှစ်ဖက်ကို မှိတ်လိုက်ဖွင့်လိုက်လုပ်နေရာကနေ အံကိုကြိတ်ထားသေးတာကိုး။ စိတ်ထဲမှာ ဘာဖြစ်နေပါလိမ့်ပေါ့။ ဒါပေမယ့်လို့ တာရာဇော့်ကို ဆံချပေးနေတဲ့ ဘုန်းတော်ကြီး ဦးကုမာရရှိနေသလို ဗီဒီယိုရိုက်တဲ့လူတွေလည်း ရိုက်နေတာဆိုတော့ မေးချင်ပေမယ့် မမေးဖြစ်သေးဘူး။ အသာပဲကြည့်နေလိုက်တယ်။ ဒါပေမယ့်ကြာတော့ မနေနိုင်တော့ဘူး။ ဒီတော့ ဦးမော်တာက နှုတ်ခမ်းလေးလှုပ်တယ်ဆိုရုံလေသံတိုးတိုးလေးနဲ့ . . .

"မပန်ကာ . . ."

ဒေါ်ပန်ကာက မကြားဘူး။ သူ့ အာရုံနဲ့သူ။

"မပန်ကာ . . . မပန်ကာ"

သုံးခါလောက်ခေါ်မှ ဒေါ်ပန်ကာက ဦးမော်တာ့ကို မျက်လုံးလှန်ကြည့်တယ်။ ပြီးတော့ အာရုံပျက်လိုက်တာဆိုတဲ့ ပုံစံမျိုးနဲ့ . . .

"ဘာတုန်း"

လို့ ခပ်အုပ်အုပ်ပြန်ထူးတယ်။

"မင်း ဘာဖြစ်နေတာလဲ"





www.burmeseclassic.com

www.burmeseclassic.com





"ဘာဖြစ်နေလို့လဲ . . . ကျွန်မက"

"မသိဘူးလေ၊ မင်းပုံစံက မျက်စိကို မှိတ်တုတ်မှိတ်တုတ် လုပ်နေပြီး အံကြိုးကြိတ်နေတာဆိုတော့ အိမ်သာများ တက်ချင်နေတာလားလို့"

"မတက်ချင်ပါဘူး"

"ဒါဆိုဘာဖြစ်နေတာလဲ"

ဒေါ်ပန်ကာက ရှင်တော်တော် တုံးပါလားဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်လိုက်ပြီးတော့ လေသံကို တိုးနိုင်သမျှ တိုးကာ နှုတ်ခမ်းကို လှုပ်တယ်ဆိုရုံလေးလှုပ်ပြီးတော့ ပြောလိုက်တယ်။

"မျက်ရည်ညှစ်နေတာ"

"ဘာ . . . ဘယ်လို"

"မျက်ရည်ညှစ်နေတာပါဆို"

"ဘာလုပ်ဖို့လဲ"

"ဟင်း . . . ရှင်တော်တော်တုံးတာပဲ၊ လေ့လာပါ လေ့လာပါဆိုတော့ အိပ်နေတယ်၊ အမေရိကန်သမ္မတ ဘယ်သူတုန်းဆိုတော့ အိုစမာဘင်လာဒင်တဲ့၊ ရှင် မကြားဖူးဘူးလား၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာဆိုရင် ဒီလို အခန်းမျိုးမှာ မိခင်လုပ်တဲ့လူက မျက်ရည်လေး ဘာလေး





ကျပေးရတယ်လေ"

"အင်းလေ . . . အဲဒါဘာဖြစ်လဲ"

"ဩော် . . . ခက်ပါပြီ၊ ကျုပ်လည်း အခုလို ဗီဒီရို ရိုက်နေတုန်းမှာ မျက်ရည်လေးဘာလေးကျပေးမှ ပြန်ကြည့်တဲ့အခါ ကောင်းမှာပေါ့၊ ရှင် မကြားဖူးဘူး လား၊ အကယ်ဒမီရွှေခ ဆိုတာ၊ အဲဒါကြောင့် ဒီမှာ မျက်ရည်တွေညှစ်ထုတ်နေတာ၊ မျက်ရည်မထွက်လို့ စိတ်တို့ရတဲ့အထဲ ရှင် အသာနေစမ်းပါ၊ မု ပျက်လိုက်တာ . . . တကယ်ပဲ"

ရိုက်ကူးရေးသမားတွေက ခပ်လှမ်းလှမ်းက ရိုက်နေတာဆိုတော့ မကြားရပေမယ့်လို့ အနားမှာကပ်နေတဲ့ ဘုန်းတော်ကြီး ဦးကုမာရနဲ့ တာရာဇော်ကတော့ ကြားတယ်။ ဦးကုမာရက ရယ်ချင်စိတ်ကို ထိန်းပြီးနေပေမယ့်လို့ တာရာဇော်ဆီကတော့ ခေါင်းငုံ့ထားရင်းကနေ ခွီးခနဲ ကြိတ်ရယ်သံထွက်လာတယ်။ ခဏကြာတော့ ရိုက်ကူးရေးက အခြားနေရာရောက်သွားပြီ။

ဒီလိုနဲ့ ခေါင်းဆက်ရိတ်နေရင်းကနေ တစ်ဝက်လောက် ရိတ်အပြီးမှာ အနားကို ပျာယီပျာယာနဲ့ ဦးထွန်းညို ရောက်လာတယ်။ ဦးထွန်းညိုက ဘုန်းတော်ကြီးကို ဒူးထောက်



www.burmeseclassic.com

www.burmeseclassic.com





ရှိခိုးလိုက်ရင်းမှ . . .

"ဘုန်းဘုန်းဘုရား၊ ခဏ . . . ခဏလေးရပ်ထားပါဦး ဘုရား၊ တပည့်တော်မှာ အရေးတကြီးကိစ္စရှိနေလို့ပါ"

"ဘာကိစ္စတုန်း ဒကာကြီးရဲ့"

"တင်ပါ့ဘုရား၊ တပည့်တော် ကိုမော်တာနဲ့ ဆွေးနွေးစရာလေးရှိလို့ပါ၊ တကယ်အရေးကြီးလို့ပါဘုရား"

ဒီလိုနဲ့ ဦးထွန်းညိုက ဦးမော်တာ့ကို တစ်နေရာ ခေါ်ထုတ်သွားတယ်။ ခေါင်းရိတ်နေတဲ့အနားမှာ ကျန်ခဲ့တဲ့သူတွေကတော့ ဘာပါလိမ့်ပေါ့။ အနီးအနားက စပ်စုနေတဲ့ သူတွေကလည်း ကွက်ကြည့်ကွက်ကြည့်နဲ့။

ဦးထွန်းညိုနဲ့ ဦးမော်တာကလည်း တော်တော်နဲ့ ပေါ်မလာတော့ဘူး။ အဲ . . . နာရီဝက်လောက်နေမှ နှစ်ယောက်သားမျက်နှာမသာမယာနဲ့ ပြန်လာတယ်။ ဒေါ်ပန်ကာက ဦးမော်တာ့ကို တစ်ချက်ကြည့်လိုက်ရင်း . . .

"ဘာကိစ္စလဲ ကိုမော်တာ"

ဦးမော်တာက ဒေါ်ပန်ကာ့ကို အသာခေါင်းရမ်းပြလိုက်ရင်း ဘုန်းတော်ကြီးရှေ့မှာ ဒူးထောက်လက်အုပ်ချီလိုက်ရင်းနဲ့ လျှောက်လိုက်တယ်။

"ဘုန်းဘုန်းဘုရား . . . ဒီနေ့ တပည့်တော်တို့ အမျိုး





နှစ်ယောက်ကိုပဲ ပဥ္စင်းခံပါတော့မယ်ဘုရား၊ တပည့်တော်သား တာရာ့ကို ပဥ္စင်းခံ မပေးတော့ပါဘူး"

"ဟေ ! "

ဘုန်းတော်ကြီးရဲ့ အာမေဋိတ်သံက အကျယ် ကြီး။ တာရာဇော့် မျက်စိနှစ်လုံးကလည်း သပိတ်လုံးလောက် ပြူးကျယ်ကျယ်သွားတယ်။

နောက်တော့ . . .။

xxx



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၁၈)

ခေါင်းစဉ် - ကောက်ရိုးပုံထဲက သပ္ပတ်အူ

နေရာ - တာရာဇော်တို့အိမ်၊ ရွာအပြင်ကုက္ကိုပင်အောက်နှင့် မယ်ပွေးတို့အိမ်

ပါဝင်သူများ - တာရာဇော်၊ ထနောင်းစိမ်း၊ ဦးမော်တာနှင့် ဒေါ်ပန်ကာ၊ နောက်ပြီးတော့ နော်လီထွန်းညိုနဲ့ မယ်ပွေး




www.burmeseclassic.com

www.burmeseclassic.com





ဦးမော်တာ့ စကားအဆုံးတွင် ဒေါ်ပန်ကာ တစ်ယောက်ရင်ဘတ်ဖိကာ ဘုရားတရတော့တယ်။ ထနောင်းစိမ်းကလည်း မောင်ဖြစ်သူကို မယုံကြည်နိုင်ခြင်းကြီးစွာနဲ့ ကြည့်လာတယ်။ တာရာဇော်ကတော့ အထိတ်တလန့်နဲ့ ထိုင်ရာမှ ဝုန်းခနဲထကာ လက်တကာကာဖြင့် . . .

"မဟုတ်ဘူးအဖေ၊ မဟုတ်ဘူးနော် အမေ၊ အစ်မကြီး ငါ အဲဒီလောက်မယုတ်မာဘူးနော်၊ ဒါလိမ်နေတာ၊ ငါ ဘာမှ မလုပ်ဘူးနော်"

ဦးမော်တာက တာရာဇော့်ကို စိတ်ပျက်သလိုပုံစံနဲ့ ကြည့်လိုက်ရင်း . . .

"ဟေ့ကောင် . . . ဒီကိစ္စသာ တကယ်မဟုတ်ရင် ကောင်မလေးက လိမ်နေတာလို့ မင်းက ပြောချင်တာလား၊ မင်း ယောကျ်ားပဲ၊ လုပ်ရင်လုပ်တယ်ပေါ့၊ အမှန်အတိုင်းဝန်ခံစမ်းပါ"

"မဟုတ်ဘူး . . . မဟုတ်ပါဘူး အဖေရာ၊ သားနဲ့ သူနဲ့ ဘာမှ မပတ်သက်ပါဘူး"

"ကျွတ် . . . အခုထိ ဘူးကွယ်နေတုန်း၊ ငါလုပ်လိုက်ရင် သေတော့မယ်"

ဦးမော်တာ့ လက်သီးက လေထဲကို ဝဲတက်



www.burmeseclassic.com

www.burmeseclassic.com





တယ်။ ဒေါ်ပန်ကာတ ဦးမော်တာနဲ့ တာရာဇော့်ကြားထဲကို ဝင်ကာလိုက်ရင်းက . . .

"ကိုမော် . . . အေးအေးဆေးဆေးဖြေရှင်းစမ်းပါရှင်၊ လက်တွေဘာတွေ မပါစမ်းပါနဲ့၊ ဒီကိစ္စကြီးက ရှင် သူ့ကို ထိုးလိုက်လို့ရော ပြီးသွားမှာတဲ့လား"

"မင့်သားကမှ ဝန်မခံတာ၊ မင်း မမြင်ဘူးလား၊ မင်းသား လုပ်ပုံ ဘယ်လောက်ရှက်စရာကောင်းလဲ၊ လူကြားလို့မှ မကောင်း၊ မိန်းကလေးတစ်ယောက်ကို ပန်းကောင်း အညွှန့်ချိုးပြီးမှ မယူဘဲနဲ့ ဘုန်းကြီးဝတ်ဖို့လုပ်တာ၊ ရွာထဲမှာ ငါ့မျက်နှာ ဘယ်လိုပြုရမှာလဲ"

ဦးမော်တာ့အသံက ခပ်အုပ်အုပ်ပြောနေရင်းက နေ တစ်ချက်တစ်ချက် ပွင့်ပွင့်ထွက်လာတယ်။

"တိုးတိုးပြောစမ်းပါ ကိုမော်တာရယ်၊ ရှင် လုပ်မှ တစ်ရွာလုံးသိကုန်တော့မှာပဲ"

"ဟ . . . ဒီကိစ္စက ဖုံးထားလို့ရတဲ့ ကိစ္စမှမဟုတ်တာ၊ ဒါ သာမန်ကိစ္စမဟုတ်ဘူးနော်၊ ကိစ္စမှ တကယ့်ကို အကြီးကြီးပဲ"

တာရာဇော်က ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း "အဖေ . . . သားက ဒီလိုလုပ်မယ့်သူလား၊ သား တကယ် သူနဲ့ ဘာမှ မပတ်သက်ပါဘူး အဖေရာ၊ သားကို ယုံစမ်းပါ"

"ဟိတ်ကောင် . . . ဘယ်မိန်းကလေးက ဒီလိုကိစ္စမျိုးကို အရှက်ကွဲခံပြီး ပြောမှာလဲကွ၊ ဟုတ်လို့ပြောတာပေါ့၊ မင်း . . . ယောက်ျားပီပီ ဝန်ခံလိုက်စမ်းပါ"

"သား . . . ယောက်ျားပါ အဖေ၊ ဒါပေမယ့် မဟုတ်တာကြီးကိုတော့ ဝန်မခံနိုင်ဘူး"

"ငါကွာ . . . ဒီကောင်ပြောနေရင်းကကို"

ဦးမော်တာက ထိုးမယ်လုပ်ပြန်လို့ ထနော်င်းစိမ်းကပါ ကြားဝင်ပြီး ဆွဲရတော့တယ်။

"အဖေ . . . စိတ်ထိန်းပါအဖေရယ်၊ လူကြားလို့ မကောင်းပါဘူး၊ တာရာ . . . နင်ထိုင်စမ်း၊ အဖေ. . . ထိုင်ပြောပါ အဖေရယ်၊ သမီးတို့ ခေါင်းအေးအေးထား ပြီး ဖြေရှင်းကြတာပေါ့"

တာရာဇော်က ဆက်တီခုံပေါ်ကို ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။ ဦးမော်တာကလည်း ဒေါသတွေကို အနိုင်နိုင်မြို့ချရင်း ထိုင်လိုက်တယ်။ ဦးမော်တာ့နားထဲမှာ ဦးထွန်းညိုပြောသွားတဲ့ စကားတွေက လှည့်ပတ်တိုးဝှေ့နေတယ်။ ဦးထွန်းညိုက ဦးမော်တာ့ကို လူရှင်းတဲ့နေရာကို ခေါ်







www.burmeseclassic.com

www.burmeseclassic.com







သွားပြီးတော့ . . .

"ပြောရမှာတော့ ရှက်စရာပဲဗျာ၊ ကျုပ်မျက်နှာ ဘယ်နားထားရမှန်းတောင် မသိတော့ပါဘူး၊ ဒါပေမယ့် မပြောလို့ကလည်း မဖြစ်ဘူးဆိုတော့ မျက်နှာပူပူနဲ့ပဲ ပြောရတော့မှာပဲ"

"ဘာကိစ္စမို့လို့လဲ ကိုထွန်းညို၊ ပြောမှာသာ ပြောစမ်းပါ"

"ဟင် . . . ဒီလိုဗျာ၊ ယောက်ျားချင်းပဲ၊ ကျုပ် လိုရင်းကိုပဲ ပြောတော့မယ်၊ ခင်ဗျားသားနဲ့ ကျုပ်သမီးနဲ့ ရည်းစားဖြစ်နေတာ ခင်ဗျားသိလား"

"ဗျာ ! ခင်ဗျားသမီးနဲ့ ကျုပ်သား ! "

"အင်း . . ."

"ဟုတ်လို့လားဗျာ၊ မဖြစ်နိုင်တာ"

"ဟုတ်တယ်၊ ကျုပ်လည်း ကြားကြားချင်း မယုံနိုင်ဘူး၊ ဒါပေမယ့် ဒါ တကယ်ပဲ ပြီးတော့"

ဦးထွန်းညိုက စကားကို ဆက်ပြီးပြောမထွက်သလို ရပ်ထားတယ်။ ဦးမော်တာ . . .

"ပြီးတော့ ဘာဖြစ်လဲ"

"ပြီးတော့ . . . ပြီးတော့ . . . သူတို့ . . . ဟိုဟာဗျာ၊ နယ်ကျွံပြီးကြပြီ"

"ဗျာ ! "

ဦးမော်တာ့ခေါင်းကို မိုးကြိုးပစ်ချတာ ခံလိုက်ရသလိုဖြစ်သွားတယ်။ ဦးထွန်းညိုကလည်း နဖူးကချွေးတွေကို လက်ဖမိုးနဲ့ ပွတ်သုပ်ပစ်လိုက်ရင်း ဘာဆက်ပြောရမှန်းမသိစွာ ငြိမ်သွားတယ်။ နှစ်ဦးသား ဘာစကားမှမပြောဘဲ ငြိမ်သက်မိနေကြပြီးမှ ဦးမော်တာ စပြီး သတိဝင်လာတယ်။

"ဟုတ်လို့လားဗျာ၊ ခင်ဗျားတို့ရောက်တာ တစ်လကျော်ကျော်လောက်ပဲရှိသေးတာ မဟုတ်လား၊ ဒီလောက်အချိန်တိုတိုအတွင်းမှာ ဒီလောက်ကြီးအထိဖြစ်သွားတယ်ဆိုတော့ကာ၊ အင်း . . . မဟုတ်သေးပါဘူး၊ ရည်းစားဖြစ်တယ်ဆိုတဲ့ အဆင့်လောက်အထိက လက်ခံပေးလို့ရတယ်၊ ဖြစ်နိုင်ချေရှိတယ်၊ ဒါပေမယ့် နောက်တစ်ဆင့်အထိတက်သွားတယ်ဆိုတာကတော့ ဟုတ်ရောဟုတ်ရဲ့လားဗျာ၊ ကျုပ်သားက အဲဒီလောက် အဖြစ်ရှိတဲ့ကောင် မဟုတ်ပါဘူး"

"ကျုပ်လည်း မယုံချင်ပါဘူးဗျာ၊ ကြားကြားချင်း ငယ်ထိပ်ကို မြွေပေါက်သလိုပါပဲ၊ ဒါပေမယ့် ကျုပ်သမီး ကိုယ်တိုင်ကပြောတာဗျ"





www.burmeseclassic.com

www.burmeseclassic.com





"ခင်ဗျား သမီးက !"

"ဟုတ်တယ်၊ တာရာဇော် ပဋိသန္ဓေ ခံတော့မယ်ဆိုကတည်းက မျက်နှာပျက်နေတာ၊ ညညဆိုလည်း တစ်ယောက်တည်း ကြိတ်ကြိတ်ငိုနေတယ်လို့ မယ်ပွေးက ပြောတယ်၊ ကျုပ်က ဘာဖြစ်တာလဲမေးတော့လည်း မဖြေဘူးလေ၊ ဒါနဲ့ သူ့အမေကို မိန်းမသားချင်းမေးခိုင်းရတယ်၊ ဒါတောင် သူက တော်တော်နဲ့ မပြောဘူး၊ မေးလွန်းမက မေးလွန်းတော့မှ အခုလေးတင် သူ့အမေကို ဖွင့်ပြောလိုက်တာ၊ ကျုပ်လည်း သိသိချင်း ဒီကို တန်းပြေးလာခဲ့တာပဲ"

ဦးမော်တာက သက်ပြင်းတစ်ချက်ကို စိတ်ရှုပ်ထွေးစွာချလိုက်ရင်း . . .

"ဟို . . . ကိုယ်ဝန်တွေဘာတွေများ"

ဦးထွန်းညိုက လက်နှစ်ဖက်ကို ရမ်းကာရင်း

"နေ . . . နေပါဦးဗျာ၊ အဲဒီအဆင့်လောက်ကြီးအထိ တွေးမပစ်ပါနဲ့ဦး၊ နယ်ကျွံတဲ့နေရာမှာတင်ပဲ တွေးပါဗျာ၊ ပြောရတာလည်း ရှက်ဖို့ကောင်းပါတယ်၊ သားသမီးက အသုံးမကျတော့ မိဘတွေ မျက်နှာပျက်ရတယ်"

"ကျုပ်ကတော့ ကျုပ်သား ဒီလောက်အထိ အဖြစ်ရှိလိမ့်မယ်လို့ ထင်ကို မထင်ထားတာဗျ"

"အဖြစ်ရှိတာ မရှိတာ အသာထား၊ အခု ခင်ဗျားသား က ပဋိသန္ဓေ ခံတော့မယ်၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"အို . . . ဗျာ . . . ဒီလိုဒီလိုတွေ ဖြစ်နေမှတော့ သူ့ကို ဘုန်းကြီးဝတ်ခိုင်းလို့ ရပါ့မလား၊ သူတို့နှစ်ယောက်ကို ပေးစားရတော့မှာပေါ့"

ဦးထွန်းညို့ စကားတွေက ဦးမော်တာ့နားထဲမှာ တဝဲလည်လည် လှည့်ပတ်နေတုန်း။ ဒေါ်ပန်ကာ့ထံက အသံထွက်လာမှ ဦးမော်တာ့စိတ်တွေက ခန္ဓာကိုယ်ကို ပြန်ကပ် တယ်။

"ကျုပ်လည်း အခုမှတွေးကြည့်မိတယ် ကိုမော်တာရဲ့၊ တာရာက အရင်တုန်းကပြောတော့ အသက်နှစ်ဆယ့်ငါးပြည့်ပြီးမှ သာသနာ့ဘောင်ဝင်မယ်လို့ ပြောထားတာလေ၊ အခုတလောကျမှ မြန်းစားဒိုင်းစားကြီး ပဋိသန္ဓေ ခံမယ်လို့ ဇွတ်ဖြစ်လာတာ ဘာဖြစ်လို့ပါလိမ့်လို့တွေးနေတာ၊ လက်စသတ်တော့ သူက ဒီပြဿနာကို ခေါင်းရှောင်ချင်လို့ကိုး"

ဒေါ်ပန်ကာ့ တွေးစချက်ထွက်လာမှပဲ တာရာ ဇော်ပိုပြီး မျက်လုံးပြူးရတော့တယ်။

"ဟာ . . . မဟုတ်ပါဘူးဆို အမေရာ၊ ဒါ . . .







www.burmeseclassic.com

www.burmeseclassic.com







ရန်ကုန်သူ တမင်သက်သက်ပြသနာရှာတာ"

"ဟော့ကောင် . . . တော်ပြီ မင်းဘာစကားမှ မပြောနဲ့တော့၊ ကြာရင် ငါ သတ်မိလိမ့်မယ်၊ ဒီတော့ ဒီတစ်လအတွင်း မင်းနဲ့သူ့ကို မင်္ဂလာဆောင်ပေးမယ်၊ ဒါပဲ"

ပြောပြီး ဦးမော်တာ့က ထိုင်ရာကထ,သွားတယ်။ ထနောင်းစိမ်းကလည်း ခေါင်းတရမ်းရမ်းနဲ့ သက်ပြင်းချပြီး မီးဖိုချောင်ထဲဝင်သွားသလို ဒေါ်ပန်ကာကလည်း အိမ်အပြင်ထွက်သွားတယ်။ ဒီနေရာမှာ ငုတ်တုတ်မေ့နေခဲ့တာက တာရာဇော်။ သူ့မျက်လုံးထဲမှာ နော်လီထွန်းညို့ပုံက ထင်ဟပ်လာတယ်။ နောက် စိတ်ရှုပ်သလို ခေါင်းကိုတဗျင်းဗျင်း ကုတ်ပြန်တယ်။ ဒီတော့မှ သူ သတိထားမိသွားတယ်။ အဲဒါက သူ့ခေါင်းက တစ်ခြမ်းက အပြောင်ရိတ်ထားပြီး တစ်ခြမ်းက နဂိုအတိုင်းဖြစ်နေတာပဲ။

"ကျွတ် . . . ဘာလဲကွာ၊ ဘာလဲ . . . ဘာလဲ"

တာရာဇော်က စိတ်ပျက်လက်ပျက်နဲ့ တိုနေတဲ့စိတ်တွေကို အနိုင်နိုင်ဆွဲဆန့်ရင်း နော်လီထွန်းညိုအလာကို ထိုင်စောင့်နေရတယ်။ ကုက္ကိုပင်ကြီးအောက်မှာ ချိန်းထားတာက နေ့လည် (၁)နာရီ။ ဒီလိုအချိန်က လူသွားလူလာ အရှင်းဆုံး။ အခု တစ်နာရီခွဲနေပြီ။ ရောက်မလာသေး။

"ကျွတ် . . ."

သူက စုတ်တစ်ချက်သပ်ရင်း စိတ်ပျက်ရင် လုပ်နေကျအတိုင်း ခေါင်းတစ်ချက်ကုတ်လိုက်ပေမယ့် ခေါင်းမှာက ဆံပင်တစ်မွေးမှ မရှိတော့။ ဒီတော့ ကတုံးပြောင်ခေါင်းကိုပဲ စိတ်ပြေနေကောင်းပွတ်နေလိုက်တော့တယ်။

ဒီလိုနဲ့ ဆက်စောင့်နေရင်းကနေ နောက်ထပ် ဆယ့်ငါးမိနစ်အကြာမှာတော့ သူမကို ရွာထဲကထွက်လာတာ တွေ့လိုက်ရတယ်။ လာနေတဲ့ပုံစံက ကမ္ဘာကြီးကတော့ သာသာယာယာပါပဲ ဆိုတဲ့ ဒီဇိုင်းနဲ့။ သူမကိုယ်သူမ ဘာပြဿနာမှ ရှာမထားတဲ့ အထာမျိုးနဲ့။

သူက သူမအနားရောက်လာမယ့် အချိန်ထိ သည်းခံပြီးစောင့်ပေးရတယ်။ သူမက အနားရောက်တယ်ဆိုရင်ပဲ . . .

"Hello ! နေကောင်းရဲ့လား"

"မကောင်းဘူး၊ နေလည်းမကောင်းဘူး၊ လလည်း မကောင်းဘူး၊ မင်းလည်းမကောင်းဘူး"

ဲတွေ့တွေ့ချင်း သူ့ရဲ့ ဘုစကားကို သူမက ဟာသတစ်ခုကို ကြားလိုက်ရသလို မျက်ခုံးနှစ်ဖက်ကို (တမင်တကာ) မြှင့်တင်ပစ်လိုက်ရင်း ခပ်ဟဟရယ်ကာ . . .





www.burmeseclassic.com

www.burmeseclassic.com





"ဘုရားရေ . . . ငါက ဘာတွေများ မကောင်းလို့လဲ"

လို့ ပြောလာတယ်။

သူက သူမရဲ့ အဲဒီပုံစံကို တော်တော် မြင်ပြင်း ကပ်သွားရကာ သူနဲ့ ဘေးတစောင်း အနေအထားရှိနေတဲ့ သူမကို ပခုံးနှစ်ဖက်ကနေ မိမိဘက်ကို ဆွဲယူလှည့်ပစ်လိုက်ကာ . . .

"မင်း မကောင်းတာ မင်းသိမှာပေါ့၊ ဒီပြဿနာကို မင်းပဲ စပြီး မီးညှိခဲ့တာလေ"

"အို ! (စာစာကလို မျက်ခုံးတွေကို တမင်မြှင့်ပစ်ရင်းက) ကျွန်မဘာလုပ်လို့လဲ"

"ဟော့ကောင် . . . လူတစ်ယောက်ရဲ့ သည်းခံနိုင်စွမ်းက အတိုင်းအတာရှိတယ်နော်၊ ကြာလာရင် ငါ ဒီထက်ပိုပြီး ဒေါသထွက်လာလို့ကတော့ မြင်လား၊ ဒီမှာ လက်သီး၊ မိန်းကလေးတွေဘာတွေ ရွေးနေမှာ မဟုတ်ဘူးနော်"

သူမရဲ့ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်က အပေါ်ကို ကော့တက်သွားတယ်။

"နင် . . . ငါ့ကိုချိန်းတာ လက်သီးကောင်းကြောင်း ကြွားမလို့လား၊ ငါက အသီးတော်တော်များများ ကြိုက်





ပါတယ်၊ စားလည်းစားဖူးတယ်၊ ဒါပေမယ့် လက်သီးတော့ စားလည်းမစားဖူးဘူး၊ ကြိုက်လည်း မကြိုက်ဘူး"

"စိတ်ချ . . . သိပ်မကြာခင် စားရစေမယ်၊ ပြော . . . မင်းဘာလို့ မဟုတ်တာတွေ လျှောက်ပြောရတာလဲ"

"ရော် . . . ဘာပြောမိလို့လဲ"

"မင်း ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့နော်၊ မင်းပဲ မင်းမိဘတွေကို မင်းနဲ့ငါ ရည်းစားဖြစ်ပြီး . . . ကျွတ် ပြောရရင် မကောင်းရှိတော့မယ်"

"ဩော် . . . အဲဒါလား၊ ဟုတ်တယ်လေ၊ ပြောလိုက်တယ်၊ အဲဒါ ဘာဖြစ်လဲ"

"ဟ . . . မင်းနဲ့ငါ့ရဲ့ကြားမှာ ဘာမှမှ မရှိခဲ့တာ၊ မင်းဘာလို့လျှောက်ပြောရတာလဲ"

သူမ မျက်နှာက မခိုးမခန့်ပုံစံကနေ ဖျတ်ခနဲ တည်သွားတယ်။ ရုပ်တစ်မျိုးကနေ နောက်တစ်မျိုးကို ချိန်းသွားပုံက ကြက်သီးထဖို့တောင် ကောင်းတယ်။ သူမက ရုပ်ကို အဲဒီလို တည်ပစ်လိုက်ရင်းကနေ သူ့ကို ကျောပေးရပ်လိုက်ကာ . . .

"အဲဒါ ကလဲ့စားချေတာလေ"

"ဘာ !"



www.burmeseclassic.com

www.burmeseclassic.com







"ကလဲ့စားချေတာလို့"

"နေစမ်းပါဦး . . . ငါက မင်းကို ဘာများလုပ်လို့ မင်းက ဘာကို ကလဲ့စားချေရတာလဲ"

"နင်လည်း မေ့တတ်တာပဲကိုး၊ နင် ဆွမ်းချိုင့်မှောက်သွားတဲ့နေ့က ငါ့ကို ပြောခဲ့တဲ့ စကားတွေကို မေ့သွားပြီလား၊ အေးလေ . . . နင်က ပြောတဲ့လူကိုး၊ ငါက ခံရတဲ့လူဆိုတော့ မမေ့ဘူး"

သူ ဘာမှ ပြန်မပြောနိုင်။ စိတ်တွေက အဲဒီနေ့ကို ပြန်ရောက်သွားတယ်။ သူ ဘာတွေပြောပစ်ခဲ့သလဲ။ စဉ်းစားလို့မရတော့။ အဲဒီအချိန်တုန်းက စိတ်တွေရှုပ် သွေးဆူပြီး ပြောပစ်ခဲ့မိတာဆိုတော့ ဘာတွေ ပြောပစ်ခဲ့မှန်းကို မသိ။ ဒါပေမယ့် နည်းနည်းလွန်သွားတယ်ဆိုတာကိုတော့ သိတယ်။

"အဲ . . . အဲဒါက"

"နင်ပဲ ပြောခဲ့တာလေ၊ ငါက အရှက်မရှိဘူးဆို၊ အရှက်မရှိတဲ့သူတစ်ယောက်က ဒါမျိုးလုပ်တာ ဆန်းလို့လား"

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားတယ်။ သစ်ရွက်တွေကို လေတိုးလို့ တဖျတ်ဖျတ်လှုပ်ခတ်မြည်သံကလွဲရင် သူမထံက ဘာစကားမှ ထွက်မလာတော့သလို သူကလည်း ဘာစကားမှ မပြောမိ။ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်



သွားကြတယ်။

ငါးမိနစ် . . .

ဆယ်မိနစ် . . .

ဆယ့်ငါးမိနစ် . . .

ပထမဆုံး သတိပြန်ဝင်လာတာက သူ။ သူက သူ့ကို ဘေးတစောင်းအနေအထားပေးပြီး အဝေးကို ငေးရပ်နေတဲ့ သူမကိုကြည့်လိုက်ရင်း . . .

"ဒါပေမယ့် အခု မင်းနဲ့ငါ့ကို လူကြီးတွေက ပေးစားတော့မယ်လေ၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ"

သူမက သူ့ဘက်ကို ဖျတ်ခနဲ လှည့်လာပြန်တယ်။

"နင်သိပါတယ်၊ ငါက စဉ်းစားဉာဏ်မရှိဘူးဆိုတာ၊ အဲဒီတော့ စဉ်းစားဉာဏ်ရှိတဲ့သူပဲ ရှင်းပေါ့၊ ဟုတ်တယ်မှုတ်လား"

ပြောပြီး သူမက ရွာထဲဘက်ဆီဦးတည်ပြီး ပြန်သွားတယ်။ သူ့မှာသာ သက်ပြင်းတွေနဲ့ . . .။

×××



www.burmeseclassic.com

www.burmeseclassic.com





သူမအိမ်ပြန်ရောက်ပြီး သူမနဲ့မယ်ပွေးအိပ်တဲ့ အခန်းထဲကအိပ်ရာပေါ် ပစ်လှဲချလိုက်စဉ်မှာပဲ မယ်ပွေးက အခန်းထဲဝင်လာတယ်။

"ညီမလေး . . . ပြန်လာပြီလား"

"အင်း . . ."

"ဘာတွေပြောဖြစ်ခဲ့ကြလဲ"

"ဟိုအကြောင်းပဲပေါ့"

မယ်ပွေးက ထိုင်နေရာကနေ ဖျတ်ခနဲထပြီး တော့ အခန်းအပြင်ကို ခေါင်းပြူကာ လူရိပ်လူချည်ကို ကြည့် တယ်။ စိတ်ချရလောက်တဲ့ အနေအထားရှိမှ အခန်းလိုက် ကာစကို ဆွဲပိတ်ကာပစ်လိုက်တယ်။

ပြီးမှ နော်လီထွန်းညို့ အနားကို ပြန်လာကာ

"ညီမလေးကို အစ်မမေးစရာရှိတယ်၊ လူမလစ်လို့ မမေးရတာ၊ အခုမေးမလို့"

"ဘာလဲ . . . မေးလေ"

"အစ်မသိသလောက်တော့ ညီမလေးနဲ့တာရာဇော်နဲ့ ဘာမှမဖြစ်ကြဘူးလေ၊ အဲဒါကို ညီမလေးက ဘာလို့ လိမ်ပြောရတာလဲ"

သူမက ပြုံးလိုက်ရင်း . . .





"မမပွေးက ဘယ်လိုထင်လို့လဲ"

"မထင်တတ်လို့ပေါ့၊ ထင်တတ်ရင်မေးပါ့မလား"

နော်လီထွန်းညိုက ပက်လက်လှန်အိပ်နေရာက နေ ထထိုင်လိုက်ရင်း . . .

"နောက်ကျရင် မမပွေးသိရမှာပါ၊ အခုတော့ မပြော ချင်သေးဘူး၊ နည်းနည်းတော့ရှုပ်တယ်"

"ဟုတ်လား၊ ဘယ်လိုရှုပ်တာလဲ"

"ဩော် . . . နောက်မှပြောပြပါ့မယ်ဆိုနေတယ်၊ ဒီကိစ္စကို မမပွေး ဘယ်သူ့ကိုမှ သွားမပြောနဲ့နော်၊ ညီမလေး လိမ်ထားတာ ဒယ်ဒီတို့သိလို့ မဖြစ်ဘူး"

"အင်းပါ . . . နားလည်ပါတယ်၊ နားမလည်တာက လိမ်ရတဲ့အကြောင်းရင်းကို၊ တာရာဇော်ခင်မျာ၊ ဘုန်း တော်ကြီးတောင်မဝတ်ရရှာတော့ဘူး၊ အခု နည်းနည်း လေးလောက်ပြောပြလို့ မဖြစ်ဘူးလား"

"ရော် . . . နောက်မှပြောပြပါ့မယ်ဆိုနေ၊ ဘယ်လို ဖြစ်နေတာလဲမသိဘူး"

မယ်ပွေးက ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းကို ကုတ် လိုက်ရင်း . . .

"အဟီး . . . အရမ်း စိတ်ဝင်စားနေလို့"



www.burmeseclassic.com

www.burmeseclassic.com





ဆိုပြီး ထိုင်ရာက ထထွက်သွားတယ်။ ဒါပေမယ့် သိပ်မကြာဘူး။ အခန်းထဲကို ပြန်ဝင်လာကာ . . .

"ညီမလေး . . . လူကြီးတွေက ညီမလေးတို့ကို ပေးစား တော့မှာလေ၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်ဘူး"

"ဒါဆို ! "

"ယူလိုက်ယုံပေါ့"

"ဘုရားရေ ! "

×××



# အခန်း ... (၁၉)

ခေါင်းစဉ် - သားသားဘာမှ မလုပ်ရပါ

နေရာ - မယ်ပွေးတို့အိမ်

ပါဝင်သူများ - နှစ်ဖက်မိသားစု






www.burmeseclassic.com

www.burmeseclassic.com





“ကဲ . . . ကျုပ်တို့လိုရင်းကိုပဲ ပြောရအောင်၊ သူတို့နှစ်ယောက်ကို ဘယ်တော့ပေးစားကြမလဲ”

ဦးမော်တာရဲ့ စကားအဆုံး တာရာဇော်က “ဖေဖေ” ဆိုပြီး တစ်ခုခုပြောဖို့ ပြင်ပေမယ့် သူ့ပါးစပ်က ‘ဖေ’ တစ်လုံးပဲထွက်ရသေးတယ် . . . ဦးထွန်းညိုက ထိုင်ရာက ဝုန်းခနဲထပြီး . . .

“အမြန်ဆုံးပေးစားရမှာပေါ့ဗျ၊ ဒီကိစ္စက အချိန်ဆွဲလို့မှ မဖြစ်တာ”

လို့ ဆိုတယ်။

ဒေါ်နော်လီကလည်း ယောက်ျားဖြစ်သူရဲ့စကားကို ခေါင်းတဆတ်ဆတ်ညိတ် ထောက်ခံရင်း . . .

“ဟုတ်တယ် . . . ဟုတ်တယ်၊ ဒီမင်္ဂလာဆောင်က မြန်နိုင်သမျှ မြန်လေကောင်းလေပဲ၊ ကျွန်မတို့က သမီးရှင်ဆိုတော့ တစ်ခုခုဆို ကျွန်မတို့ပဲနစ်နာမှာ”

ဒါကို ဒေါ်ပန်ကာက မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း . . .

“ဟုတ်ပါပြီ၊ ကျွန်မတို့ကရော အချိန်ဆွဲမယ် ပြောနေလို့လား၊ ကျွန်မတို့ကလည်း ဟောဒီရွာမှာ နာမည်တစ်လုံးနဲ့ ဂုဏ်သိက္ခာရှိရှိ၊ အဆင့်အတန်းမြင့်မြင့်၊ အထက်တန်း

www.burmeseclassic.com

www.burmeseclassic.com





ကျကျနေလာတာပါ။ ဒါပေမယ့် ကလေးတွေ ဘယ်လို စိတ်ကူးထားတယ်ဆိုတာတော့ မေးကြည့်ရဦးမှာပေါ့"

"အို . . . သူတို့ဆန္ဒကို ဘာမေးနေစရာလိုလဲ၊ လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်တာကို လက်ခံရမှာပေါ့"

"ကျွန်မကရော ဘာပြောနေလို့လဲ မနော်လီရဲ့၊ ကျွန်မပြောတာက ကလေးတွေ မင်္ဂလာဆောင်ကို ဘယ်လိုဆောင်ချင်တယ်ဆိုတာကို မေးဖို့ပြောတာ"

"အို . . . ကျွန်မကတော့ ရန်ကုန်ပြန်ပြီး Sedona မှာပဲဖြစ်ဖြစ် Trader မှာပဲဖြစ်ဖြစ်ဆောင်ချင်တယ်"

"အမယ်လေး . . . ဒါတော့ ကျွန်မလက်မခံနိုင်ဘူး၊ ကျွန်မကတော့ မင်္ဂလာဆောင်ကို ဒီမှာပဲလုပ်ပေးမယ်"

"ဒါတော့ ဘယ်ဖြစ်မလဲ မပန်ကာရဲ့၊ ကျွန်မတို့က ရန်ကုန်မှာ အသိုင်းအဝိုင်းကြီးကြီးနဲ့နေတာ၊ ကျွန်မသမီးရဲ့ တစ်သက်မှတစ်ခါ မင်္ဂလာဆောင်ကို ဒီလိုတောရွာလေးမှာပဲ ဖြစ်သလိုမပြီးလိုက်နိုင်ပါဘူး၊ ပြီးတော့ . . . ဒီမှာ မင်္ဂလာဆောင်ရအောင် Hotel မှ မရှိတာ"

"နေစမ်းပါဦး၊ ရှင်ကရော ဒီရွာမှာမွေးတာ မဟုတ်လို့လား . . . ဘဝမမေ့စမ်းပါနဲ့၊ ဆီးသီးသည်မဖျိုင်းဆိုတာ





ရာဇဝင်ထဲမှာပဲရှိတယ်ထင်နေတာ၊ အပြင်မှာလည်း ရှိနေတာပါလား၊ နောက်ပြီးတော့ Hotel တဲ့၊ ဘာ Hotel လဲ၊ မြို့ကလူတွေ Hotel မှာ မင်္ဂလာဆောင်တယ်ဆိုတာက ရှင်တို့လို တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ တစ်မိသား-စုလုံး စုပြုံနေပြီး ခြေချစရာမြေမရှိတဲ့လူတွေသာ မင်္ဂလာမဏ္ဍာပ်ထိုးဖို့ အိမ်ဝိုင်းမရှိလို့ Hotel မှာ သွားဆောင်ရတာ၊ ကျွန်မတို့ အိမ်ဝိုင်းကို ကြည့်လိုက်စမ်းပါ၊ မင်္ဂလာဆောင်ဆယ်ခုလောက်ကို တစ်ပြိုင်တည်း လုပ်ပစ်လိုက်လို့ရတယ်"

"ရှင် . . . စကားကို ဒီလို လက်လွှတ်စပယ်မပြောပါနဲ့၊ ရန်ကုန်ကို လိုက်ကြည့်လှည့်စမ်းပါ၊ ကျွန်မတို့အိမ်ဝိုင်း ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ ပြချင်လို့၊ ပင်လယ်ကို မမြင်ဘူးပဲ နွားခြေရာခွက်ကို ကြီးလှပြီထင်မနေနဲ့၊ Hotel မှာ မင်္ဂလာဆောင်တယ်ဆိုတာကလည်း ကိုယ့်အဆင့်ဘယ်လောက်ရှိတယ်ဆိုတာ ပြချင်လို့၊ သိရဲ့လား"

"အမယ်လေး . . . ၊ မပြလည်း ရှင်တို့တွေ မြို့မှာ တစ်ယောက်အပေါ် တစ်ယောက်ဆင့်ပြီး နေတာကို ကြည့်တာနဲ့ ရှင်တို့အဆင့်နဲ့နေတယ်ဆိုတာ သိပြီးသား၊ ပွန်း ရန်ကုန်မှာ လေတောင်ချွေတာပြီး ရှူနေရလို့ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com





ရှုနေတဲ့လူကများ"

"မပန်ကာ ! ရှင့်စကားတွေ လွန်လာပြီနော်"

"မှန်တာပြောတာ၊ ဟုတ်ရင်နာပေါ့"

အမျိုးသမီးနှစ်ယောက်ရဲ့ အခြေအနေကို မနေနိုင်တဲ့ ဦးထွန်းညိုကပဲ ဝင်ထိန်းရတော့တယ်။

"ကဲ . . . တော်ကြပါတော့ဗျာ၊ မနော် . . . မင်းတော်တော့၊ မပန်ကာလည်း တော်ပါတော့၊ ကျုပ်ကပဲ ကြားထဲက တောင်းပန်ပါတယ်၊ ဟုတ်ပြီလား"

နှစ်ယောက်သား နှုတ်ပိတ်သွားကြပေမယ့် မျက်လုံးချင်းကတော့ စစ်ခင်းနေကြတုန်း။ ဒီတော့ အခြေအနေကို အကဲခတ်နေတဲ့ ထနောင်းစိမ်းကပဲ ကြားဝင်ညှိပေးရတော့တယ်။

"သမီးအကြံတစ်ခုပေးမယ်၊ ဒီလိုလုပ်ပါလား၊ မင်္ဂလာဆောင်ကို ဒီမှာတစ်ပွဲ၊ ရန်ကုန်မှာ တစ်ပွဲလုပ်လိုက်လေ၊ အဲဒါ မကောင်းဘူးလား"

"ဟုတ်တယ် ဟုတ်တယ်၊ ထနောင်းပြောသလို လုပ်တာအကောင်းဆုံးပဲ . . . ဟီး . . . ဟီး"

သူမစကားကို ဝင်ထောက်ခံကာ မျက်နှာလုပ်နေတဲ့ မိုက်ကယ်ထွန်းညိုကို ထနောင်းစိမ်းက မျက်စောင်းထိုးလိုက်တယ်။ မိုက်ကယ်ထွန်းညိုကလည်း ခေသူမှ မဟုတ်တာ။ ဒီတော့ မျက်စိပြန်မှိတ်ပြတယ်။

ဦးမော်တာက လက်ဖျောက်တစ်ချက်တီးရင်း . . .

"ဟုတ်တယ်၊ သမီးပြောတဲ့ အကြံမဆိုးဘူး၊ ကိုထွန်းညိုခင်ဗျားရော ဘယ်လိုသဘောရလဲ"

"အင်း . . . ကျုပ်လည်း ဒီအကြံကို သဘောကျပါတယ်"

"ကိုင်း . . . ဒါဆိုလည်း ဒီလိုပဲ အတည်ပြုလိုက်ကြတာပေါ့၊ ရက်ရွေးတာကိုတော့ ဘုန်းဘုန်းဘုရားဆီမှာ သွားရွေးကြမယ်လေ"

မိဘတွေရဲ့ ပြောစကားကိုကြားပြီး မျက်လုံးပြူးသွားရတာက တာရာဇော်။ အပျက်အပျက်နဲ့ မိန်းမယူရတော့မယ့် ကိစ္စ။ ကိုယ်လည်း ဘာမှကို မဘာရပါဘဲနဲ့ ဒီကိစ္စကြီးကဖြစ်လာခဲ့တာ။ ဒီတော့ သူ ဘာမှမပြောဘဲနဲ့ နေနေလို့ မဖြစ်တော့။

"နေ . . . နေကြပါဦးဗျာ၊ ကျွန်တော်ပြောပြပါရစေဦး၊ ကျွန်တော်နဲ့ သူနဲ့ ဘာမှ မဖြစ်ခဲ့ပါဘူးဆိုတာကို ဘာလို့မယုံကြရတာလဲ"





www.burmeseclassic.com

www.burmeseclassic.com





တာရာဇော့်စကားကြားတော့ ဦးမော်တာက သူ့ရှေ့မှာရှိတဲ့ စားပွဲခုံကို ဝုန်းခနဲ ထုချလိုက်ရင်း . . .

"ဟော့ကောင်၊ မင်း အခုထိ ဒီစကားပြောတုန်းလား၊ ဟမ် . . ."

"ပြောရမှာပေ့ါ အဖေရ၊ သားမှ ဘာမှ မလုပ်တာ"

"ငါကွာ . . . ဒီကောင်"

ဦးမော်တာက တာရာဇော့်ကို တစ်ခုခုလုပ်ဖို့ ထမယ်ပြင်တော့ ဒေါ်ပန်ကာက ဆွဲထားလိုက်ရင်း . . .

"ဩော် . . . ကိုမော်ရယ် . . . စကားကို အေးအေးဆေးဆေး ပြောစမ်းပါဆို"

တာရာဇော်ကတော့ ဘာကိုမှမမှုဘူး။ ဒီကိစ္စကို ဒီမှာတင် ပြီးအောင်ရှင်းရမယ်လို့ တွေးလိုက်ပြီး နော်လီထွန်းညိုဘက်ကိုလှည့်ကာ . . .

"ဟော့ . . . မင်း အမှန်အတိုင်း ပြောလိုက်လေကွာ၊ မင်းနဲ့ ငါ ဘာမှမဖြစ်တာကို မင်းသိသားနဲ့ အခုထိ ဘာလို့ အမှန်အတိုင်း မပြောသေးတာလဲ"

ဒီတော့မှပဲ ပိုဆိုးတော့တယ်။ ပြောရရင်တော့ အဲဒီမှာ စတွေ့တာပေ့ါ။ တာရာဇော့်စကားလည်းဆုံးရော နော်လီထွန်းညိုက ဘာမပြောညာမပြောနဲ့ တရှုံ့ရှုံ့လုပ်ပြီး





ငိုပါလေရောလား။

"ဟာ . . . ဟာ . . . ဟော့၊ ဘာလို့ ငိုရတာလဲ၊ ငါက မင်းကို အမှန်အတိုင်းပြောခိုင်းနေတာ ငိုခိုင်းနေတာ မဟုတ်ဘူးလေ"

ထနောင်းစိမ်းက တာရာဇော့် ပေါင်ကို အသာဆိတ်ဆွဲပြီး ဘာမှမပြောဖို့ သတိပေးတယ်။ နော်လီထွန်းညိုကတော့ တိတ်မသွားတဲ့ အပြင် ပိုပြီးတော့တောင် ငိုလိုက်သေးတယ်။

ဒေါ်နော်လီ မနေသာတော့ဘူး။

"ဒီမှာ မောင်ရင် . . . အန်တီ့သမီးက ဒီအရွယ်အထိ ရည်းစားကိစ္စဆိုတာ ခေါင်းထဲတောင်ထည့်ထားဖူးတာ မဟုတ်ဘူး၊ မင်းနဲ့တွေ့မှ ဒီလိုကိစ္စတွေဖြစ်လာခဲ့တာ၊ အခု မင်းပြောနေပုံက ငါ့သမီးကပဲ တမင်လုပ်ကြံပြောနေသလိုပါလား၊ ဘယ်လို မိန်းမပျိုလေးက ဒီလို ကိစ္စကြီးကို အရှက်မရှိလုပ်ကြံပြောမှာလဲ၊ မင်းမှာလဲ အစ်မရှိတာပဲ၊ နှမသားချင်း စာနာစမ်းပါ . . ."

"အန်တီ . . . ကျွန်တော် ယောကျ်ားပါ၊ ကိုယ်လုပ်ထားရင် ကိုယ်တာဝန်ယူရဲပါတယ်၊ ဒါပေမယ့် အခုကိစ္စက"

"ဟော့ကောင် . . . တာဝန်ယူရဲတယ်ဆိုရင် ရပြီ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com





မယ့်တွေ ဘာတွေ မလိုဘူး"

"မဟုတ်သေးဘူး အဖေ . . . သား"

"ဟော့ကောင် တော်တော့လို့ ပြောနေတယ်"

"သား . . . အမှန်အတိုင်းပြော"

"ဟာ . . . ဒီလောက်တောင်ရှိလှတာ၊ ကဲကွာ . . . "

တာရာဇော့် စကားမဆုံးလိုက်။ ဦးမော်တာ့ဒေါသတွေက ဒီဂရီအမြင့်ဆုံးရောက်သွားပြီး စားပွဲခုံအောက်ခြေမှာ ကပ်ထားထောင်ထားတဲ့ မီးခွက်ထွန်းဖို့ ဝယ်ထားတဲ့ ရေနံဆီပုလင်းကြီးကို ကောက်ဆွဲယူပြီး တာရာဇော့်ကို ထုထည့်လိုက်တယ်။ ဒါပေမယ့် . . .။

ဒါပေမယ့် ပုလင်းက တာရာဇော့်ဆီရောက်မသွားဘူး။ တာရာဇော့်ကို ထုမလို့ လက်ကိုနောက်ဘက်အားယူလိုက်တဲ့ အချိန်မှာပဲ ပုလင်းက ဦးမော်တာ့ဘေးမှာကပ်ထိုင်နေတဲ့ မိုက်ကယ်ထွန်းညို့ရဲ့ နဖူးနဲ့ ခွပ်ခနဲ မြည်အောင် မိတ်ဆက်သွားတယ်။

"အား . . . ! "

မိုက်ကယ်ထွန်းညို့ အော်သံကြီးက အကျယ်ကြီး။ ဘယ်လောက်ကျယ်သလဲဆိုရင် ခေါင်းကလေးအသာငုံ့ပြီး အကယ်ဒမီရှော့(ခ်)အိုင်တင်နဲ့ ဟန်ဆောင်ပန်ဆောင်လုပ်ပို





နေတဲ့ နော်လီထွန်းညိုတောင် ဆတ်ခနဲတုန်ပြီး လန့်ဖျတ်အငိုတိတ်သွားရတဲ့အထိ။

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၂၀)

ခေါင်းစဉ် - လေတွေတိုက်လာပြီ

နေရာ - ရွာအပြင် ကုက္ကိုပင်အောက်

ပါဝင်သူများ - တာရာဇော်၊ နော်လီထွန်းညို၊ မိုက်ကယ်ထွန်းညိုနှင့် ထနောင်းစိမ်း




www.burmeseclassic.com

www.burmeseclassic.com



ကသစ်ပင်ရှာက အကြွေးတောင်းပြီး ပြန်လာတဲ့ ထနောင်းစိမ်းက ပိုက်ဆံအိတ်လေးကို ချိုင်းကြားမှာ ညှပ်ကာ တွေးချင်ရာတွေး ငေးချင်ရာငေးလျှောက်လာရင်း ရွာနှစ်ရွာ စပ်ကြား ကုက္ကိုပင်ကြီးနားအရောက်မှာတော့ . . .

"ဟိတ် "

"အမလေး !

ကုက္ကိုပင်ကြီးအကွယ်ကနေ ရုတ်တရက် ဖျတ်ခနဲ ခုန်ထွက်လာတဲ့ မိုက်ကယ်ထွန်းညိုကြောင့် လန့်သွားရတယ်။

"အဟား . . . ဟား . . . ထနောင်း တော်တော် လန့်သွားတယ် မဟုတ်လား"

"ရှင် . . . ဘာလုပ်တာလဲ၊ ဒီမှာ လိပ်ပြာတောင် လွင့်သွားမတတ်ပဲ"

"ကိုယ်က ထနောင်း ဒီလောက်လန့်သွားမယ်မထင်လို့ စ,လိုက်တာပါ၊ ထနောင်းက ဘာတွေတွေးလာမှန်းမှ မသိတာ"

ထနောင်းစိမ်းက ရင်ဘတ်ကို လက်တစ်ဘက်နဲ့ ဖိထားရင်းကနေ မျက်စောင်းတစ်ချက်ထိုးလိုက်ကာ . . .

"ကိုယ့်ဘာသာ ဘာတွေးတွေးပေါ့၊ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ထနောင်းကလည်း ကိုယ်ကချစ်လို့ စတာကို စိတ်



www.burmeseclassic.com

www.burmeseclassic.com







တယ်ပေါ့"

"ဆိုးတယ်၊ ဆိုးတယ်၊ ကဲ . . . ဖယ်စမ်းပါရှေ့က၊ ကျွန်မသွားမလို့"

ထနောင်းစိမ်းက မိုက်ကယ်ထွန်းညိုကို တွန်းဖယ်ပြီး သွားဖို့ပြင်တယ်။ ဒါပေမယ့် မိုက်ကယ်ထွန်းညိုက ထနောင်းစိမ်းရှေ့ကနေ လက်ကို ဆန့်တန်းကာထားရင်းက နေ . . .

"နေ . . . နေပါဦး ထနောင်းရယ်၊ ကိုယ့်ကို ကိုယ်တောင်းထားတဲ့ အဖြေလေးတော့ ပေးသွားပါဦး"

"ဘာအဖြေလဲ . . . ဘာအဖြေမှ ပေးစရာမရှိဘူး၊ ဖယ်စမ်းပါ . . . ရှေ့က"

"ဒီလိုတော့ မရက်စက်နဲ့လေ ထနောင်းရယ်၊ ကိုယ့်အသည်းက နုနုလေးကွ၊ အခုဆို နောက်က ကားတွေကလည်း ကျော်တက်တော့မယ်၊ ဒါက ဖြစ်သင့်လို့လားလို့"

"ဖြစ်သင့်လို့ပဲ ဖြစ်ပြီးပြီလေ၊ ကဲ . . . ဖယ်စမ်းပါရှင်၊ ကျွန်မ သွားပါရစေတော့"

"ဟင့်အင်း . . . ဟင့်အင်း၊ ထနောင်းမသွားရဘူး၊ ကိုယ့်ကို ချစ်တယ်လို့ ပြောမှ သွားရမယ်"

ထနောင်းစိမ်းက ဘာမှမပြောတော့ဘဲ မိုက်



ကယ်ထွန်းညိုရဲ့ ညာဘက်ဘေးကနေ ရှောင်ကွင်းသွားဖို့ ပြင်တယ်။ မိုက်ကယ်ကလည်း အလွတ်မပေးဘဲ ညာဘက်ကနေ လိုက်ကာတယ်။ ဒါနဲ့ ထနောင်းက ဘယ်ဘက်ကနေ ပြောင်းပြီး သွားမယ်ပြင်တော့ မိုက်ကယ်ထွန်းညိုကလည်း ဘယ်ဘက်ကနေ လိုက်ကာပြန်ရော။ ဒီလိုနဲ့ နှစ်ယောက်သား ထုပ်ဆီးတိုးတမ်း ကစားနေတဲ့ အတိုင်းပဲ။

"ရှင် . . . ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မစိတ်တိုလာပြီနော်၊ ဖယ်လို့ ပြောနေတယ်"

"ဟင့်အင်း . . . မဖယ်ဘူး"

"ရှင် တကယ် မဖယ်ဘူးလား"

"ဖယ်ဘူး . . ."

ထနောင်းရဲ့ သည်းခံနိုင်စွမ်းက ကုန်သွားပြီ။ ဒီလောက်တောင်ဖြစ်လှတာဆိုပြီး ထနောင်းက မိုက်ကယ်ထွန်းညိုရဲ့ ရင်ဘတ်ကနေ ဆောင့်တွန်းပစ်လိုက်ဖို့ လက်ကိုပြင်လိုက်စဉ်မှာပဲ ထနောင်းရဲ့အကြည့်က ရွာထဲဘက်ဆီ ရောက်သွားတယ်။

"ဟင် ! "

"မောင်လေး"

"ဟင် . . . ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com





လို့ မေးလာတယ်။ သူကလည်း ရောင်းသူ ဝယ်သူ အသံတူပါပဲ။ သူမကို ခပ်တည်တည် ပြန်ကြည့်ပေး လိုက်ရင်း . . .

"အခြားကိစ္စ ရှိသေးလို့လား . . ."

သူမက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ရင်း ပြုံးတယ်။ အထာက "မသိဘူးလေ" ဆိုတဲ့ သဘော။ သူက အခု တလော ခဏခဏချဖြစ်နေတဲ့ သက်ပြင်းကို နောက်တစ်ခါ ထပ်လျလိုက်ရင်း . . .

"မင်း . . . လူကြီးတွေကို အမှန်အတိုင်း ပြောသင့်ပြီလို့ ထင်တယ်"

"ကျွန်မက ဘာကိုပြောရမှာလဲ"

"ကျွတ် . . . ကျေးဇူးပြုပြီးတော့ မင်းရဲ့ ရိတာတွေထွေ တာတွေကို ရပ်ပစ်လိုက်ပါတော့၊ ငါတို့ စကား ကောင်းကောင်းပြောဖို့ လိုအပ်နေပြီ"

"ကျွန်မလည်း စကားကောင်းကောင်းပြောနေတာပဲ လေ"

သူက သူမကို ခပ်စူးစူး တစ်ချက်စိုက်ကြည့် လိုက်တော့ သူမက နှုတ်ခမ်းထောင့်စွန်းတွေ ကော့တက်သွား တဲ့အထိ ပြုံးတယ်။ သူက သည်းခံမှုကို ဆွဲဆုံ့လိုက်ရင်း . . .

"မင်းနဲ့ငါ့ကို လူကြီးတွေကပေးစားတော့မယ်ဆိုတာ မင်း





သိပါတယ်နော်"

"သိတယ်လေ"

"ကျွတ် . . . မင်းစကားက ဘယ်လိုကြီးလဲ"

"ဘာကိုလဲ . . ."

"တော်ပြီ၊ ငါ ရှင်းရှင်းနဲ့ လိုရင်းကိုမေးတော့မယ်၊ မင်း ဒီပြဿနာကို ဘယ်တော့မှ အဆုံးသတ်မှာလဲ"

"အဟင်း . . . ရှင်က ဘယ်လိုထင်လို့လဲ"

"ငါ ထင်တာပြောရမလား"

"အင်း "

"ငါ့ကိုများ မင်းကြိုက်နေသလားလို့"

"ဘယ်လို . . . အဟွတ် . . . ဟွတ် . . . အဟွတ်"

သူ့စကားကြောင့် သူမ တံတွေးတောင် သီးသွား တယ်။ ဒီကိစ္စက ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သူသိသားပဲ။ သူမကို အမြင်ကတ်လာလို့ တမင်မေးပစ်လိုက်တာ။ သူမက ရင်ဘတ်ကို အသာအယာ လက်သီးဆုပ်လေးနဲ့ ထုရင်းက . . .

"ကျွန်မ . . . နားကြားများ လွဲသလားလို့ပါ၊ ရှင် ဘာ ပြောလိုက်တယ်"

"မင်း . . . ငါ့ကို ကြိုက်နေသလားလို့"

"ကျွန်မက ရူးနေလို့လား၊ ကျွန်မက ရူးနေတာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com





တော့ ကြိုက်ရင်ကြိုက်လိမ့်မယ်"

"ဟင် . . . မင်းပြောတော့ မင်းနဲ့ငါက ဟိုအဆင့် တောင်ရောက်ပြီးပြီဆို"

"ရှင် မမိုက်ရိုင်းနဲ့နော်"

"မင်းပဲ လူကြီးတွေကို ပြောခဲ့တာလေ"

"အဲဒါက ရှင်ဘုန်းကြီးရှူး ရှူးနေတာရယ်၊ ကျွန်မကိုပြော ခဲ့တဲ့ စကားတွေရယ်ကြောင့် အမြင်ကတ်လို့ ပြောခဲ့ တာ"

"အင်းလေ၊ ဘာပဲဖြစ်ဖြစ် အခု မင်းနဲ့ငါက မကြာခင် မင်္ဂလာဆောင်ရတော့မှာပဲ မဟုတ်လား"

"စိတ်ကူးယဉ်မနေနဲ့၊ ဘယ်သူက ရှင်နဲ့ မင်္ဂလာဆောင် မှာလဲ၊ ကျွန်မက ဒီမင်္ဂလာပွဲကို ဖျက်မှာ၊ ကျွန်မမှာ အစီအစဉ်ရှိပြီးသား"

"ဘယ်တော့ ဖျက်မှာလဲ . . ."

"အဲဒါ ရှင့်အပူမပါဘူး၊ ရှင်ပြောချင်တာ ဒါပဲမဟုတ် လား . . . သွားပြီ"

သူမက ပြောပြီး လှည့်ထွက်သွားဖို့ ပြင်တယ်။ အဲဒီမှာတင်ပဲ သူမစီးထားတဲ့ဒေါက်က ကုက္ကိုအမြစ်ကို အဖျား ချော်နင်းပြီး ရှေ့ကိုဟပ်ထိုးလဲကျမလိုဖြစ်သွားတယ် . . .။ ဒါကြောင့် သူက သူမလက်တစ်ဖက်ကို ကမန်းကတန်းလှမ်းဆွဲ





လိုက်ရတယ်။

"ဟာ . . . ဟော့ဟော့"

ရုတ်တရက်ဆိုတော့ ဆွဲလိုက်တဲ့အရှိန်ကများ သွားပြီး သူမခန္ဓာကိုယ်က သူ့ဘက်ကို ဝုန်းခနဲ ပြိုဆင်းလာ တော့တယ်။ အရှိန်နဲ့ဆိုတော့ သူက နောက်ဘက်ကို ဖင်ထိုင် လျက်လဲကျသွားပြီး သူမက သူ့ ရင်ခွင်ထဲကို ပက်လက်အနေ အထားနဲ့ ကျလာတာ ရုပ်ရှင်တွေထဲက ရိုမန့်(စ်)ဆန်ဆန် ပြ ကွက်တစ်ခု အလား။ သူက မြီးညှောင့်ရိုး နာသွားလို့ ချက်ချင်း မထနိုင်သလို သူမကလည်း ကြောင်ပြီး မထမိဘူး။ နှစ်ယောက် သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ငြိမ်သက်ဆွံ့ အ,နေကြတာ စက္ကန့်နှစ်ဆယ်လောက်ကြာတယ်။ ပြီးမှ သူမက သတိဝင်လာပြီး သူ့ရင်ခွင်ထဲကနေ လူးလဲထပြီး ရွာထဲဘက်ဆီ ပြေးတော့တယ်။ ခဏကြာတော့ သူလည်း မြီးညှောင့်ရိုးကို လက်တစ်ဖက်နဲ့အသာနှိပ်ရင်း ရွာထဲဘက်ကို ကော့တော့ ကော့တော့နဲ့ လျှောက်သွားတော့တယ်။

ဟုတ်ကဲ့။ သူတို့နှစ်ယောက်ကြားထဲမှာ လေပြေ တစ်ချက် တိုက်သွားခဲ့ပါတယ်။

××××



www.burmeseclassic.com

www.burmeseclassic.com





ခဏအကြာမှာတော့ ခြုံပုတ်ရဲ့ နောက်ကွယ်ကနေ ထနောင်းနဲ့ မိုက်ကယ်ထွန်းညိုတို့ နှစ်ယောက် ထွက်လာကြတယ်။ နှစ်ယောက်စလုံးရဲ့ မျက်နှာတွေမှာတော့ ကြားခဲ့ရ သောစကားများကြောင့် မယုံကြည်နိုင်ခြင်းများ၊ အံ့သြခြင်း များနဲ့ ပြည့်နှက်နေကြတယ်။

"ထနောင်း . . . ကိုယ်တို့ ဘာလုပ်ကြမလဲဟင်"

"ဘာလုပ်ရမှာလဲ၊ လူကြီးတွေကို အဖြစ်အမှန်တိုင်း ဖွင့်ပြောပြရမှာပေါ့"

"ဟင် !"

နောက်တော့ နှစ်ယောက်သား အတွေးကိုယ်စီနဲ့ ရွာထဲဘက်ဆီကို လျှောက်သွားကြတော့တယ်။

ဟုတ်ကဲ့ . . . သူတို့နှစ်ယောက်ရဲ့ နားတွေထဲကိုတော့ အင်အားပြင်းတဲ့ မုန်တိုင်းတစ်ခု ဝင်မွှေသွားပါတယ်။

xxx




# အခန်း ... (၂၁)

ခေါင်းစဉ် - ညောင်ညိုပင်လမ်းခွဲ

နေရာ - တာရာဇော်တို့အိမ်နှင့် မယ်ပွေးတို့အိမ်

ပါဝင်သူများ - တာရာဇော်၊ ဦးမော်တာ၊ ဒေါ်ပန်ကာ၊ ထနောင်းစိမ်း၊ မယ်ပွေး






www.burmeseclassic.com

www.burmeseclassic.com





"အမလေး . . . အမလေး၊ မိန်းကလေးတန်မဲ့ ဒီလို လုပ်ကြံပြီး ပြောရဲလိုက်တာ၊ ယုံနိုင်စရာတောင်မရှိဘူး၊ တော်သေးလို့ပေါ့၊ အချိန်မီလေး သိလိုက်ရတာ ကံကောင်းသွားတယ်၊ နို့မို့ဆို မင်္ဂလာဆောင်ဖို့ လုပ်ပြီးမှ အရှက်တကွဲအကျိုးနည်း ဖြစ်တော့မလို့"

ဒေါ်ပန်ကာက ရင်ဘတ်ကိုဖိကာ အံ့ဩတကြီး ဆိုတယ်။ ထနောင်းစိမ်းကတော့ ပြောသင့်တာ ပြောပြီးပြီးမို့ ထိုင်ရာက နေထသွားတယ်။ ဘာလုပ်ရမှန်း မသိစွာ ထိုင်နေမိတာက တာရာဇော်။ သူ ရှင်းမရတဲ့ ပြဿနာက အလိုအလျောက် ရှင်းပြီးသားဖြစ်သွားပေမယ့် သူ့ရင်ဘတ်ထဲမှာ ရှင်းလင်းမသွားဘဲ တစ်စုံတစ်ခုနဲ့ ပြည့်သိပ်ကျပ်နေတာကို နားမလည်နိုင်အောင် ဖြစ်နေရတယ်။

ဦးမော်တာကတော့ ခေါင်းကို တဗျင်းဗျင်းကုတ်ပစ်လိုက်ရင်းကနေ သူ့ကို ကြည့်လာကာ . . .

"မင်းကလည်း ဒီကိစ္စကို သေသေချာချာ ရှင်းပြခဲ့ဖို့ ကောင်းတာပေါ့"

"ဟင် . . . သားလောက်ရှင်းပြတာ သားပဲရှိတယ်၊ အဖေတို့ကမှ လက်မခံတာ"

"ဟုတ်သားပဲ၊ သားက ရှင်းပြတော့ တော်က ဒေါသ



www.burmeseclassic.com

www.burmeseclassic.com







ထွက်ပြနေတာလေ၊ လက်သင့်ခံလို့လား”

“ဒါကတော့ မိန်းကလေးဘက်က တွေးပြီး”

“တော်တော့၊ ဘယ်မိန်းကလေးဘက်ကမှ တွေးမနေနဲ့တော့၊ အခုကိစ္စက ရှင်းသွားပြီ၊ ဒီပြဿနာကို ကျွန်မပဲ ဦးဆောင်ပြီးတော့ ရှင်းတော့မယ်၊ ဒီတစ်ခါ ရှင် ဘေးဖယ်နေတော့၊ သဘောပေါက်လား”

“အေး . . . အေးပါကွာ”

သူက ထိုင်ရာကထ,လာခဲ့လိုက်တယ်။ ဘာလုပ်ရမှန်းမသိစွာ လျှောက်လာခဲ့ပြီးမှ သတိပြန်ကပ်တော့ မီးဖိုချောင်ထဲဝင်လာမိတာဖြစ်နေတယ်။ ဒါနဲ့ ရေတစ်ခွက်ကို စိတ်ရှုပ်ရှုပ်နဲ့ ခပ်သောက်ပြီး အပြင်ပြန်ထွက်လာတော့ အမေမရှိတော့ဘူး။

“အဖေ . . . အမေရော”

“သွားပြီလေ”

“ဘယ်ကို သွားတာလဲ”

“ဟို မိန်းကလေးဆီကိုပေါ့၊ သူ့ မိဘတွေနဲ့ စကားသွားပြောမလို့တဲ့”

“ဗျာ ”

သူ အပြင်ကို ပြေးထွက်လာခဲ့တယ်။ ဒါပေမယ့် ခြံတံခါးဝအရောက်မှာ သူ့ခြေလှမ်းတွေက တုန့်ခနဲ ရပ်တန့်သွားကြတယ်။ သူ လိုက်သွားသင့်လို့လား။ လိုက်သွားပြီးတော့ရော သူက ဘာစကားတွေပြောရမှာလဲ။ ခေါင်းကိုရမ်းကာ တံခါးဝမှာတင်ပဲ ငုတ်တုတ်ထိုင်ချပစ်လိုက်တယ်။ တော်တော်ကြာမှ ထိုင်ရာကထပြီး အိမ်ထဲကို လေးကန်စွာ ပြန်လျှောက်ဝင်လာမိတယ်။

နောက် . . .

ခုတင်ပေါ်မှာ ပစ်လှဲချကာ မျက်စိတွေကို မှေးမှိတ်ထားလိုက်တယ်။ ရင်ထဲမှာတော့ တစ်ခုခုက ဘာမှန်းမသိ ခိုးလို့ခုလု ဖြစ်နေတာတော့ အမှန်ပါပဲ။

နောက်တော့ သူ တဖြည်းဖြည်းနဲ့ အိပ်ပျော်သွားတယ်။

×××

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားတယ်တော့ မသိဘူး။ ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က လာရောက်လှုပ်နှိုးမှ သူ နိုးလာတယ်။ မျက်လုံးတွေကို ဖွင့် ကြည့်လိုက်တော့ အစ်မ ထနောင်း။





www.burmeseclassic.com

www.burmeseclassic.com







"တာရာ . . . ထထ၊ ညစာ စားရအောင်"

အစ်မကပြောပြီး ပြန်ထွက်သွားတယ်။ တစ်မိနစ်လောက်ကြာမှ သူ အိပ်ယာပေါ်က ထဖြစ်ကာ ရေစည်ရှိ ရာ လျှောက်လာဖြစ်တယ်။ ရေစည်ထဲက ရေတစ်ခွက်ခပ်ပြီး မျက်နှာသစ်ပစ်လိုက်တော့ နည်းနည်း လန်းသွားတယ်။

အပြင်မှာမှောင်နေပြီ။ သူ အတော်ကြာအိပ်ပျော်သွားခဲ့တာပဲ။ စိတ်က ဖျတ်ခနဲ သူမဆီရောက်သွားတယ်။ သူမ ဘာတွေဖြစ်နေမလဲ။ ပြီးတော့ . . . အမေ !။

ဟာ ! အမေရော ပြန်ရောက်ပြီလား။ သူမ မိဘတွေဆီကို အမေ ဘာတွေပြောပစ်ခဲ့ပြီလဲ။ သိချင်စိတ်နဲ့ ထမင်းဝိုင်းဆီ အမြန်လျှောက်လာဖြစ်တယ်။

ထမင်းဝိုင်းမှာက လူစုံနေပြီ။ အမေနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး အမေ့မျက်နှာကို တစ်ချက်အကဲခတ်မိတယ်။ အမေ့မျက်နှာကတော့ ပုံမှန်ပါပဲ။

အဖေနဲ့အစ်မကတော့ ထမင်းကိုသာ ငုံ့စားနေတယ်။

သူ ထမင်းသုံးလေးလုတ် စားပြီးတဲ့အထိ အမေ့ဆီက ဘာစကားသံမှ ထွက်မလာ။ အဖေ့ဆီကတော့ "ငပိရည်ကစပ်လိုက်တာ"ဆိုတဲ့ စကားတစ်ခွန်း ထွက်လာတယ်။ ဒါပဲ . . . ။



အစ်မကလည်း ထမင်းကိုသာ နှောင်မစားရတော့မယ့် ပုံစံနဲ့ ငုံ့စားနေတယ်။

တကယ်ဆို . . . အမေ့ဆီက တစ်ခုခုတော့ ထွက်လာသင့်တာပေါ့။

"အမေ"

"ဟင် "

"ဘယ်လိုဖြစ်သွားသလဲဟင်၊ အမေကရော ဘာတွေပြောပစ်ခဲ့သေးလဲ၊ လွန်လွန်ကျူးကျူးတွေများ ပြောမိခဲ့သေးလား"

"မပြောပါဘူး၊ ဒီလိုကိစ္စမျိုးက အုတ်အော်သောင်းနင်းဖြစ်လို့ရတာမှ မဟုတ်တာ၊ အမေရောက်သွားတော့ သူတို့ကလည်း သူတို့သမီးကို ဆုံးမနေတာ၊ ကိုထွန်းညိုတို့လင်မယားကရော ကောင်မလေးကရော တောင်းပန်လိုက်ပါတယ်"

"ဟိုဟာ . . . မင်္ဂလာကိစ္စကရော"

"ပျက်ပြီပေါ့၊ ဘာလုပ်ရဦးမှာလဲ၊ ဘာမှမှ မဆိုင်တာ၊ သူတို့သမီးက လုပ်ကြံပြောတာ ပေါ်လွင်နေပြီပဲ၊ အခုခေတ် ကလေးတွေများ ခက်ပါတယ်၊ မိန်းကလေးတန်မဲ့ ဒီလိုစကားမျိုးကို လုပ်ကြံပြောစရာလား၊ တော်သေးလို့



www.burmeseclassic.com

www.burmeseclassic.com





ပေါ့၊ ပြဿနာက နှစ်မိသားစုပဲသိပြီး ရှင်းသွားလို့၊ ရွာထဲမှာများ ဒီအကြောင်း ပျံ့သွားလို့ကတော့ ရှက်တာနဲ့ သေမှာပဲ"

အမေက စကားစကို ဖြတ်ပြီး ထမင်းကို ဆက်စား . . . အဖေကတော့ ခေါင်းတညိတ်ညိတ် လုပ်ရုံအပြင် ဘာစကားမှ ဝင်ရဘူး။

"တော်သေးလို့နော် အမေ၊ သမီးတို့ မင်္ဂလာကိစ္စကို ရွာထဲ မကြေညာရသေးလို့"

"အင်း . . . ဘုရားမတယ်ပဲ ပြောရမယ်"

×××

နောက်တစ်နေ့ မနက် (၈း၀၀)နာရီလောက်မှာတော့ တာရာဇော်က မယ်ပွေးတို့အိမ်ဘက်ကို မယောင်မလည်နဲ့ ထွက်လာခဲ့လိုက်တယ်။ သူမရဲ့ အခြေအနေ ဘယ်လိုရှိလဲဆိုတာကို အရမ်းသိချင်နေခဲ့တာကိုး။ တကယ်ဆိုရင် သူမနဲ့ သူ့ရဲ့ ဇာတ်လမ်းက ပြီးနေပါပြီ။ စိတ်ထဲမှာလည်း ရှင်းလင်းပေါ့ပါးနေသင့်တာမဟုတ်လား။ ဒါပေမယ့် ဖြစ်မလာဘူး။ သူ့ စိတ်ထဲ





မှာ ဘာကိုမှန်းမသိ မတင်မကျနဲ့ တစ်ခုခု ကျန်ခဲ့သလို ခံစားနေမိတာ တော်တော်ဆိုးတယ်။

ဒီလိုနဲ့ မယ်ပွေးတို့အိမ်နား ရောက်လာတယ်။ အထဲဝင်သွားလို့ မကောင်းတာနဲ့ အိမ်ရှေ့ကနေ ဖြတ်လျှောက်ရင်း ခရီးသွားဟန်လွှဲပုံစံနဲ့ သူမကို ရှာမိတယ်။ ဒါပေမယ့် မတွေ့ဘူး။ အရင်နေ့တွေကဆို ဆူညံလှုပ်ရှား အသက်ဝင်နေတတ်တဲ့အိမ်က ဒီနေ့မှ တိတ်ဆိတ်လွန်းနေတယ်။

ဒီလိုနဲ့ နှစ်အိမ်သုံးအိမ်ကျော်အထိလျှောက်သွားလိုက်ပြီးမှ နောက်ကြောင်းကို ပြန်လှည့်ကာ စောစောကလို ရှာမိပြန်တယ်။ ဒီတစ်ခါလည်း မတွေ့ပြန်ဘူး။ ဒါနဲ့ စောစောကလို နှစ်အိမ်သုံးအိမ်ကျော်လောက်လျှောက်ပြီးမှ တစ်ခါပြန်လှည့်လာခဲ့လိုက်တယ်။ ဒီတစ်ခါမှာတော့ ခြံထဲကထွက်လာတဲ့ မယ်ပွေးနဲ့ဆုံတယ်။

"ဟဲ့ . . . တာရာ၊ ဘယ်သွားမလို့လည်း"

"ဪ . . . ဟိုဟာ . . . ဘုန်းကြီးကျောင်း . . . ဘုန်းကြီးကျောင်းဘက်သွားမလို့"

"ဪ . . . အေးအေး"

"ဒါနဲ့ မပွေး"

"အင်း . . . ပြော"



www.burmeseclassic.com

www.burmeseclassic.com





"ဟိုဟာ . . . နော်လီထွန်းညို အခြေအနေ ဘယ်လိုရှိလဲ၊ သူ့ မိဘတွေကရော တော်တော်ဆူနေသေးလား"

သူ့စကားကြားတော့ မယ်ပွေးက မျက်မှောင်ကုတ်သွားတယ်။

"ဟဲ့ . . . နင် မသိသေးဘူးလား"

"ဗျာ ! ဘာကိုလဲ"

"နော်လီတို့ မနက်အစောကပဲ ရန်ကုန် ပြန်သွားကြပြီလေ"

"ဗျာ ! "

ရင်ဘတ်ထဲက တစ်ခုခုကို ဆွဲထုတ်ယူခြင်းခံလိုက်ရသလို ဟာဆင်းသွားတယ်။ ခပ်ပါးပါး ခံစားချက်တစ်ခုက ဝဲဘက်ရင်အုံကို ဆစ်ခနဲနာကျင်သွားစေတယ်။ တစ်ပြိုင်နက်တည်းမှာပဲ တစ်စုံတစ်ရာကို မယုံနိုင်စရာ ထိတ်လန့်တုန်လှုပ်စွာ သိရှိလိုက်မိတယ်။ ဒါပေမယ့် . . . အားလုံးက ပြီးသွားခဲ့ပြီ။ တကယ်ကိုပဲ ပြီးသွားခဲ့ပါပြီ။

×××





ဟော့ကောင် . . .
အချစ်ဆိုတာ မင်းလား
ငါ့ရင်ဘတ်ထဲကို ဘယ်အပေါက်က ဝင်လာခဲ့တာလဲ
တကယ်ဆို . . . ယဉ်ကျေးမှုအရ
တံခါးတော့ ခေါက်ခဲ့သင့်တာပေါ့

×××

တစ်နှစ်ခန့်အကြာ . . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... (၂၂)

ခေါင်းစဉ် - ဇေဒင်သို့ အဝင်

နေရာ - ရန်ကုန်မြို့

ပါဝင်သူများ - နော်လီထွန်းညို၊ မိုက်ကယ်ထွန်းညို၊ ဦးထွန်းညို နှင့် ဒေါ်နော်လီ




www.burmeseclassic.com

www.burmeseclassic.com







နော်လီထွန်းညိုတို့ မိသားစုလေးယောက်စလုံး ဧည့်ခန်းထဲမှာထိုင်ကာ ဘောလုံးပွဲကြည့်နေတုန်းမှာပဲ ဧည့်ခန်းထောင့်မှာထားတဲ့ ဖုန်းကမြည်လာတယ်။ မိုက်ကယ်ထွန်းညိုနဲ့ နော်လီထွန်းညိုက ဖုန်းမြည်နေတာကို ကြားကြပေမယ့် ဘောလုံးပွဲကြည့်တာ အာရုံပျက်မှာစိုးတော့ မကြားချင်ယောင်ဆောင်နေကြတယ်။ ဒီတော့ ဒေါ်နော်လီကပဲ သွားကိုင်ရတယ်။

ဘောလုံးပွဲက FA ဖလား ကွားတားဖိုင်နယ်လ်ပွဲမှာ မန်ယူနဲ့အာဆင်နယ် လာတွေ့နေတာဆိုတော့ လုံးဝအကြိတ်အနယ်ပဲ။ ဒေါ်နော်လီနဲ့ နော်လီထွန်းညိုက အာဆင်နယ်ပရိသတ်တွေ။ ဦးထွန်းညိုတို့ သားအဖကကျတော့ မန်ယူမှမန်ယူဆိုတော့ တစ်ဖက်နှစ်ယောက်စီနဲ့ ငြင်းခုန်အား ပေးနေကြတာ။ အာဆင်နယ်ဘက်က ကန်သွင်းသမျှကို မန်ယူ ဂိုးသမားက အပြတ်အသတ်ကို ကာကွယ်နေတော့ နော်လီထွန်းညို့ခင်မျာ မချင့်မရဲ ဖြစ်နေရတယ်။

"ဒီ ဂိုးသမားကြီးကလည်း အသက်ကြီးနေပြီ၊ သေလည်း မသေနိုင်ဘူး၊ ဒီနေ့ပွဲကျမှ ဘာတွေများ စားပြီး ဖမ်းနေလည်းမသိဘူး၊ တစ်လုံးမှကို မလွတ်ဘူး၊ အရှိက်ကို ဘောလုံးနဲ့ ခပ်ပြင်းပြင်းတစ်ချက်လောက်မှန်ပြီး သေလိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



နော်လီထွန်းညိုက မချင့်မရဲဖြစ်နေသလောက် မိုက်ကယ်ထွန်းညိုကတော့ ငါးခူပြုံးလေးပြုံးပြီး ဒူးလေးနှန့်နေတယ်။ နှန့်မှာပေါ့၊ မန်ယူက ကောင်တာပေါက်ပြီး နှစ်ဂိုးရှုံးထားတာကိုး။

ဒီလိုနဲ့ ပွဲပြီးတော့ မန်ယူက (၂-၀) နဲ့ နိုင်သွားတယ်။ ဘောလုံးပွဲအပြီးနဲ့ ဒေါ်နော်လီဖုန်းပြောအပြီးကလည်း ကွက်တိ။ ဦးထွန်းညိုက ဒေါ်နော်လီကို ကြည့်လိုက်ရင်း . . .

"ဘယ်ကဖုန်းလဲ . . . မနော်"

"ရွာက ဆက်တာ၊ မယ်ပွေး မင်္ဂလာဆောင်တော့မှာတဲ့၊ အဲဒါ လာခဲ့ဖို့ လှမ်းခေါ်တာ"

လို့ဆိုတော့ နော်လီထွန်းညိုက တီဗွီကို စိတ်ပျက်လက်ပျက်ကြည့်နေရာကနေ သူ့အမေဘက် တအံ့တဩနဲ့ လှည့်ကြည့်လာရင်း . . .

"ဟင် . . . မပွေးစွံသွားပြီပေါ့၊ ဘယ်သူနဲ့တဲ့လဲ"

"ရွာထဲကပါပဲ၊ စန်းကျော်ဆိုလားပဲ၊ ပြောတော့ပြောတယ်"

"သွားမှာလား"

"သွားရမှာပေါ့၊ မသွားလို့ ဖြစ်မလား"

မိုက်ကယ်ထွန်းညိုက လက်တစ်ဖက်ကို ခပ်





သွက်သွက်ထောင်ပြရင်း . . .

"သားလည်း လိုက်မှာနော်"

လို့ ဆိုတယ်။ ပြီးတော့ သူ့အာရုံထဲမှာ ထနောင်းစိမ်းရဲ့ ပုံရိပ်လေးက ဖျတ်ခနဲပေါ်လာတယ်။ အဲဒီအခိုက် သူ့ရင်ထဲမှာ ဘင်ခရာတွေတီးပြီး မျက်နှာကြီးက ပြုံးဖြီးသွား တယ်။

"ကိုထွန်းညို . . . ရှင့်အလုပ်တွေကရော ထားခဲ့လို့ ဖြစ်ရဲ့လား"

"မင်္ဂလာဆောင်က ဘယ်တော့တုန်းကွ"

"ရှေ့အပတ် စနေနေ့တဲ့"

"ရှေ့အပတ်စနေ . . . အင်း . . . ဖြစ်ပါတယ်၊ သုံးလေးရက်လောက်ပဲ ကြာမှာ မဟုတ်လား"

"အင်းပေါ့၊ မင်္ဂလာပွဲပြီး နောက်တစ်ရက် ပြန်လာမှာ ပေါ့"

"သမီးလည်း လိုက်ခဲ့မယ်နော် . . . ဒယ်ဒီ"

ရုတ်တရက် ထွက်လာတဲ့ နော်လီထွန်းညို့ရဲ့ စကားအဆုံး အကြည့်တွေအားလုံးက သူမဆီကို စုပြုံပြီး ရောက်လာတယ်။

မိုက်ကယ်ထွန်းညိုက ခေါင်းကို သွက်သွက်ခါအောင် ရမ်းပြရင်း . . .

"မရဘူး၊ နင်နေခဲ့"



www.burmeseclassic.com

www.burmeseclassic.com





"ဟာ . . . ကိုကိုကလည်း၊ ညီမလေးတစ်ယောက် တည်း ဘယ်လိုလုပ်နေခဲ့ရမှာလဲ"

"နင်က ပြဿနာရှာမှာလေ"

"မရှာပါဘူး၊ မပွေး မင်္ဂလာဆောင်ကို ညီမလေးလည်း လိုက်ချင်တာပေါ့၊ မာမီ သမီးလိုက်မှာနော်"

ဦးထွန်းညိုနဲ့ ဒေါ်နော်လီ အကျပ်ရိုက်သွားကြတယ်။ တစ်ယောက်တည်း ထားခဲ့လို့ကလည်း မဖြစ်။ ခေါ်သွားပြန်ရင်လည်း အရင်တစ်ခါလို ပြဿနာရှာရင် အခက်မဟုတ်လား။ ဒေါ်နော်လီက ဦးထွန်းညိုကို မေးတစ်ချက်ဆတ်ပြတယ်။ ဘယ်လိုလုပ်ရမလဲဆိုတဲ့ သဘော။

ဦးထွန်းညိုက စိတ်ရှုပ်သလို ခေါင်းက ဆံပင်တွေထဲ လက်ထိုးဖွပစ်လိုက်ရင်း . . .

"ကိုင်း . . . ခေါ်ခဲ့လိုက်ပါကွာ၊ သုံးလေးရက်လောက်ပဲကြာမှာပဲဟာ"

နော်လီထွန်းညို့မျက်နှာ ပြုံးရွှင်သွားတယ်။ သူမအာရုံထဲမှာ ဖျတ်ခနဲပေါ်လာတာက တောသားတစ်ယောက်။ ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားတယ်။ သူမနဲ့သူ နောက်တစ်ကြိမ် ထပ်မံ တွေ့ဆုံပြန်ဦးတော့မယ်။

×××



## အခန်း ... (၂၃)

ခေါင်းစဉ် - ဧဒင်ဥယျာဉ်ထဲက ပြဇာတ်

နေရာ - ညောင်ကုန်းရွာ

ပါဝင်သူများ - အင်း . . . အကုန်လုံးပဲ ပြောပါတော့



www.burmeseclassic.com

www.burmeseclassic.com





နော်လီထွန်းညိုတို့မိသားစု ညောင်ကုန်းရွာကို ရောက်တော့ ညဆယ်နာရီလောက်ကြီး ရှိနေပြီ။ ဒီနေ့ လာမယ်ဆိုတာ ကြိုအကြောင်းကြားထားတာမို့ မယ်ပွေးတို့က မအိပ်ကြသေးဘဲ စောင့်နေကြသေးတယ်။ ခရီးပန်းလာတာဆိုတော့ ဘာစကားမှလည်း ကြာကြာမပြောအားပါဘူး။ အထုပ်အပိုးတွေနေရာတကျချ၊ ခဏနားကာ ကိုယ်လက်သန့်စင်ပြီးတော့ အိပ်ယာဝင်ကြတယ်။ နော်လီထွန်းညိုနဲ့ မယ်ပွေးတို့ကတော့ အိပ်ယာထဲမှာ တိုးတိုးတိုးတိုးနဲ့ စကားတွတ်ထိုးနေကြတယ်။

"မပွေး"

"ဟင်"

"မပွေးလူက ချောလား"

"ဟီး . . . ဟီး . . . မနက်ကျတော့မှ ပြမယ်"

"သူက ဘာအလုပ်လုပ်တာလဲ"

"စပယ်ယာလေ"

"စပယ်ယာ !"

"အင် . . . မိတ္ထီလာနဲ့ ဆည်တိုကို ပြေးဆွဲနေတဲ့ လိုင်းကားစပယ်ယာလေ၊ စိုက်ချိန်ပျိုးချိန်ရောက်ရင်တော့ တောင်သူလုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com





"ဩော် . . . ဩော်"

တကယ်တမ်း နော်လီထွန်းညို သိချင်နေတာက တာရာဇော့် အကြောင်းပါ။ ဒါပေမယ့် ရောက်ရောက်ချင်း အဲဒီအကြောင်းကို တန်းမေးရမှာ လိပ်ပြာမလုံလို့ စကားပျိုးနေတာ။

"ဒါနဲ့ မပွေး"

"အင်း . . . ပြော"

"ဟိုဟာ . . . တာရာဇော်ကော ဘုန်းကြီးဝတ်သွားပြီလား"

"မဝတ်သေးပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"အခုလာမယ့် သောကြာနေ့မှာ ဝတ်တော့မှာ၊ အစ်မ မင်္ဂလာမဆောင်ခင် တစ်ရက်ပေါ့"

"ဩော် ! "

နောက်တော့ အတွေးကိုယ်စီနဲ့ စကားစပြတ်သွားတယ်။ မယ်ပွေးကတော့ ဘာတွေတွေးနေလဲမသိပေမယ့် နော်လီထွန်းညိုအတွေးထဲမှာတော့ တာရာဇော့်ပုံရိပ်တွေက နေရာယူထားတယ်။ သူ့အတွေးတွေထဲမှာရော သူမ အကြောင်းတွေ ပါရဲ့လား။ မတွေ့ရတဲ့ တစ်နှစ်အတွင်းမှာ သူ ဘယ်လိုပုံစံ ပြောင်းသွားပြီလဲ။ စသဖြင့် အတွေးတွေနဲ့ အိပ်ယာပေါ်မှာ





လူးလှိမ့်ရင်း သန်းခေါင်ကျော်ကျော်လောက်မှ သူမ အိပ်ပျော်သွားတယ်။

xxx

မနက်လင်းတယ်ဆိုရင်ပဲ မိုက်ကယ်ထွန်းညိုက မျက်နှာသစ်၊ သွားတိုက်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ပြီး ကိုယ့်ကိုကိုယ် အပြတ်အသတ်သ,ကာ ရေမွှေးနံ့တထောင်းထောင်းနဲ့ ထနောင်းစိမ်းတို့အိမ်ကို အပြေးတပိုင်းနဲ့ ထွက်လာခဲ့တယ်။ မတွေ့ရတာကြာပြီဖြစ်တဲ့ ချစ်ရသူလေးကို နောက်တစ်ကြိမ်ပြန်လည်တွေ့ခွင့်ရတော့မှာဆိုတော့ သူ့ရင်ထဲမှာ ဖိုးသိုးဖတ်သတ် ဖိုးသိုးဖတ်သတ် ဖြစ်နေတယ်။ ဒီလိုနဲ့ ထနောင်းစိမ်းတို့အိမ်ရှေ့ကို ရောက်လာတယ်။

"ထနောင်းရေ . . . ထနောင်း"

"ထနောင်းရေ . . . ထနောင်းရေ . . . ထနောင်း"

ဝိုင်းထဲကို စဝင်လာကတည်းကနေ ထနောင်းနာမည်ကို အသံကုန်ဟစ်ပြီး ဝင်လာတယ်။ ဒီလိုနဲ့ အိမ်ပေါက်ဝကို အရောက် . . .

"ထနောင်းရေ . . . ထနောင်း"

အိမ်ထဲကနေ လူရိပ်တစ်ခု ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com





ကြည့်လိုက်တော့ သူ့အသည်းတွေအူတွေ တဆတ်ဆတ်တုန်အောင် ချစ်ရတဲ့ ထနောင်းစိမ်း။ ဝမ်းသာမှုက လှိုက်ခနဲ။

"ထနောင်း ... ဟား ... ဟား ... ထနောင်း ကိုယ်လေ ... ကိုယ်လေကွာ ... ကိုယ်ပြန်လာ ဟင့် ! "

မိုက်ကယ်ထွန်းညို့စကားက မဆုံးလိုက်ဘဲ အကြည့်က ထနောင်းစိမ်းရဲ့ ခန္ဓာကိုယ်အောက်ပိုင်း အရောက်မှာတော့ စကားလည်း တိခနဲရပ်၊ မျက်လုံးလည်းပြူးထွက်သွားတယ်။

"ဗိုက် ... ဗိုက်ကြီးနေပြီ"

မိုက်ကယ်ထွန်းညိုခြင်မျှ အဲဒီစကားလေးသာ ပြောလိုက်နိုင်ပြီး နောက်ကိုပက်လက်လန် လဲကျသွားတယ်။ ထနောင်းစိမ်းကတော့ အိမ်ထောင်ကျပြီးနောက် ရှစ်လရှိပြီဖြစ်တဲ့ ဗိုက်ကလေးကို လက်တစ်ဖက်နဲ့ ပွတ်ရင်း ငေးကြောင်လျက်။

×××

ခဏအကြာမှာတော့ မိုက်ကယ်ထွန်းညိုတစ်ယောက် မိတ်ဆွေဟောင်းကြီး ဇော်ဝင်းမောင်ကိုဖက်ကာ ထန်း









ရည်တောထဲမှာ ငိုချင်းချနေပါတော့တယ်။

"မင်းပဲ စဉ်းစားကြည့်စမ်းပါ ဘော်ဒါကြီးရာ၊ ငါ့မှာ တော့ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်နဲ့ အပြေးလာခဲ့ရတာ၊ သူကကျတော့ ကိုယ်ဝန်ကြီး တစ်ပွေ့တစ်ပိုက်နဲ့ ... ဟီး ... ဟီး ... ဟီး ... ရွတ်"

×××

ရွာဦးဘုန်းကြီးကျောင်းမှာ မနက်အစော အမှိုက်လှည်းပြီးပြန်လာတဲ့ တာရာဇော်က စောစောစီးစီးချွေးပျံနေ တဲ့မျက်နှာကို ပုဆိုးအပေါ်အနားစနဲ့ ဆွဲသုတ်ရင်း လမ်းလျှောက်လာခဲ့တယ်။ နောက်နှစ်ရက်ကြာရင် ပဉ္စင်းခံရတော့မှာပါလားဆိုတဲ့အသိက စိတ်ကို နွေးခနဲ ဖြစ်သွားစေတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဦးနှောက်က တစ်စုံတစ်ယောက်ကို သူသဘောနဲ့သူ သွားသတိရမိပြန်တယ်။ အရင်တစ်ခါ ပဉ္စင်းခံတုန်းကတော့ အဲဒီတစ်ယောက်ကြောင့် ကမောက်ကမတွေဖြစ်ခဲ့ရတာ။ အခုတော့ ထိုတစ်စုံတစ်ယောက်သည်လည်း ဘယ်ဆီကိုရောက်လို့ ဘယ်ငှိုပြဿနာတွေရှာနေပြီလဲ မသိ။





www.burmeseclassic.com

www.burmeseclassic.com



အတွေးများနဲ့လျှောက်လာရင်း တစ်နေရာ အရောက်မှာတော့ မျက်နှာချင်းဆိုင်ကနေ လမ်းလျှောက်လာနေတဲ့ တစ်စုံတစ်ယောက်ကြောင့် ခြေလှမ်းတွေ တုန့်ခနဲ ရပ်တန့်သွားရတယ်။

သူမ . . .

အဲဒီအသိက ရင်ထဲက အရှိန်အဟုန်ပြင်းတဲ့ မြစ်တစ်စင်းကို ဖြစ်ပေါ်စီးဆင်းသွားစေတယ်။

သူမကတော့ သူ့ကို မမြင်သေးဘူး။ ဟန်းဖုန်း ကို အပေါ်မြှောက်လိုက် နားမှာကပ်လိုက်နဲ့ ဖုန်းလိုင်းဖမ်းရင်း သူ့ဖော်နဲ့သူ လျှောက်လာနေတာ။

"ဟယ်လို ကြားလား . . . ဟယ်လို . . . အေး . . . ဟုတ်တယ်၊ ငါပါ . . . ဟယ်လို . . . ဟယ်လို"

ဒီလိုနဲ့ တစ်ချက်မှာတော့ သူမရဲ့အကြည့်က သူ့ဆီကို ဖျတ်ခနဲရောက်လာပြီးတော့ သူမရဲ့ခြေလှမ်းတွေ လည်း ရပ်တန့်သွားကြတယ်။

ဝါးနှစ်ပြန်လောက်အကွာအဝေးမှာ နှစ်ယောက်သား အတော်ကြာရပ်ကြောင်နေပြီးမှ သတိဝင်လာကြကာ ဆက်လျှောက်လာကြရင်း လေးပေလောက်အကွာမှာ ရပ်တန့်သွားကြပြန်တယ်။







"နေကောင်းတယ်နော် . . ."

သူ့နှုတ်က ထွက်ကျသွားတဲ့ စကားသံတစ်ခု အဆုံးမှာ သူကိုယ်သူ အတော်စိတ်ပျက်သွားတယ်။ တကယ်ဆို ဒီလောက်ရိုးစင်းတဲ့ နှုတ်ဆက်စကားကို မပြောသင့်ဘူး။ သူ ပြောချင်တာ ဒီထက် နည်းနည်းပိုပြီး ရင်းနှီးမှုပါတဲ့ နှုတ်ဆက်စကားမျိုးကိုပါ။ ဒါပေမယ့် အဲဒီစကားလုံးကို သူရှာမတွေ့ဘူး။

"အင်း . . . ကောင်းပါတယ်"

ဒါက သူမဆီထွက်လာတဲ့ အဖြေစကား။ သူ့အလှည့်။ ဒီတစ်ခါ သူ စကားပြောရမယ့် အလှည့်။ ဘာပြောရမလဲ။

"မပွေး မင်္ဂလာဆောင်ကို လာတာလား"

ဟော ဟော ကြည့်ပါဦး။ နောက်ထပ်ထွက်သွားပြန်ပြီ။ မဟုတ်သေးဘူး။ သူပြောချင်တာ ဒီစကားလည်း မဟုတ်သေးဘူး။ ဒါဆို ဘာလဲ။ ဘယ်ဟာလဲ။ ကျွတ် . . . ရင်ဘတ်ထဲမှာ သူမကို ပြောချင်နေတဲ့ စကားလုံးတစ်ခုခု (ဒါမှမဟုတ်) စကားလုံးတွေအများကြီး ရှိနေတာကို စိတ်ကခံစားမိနေပါလျက်နဲ့ အဲဒီစကားလုံးတွေကို ရှာမတွေ့တာ အတော်ဆိုးတယ်။

"ဟုတ်တယ် . . . မပွေးမင်္ဂလာဆောင်ကို လာတာ"

www.burmeseclassic.com

www.burmeseclassic.com







စကားသံက တိတ်သွားပြန်တယ်။ သူဘာဆက်ပြောရဦးမလဲ။ မဟုတ်သေးဘူး။ သူမဆီမှာရော သူ့ကိုပြောစရာစကားတစ်ခုခု ရှိမနေနိုင်ဘူးလား။ အတွေးနဲ့အတူ သူမမျက်လုံးတွေထဲမှာ စကားလုံးတစ်ခုခုကို ရှာမိတယ်။ သူ့အထင်ပဲလားတော့ မသိဘူး။ သူမမျက်လုံးတွေထဲမှာ တစ်ခုခုကို တွေ့နေရတယ်။ ဒါပေမယ့် အဲဒီတစ်ခုခုဟာလည်း ဘာဆိုတာ သူမသိပြန်ဘူး။

ဒီလိုနဲ့ နှစ်ယောက်သား ဘာစကားမှမပြောဖြစ်ကြဘဲ လေးပေလောက်အကွာအဝေးမှာ ရပ်နေမိကြတာ အကြာကြီး။ နောက်တော့ သူမကစပြီး အသိဝင်လာတယ်။

"ဟို . . . သွားတော့မယ်နော်"

သူ ခေါင်းညိတ်ပြလိုက်မိတယ်။ တကယ်ဆို နှုတ်က တစ်ခုခုမပြောလိုက်သင့်ဘူးလား။ စကားလုံးတွေက ဘာလို့ ဒီလောက်တောင် ရှားနေရတာလဲ။ ဒီလိုနဲ့ . . . ။

သူမနဲ့သူ ကျောခိုင်းရက်အနေအထားအရောက်မှာတော့ သူ့နှုတ်က တစ်ခုခုထွက်သွားတယ်။ ဒါပေမယ့် စကားလုံးတွေမဟုတ်ဘူး။ တစ်ခုခု ပျောက်ဆုံးနေခြင်းအတွက် သက်ပြင်းချသံရယ်ပါ။





ကျွတ် . . . ဘာလဲကွာ ။

×××

မနက်ဖြန်ဆို ပဥ္စင်းခံရတော့မှာမို့ တာရာဇော် က သစ်ပင်ရပ်ကွက်ထဲမှာရှိတဲ့ ဂိုဏ်းထောက်ကျောင်းက သံဃာတော်တွေကို ဒုတိယအကြိမ်သွားရောက်အတည်ပြု ပင့်ဆောင်ပြီး ပြန်လာခဲ့တယ်။ အခြား ဘုန်းတော်ကြီးကျောင်းတွေကိုတော့ ရွာထဲက ကာလသားတွေ လူခွဲပြီး သွားပင့်ကြတယ်။

ဒီလိုနဲ့ ပြန်လာရင်း ရွာနှစ်ရွာကြားထဲက ကုက္ကိုပင်အောက်အရောက်မှာတော့ . . . ။

"ဟယ် . . . အတော်ပဲ၊ လာပါဦး တာရာရယ်၊ နင်နဲ့တွေ့ရတာ ဝမ်းသာလိုက်တာ"

အသံနဲ့အတူ တွေ့လိုက်ရတာက မပွေး။

"ဘာဖြစ်လို့လဲ မပွေးရ"

သူ့ အမေးကို မပွေးက သွားလေးဖြဲရယ်ပြရင်း အပေါ်ကို လက်ညှိုးထိုးကာ . . .

"အဟဲ . . . အဲဒါ . . . အဲဒါ"

သူက မပွေးညွှန်ပြရာ သစ်ပင်ပေါ်ကို [illegible]





www.burmeseclassic.com

www.burmeseclassic.com





ကြည့်မှာတော့ မျက်လုံးတွေ ပြူးဝိုင်းသွားရတယ်။

"ဟာ . . . လုပ်ပြန်ပြီ"

သူ့ ခေါင်းပေါ်တည့်တည့်က သစ်ကိုင်းပေါ်မှာ ငုတ်တုတ်ထိုင်နေတာက နော်လီထွန်းညို။ သူက အလန့်တကြားနဲ့ နေရာရွှေ့လိုက်တယ်။

"ဖုန်းတက်ပြောတာ တာရာရဲ့၊ ပြန်မဆင်းတတ်တော့ လို့"

"မပွေးကလည်းဗျာ၊ အရင်တစ်ခါလည်း ဖြစ်ပြီးပြီ၊ မမှတ်ထားဘူးလား"

"ငါပြောပါတယ် တာရာရယ်၊ မတက်ပါနဲ့လို့၊ ဒါပေမယ့် သူက ပြောလို့မရဘူး၊ ဒီတစ်ခါတော့ သူ့ဘာသာ ရအောင်ဆင်းမယ်ဆိုပြီး ဂျင်းဘောင်းဘီအရှည်တောင် ဝတ်လာတာ ကြည့်ပါလား၊ တက်သွားတုန်းကတော့ ဇောနဲ့ဆိုတော့ အရင်တစ်ခါလို ဟုတ်နေတာပဲ၊ အခု အဆင်းကျတော့လည်း . . . အဟင်း . . . ဟင်း အရင်တစ်ခါလိုပဲ မဆင်းတတ်တော့ဘူး၊ လုပ်ပါဟယ် ဒီတစ်ခါနောက်ဆုံးပါ၊ မနက်ဖြန်ဆို နင်လည်း ပဉ္စင်းခံတော့မှာပဲဟာ၊ ကုသိုလ်ယူတယ်လို့ မှတ်လိုက်ပေါ့၊ နော် ကူညီပါဦး"

သူက စိတ်ပျက်လက်ပျက်နဲ့ လေပူတစ်ချက်မှုတ်





ထုတ်ပစ်လိုက်ကာ စိတ်ကိုလျှော့ချပစ်လိုက်တယ်။ နောက်တော့ သစ်ကိုင်းပေါ်မှာ ငိုမဲ့မဲ့မျက်နှာပေးနဲ့ ထိုင်နေတဲ့ သူမကို မော့ကြည့်လိုက်ကာ . . .

"ကဲ . . . အမိ၊ အရင်တစ်ခါလို ခုန်သာချပေတော့"

"အရင် . . . အရင်တစ်ခါလို မလုပ်နဲ့နော်၊ မိအောင်ဖမ်း"

သူမစကားကြောင့် အရင်တစ်ခါက မဖမ်းမိဘဲ သူ့အပေါ်ပြုတ်ကျခဲ့တာကို သတိရပြီး စိတ်ညစ်ရတဲ့ကြားက ပြုံးမိသေးတယ်။ ဒါပေမယ့် သူက မျက်နှာကို ပြန်တည်လိုက်ရင်း . . .

"ဒီတစ်ခါတော့ တိုင်ပင်အော်မယ်၊ သုံးဆိုတာနဲ့ ခုန်ချ၊ ဟုတ်ပြီလား"

သူမက ခေါင်းညိတ်ပြတယ်။ သူက လက်နှစ်ဖက်က အင်္ကျီစတွေကို အပေါ်ဆွဲတင်လိုက်ရင်း . . .

"စပြီနော် . . . တစ် . . . နှစ် . . . သုံး"

"သုံး"ဆိုတာနဲ့ တစ်ပြိုင်နက် သူမက မျက်စိစုံမှိတ်ကာ ခုန်ချတယ်။ ဒီတစ်ခါတော့ အရှိန်ကြောင့် "အင့်" ခနဲနေကာ ဒူးထောက်ကျသွားရပေမယ့် ဖမ်းမိလိုက်တယ်။ သူမကလည်း ကြောက်လန့်တကြားနဲ့ သူ့ကို တင်းကျပ်စွာ ဖက်တယ်



www.burmeseclassic.com

www.burmeseclassic.com





ထားတယ်။ ဒူးဆီက ဆစ်ခနဲ နာကျင်မှုနဲ့အတူ ရင်ထဲကို ထွင်းဖောက်တိုးဝင်လာတာက ခံစားချက်တစ်ခု။ သေချာတာက ဒါဟာနာကျင်မှုရဲ့ နောက်ဆက်တွဲ ခံစားချက်မဟုတ်တာပဲ။

"ရ . . . ရရဲ့လား တာရာ"

နှစ်ယောက်သား တင်းကျပ်စွာ ဖက်တွယ်ထားရင်း မင်သက်မိနေရာမှ မပွေးစကားကြောင့် လူချင်းခွာဖို့ကို သတိရကြတယ်။ နှစ်ယောက်သား မတ်တပ်ရပ်လိုက်ကြပြီးတော့မှ သူမက သူ့ကို အားနာသလို ကြည့်လာပြီး . . .

"ကျေးဇူးပဲနော်၊ နင် နာသွားသေးလား"

တဲ့ . . .။

ဟုတ်တယ်။ နာတယ်။ ခပ်ပါးပါးလေးပဲ။ ပုဆိုးကို လှန်ကြည့်စရာမလိုဘဲ ပွန်းပဲ့သွားပြီဆိုတာကိုသိနေတဲ့ ဒူးခေါင်းတွေဆီကတော့ မဟုတ်ဘူးဆိုတာကို သိပေမယ့် ဘယ်နေရာက နာနေမှန်းကိုတော့ မသိဘူး။

"ဟဲ့ . . . တာရာ၊ မေးနေတယ်လေ၊ နာသွားသေးလားလို့၊ ဘာတွေ တွေးနေတာလဲ"

သူက ခေါင်းရမ်းပြလိုက်ရင်း . . .

"ရပါတယ် . . . ဘာမှမဖြစ်ဘူး မပွေး"

"ဒါဆိုသွားရအောင်လေ၊ နင်လည်း ရွာပြန်မှာမဟုတ်







လား"

"သွား . . . သွားနှင့်မပွေး၊ ကျွန်တော် ဒီမှာ ခဏနေခဲ့ဦးမယ်"

"ပြီးရော . . . ဒါဆိုသွားပြီနော်"

သူက ခေါင်းတစ်ချက်ညိတ်ပြလိုက်တော့ သူမက သူ့ကို နှုတ်ဆက်သလို တစ်ချက်ကြည့်လာတယ်။ သူမ မျက်ဝန်းထဲမှာ အရိပ်တွေ။ ဒါပေမယ့် သူ့ဦးနှောက်က တုံးလွန်းတယ်။

ကျောခိုင်းသွားတဲ့ သူမရဲ့ ကျောပြင်ကို ရပ်ငေးရင်း စောစောကနာကျင်မှုက ပိုပြီးတော့ ပီပြင်လာတယ်။ ဒီတစ်ခါတော့ အဲဒီနေရာကို သူ သိလိုက်တယ်။ တစ်ပြိုင်နက်တည်းလိုပဲ သူ . . . တုန်လှုပ်သွားတယ်။

×××





www.burmeseclassic.com

www.burmeseclassic.com





## (ပဥ္စမ်းခံတဲ့နေ့) (က)

ရွာဦးဘုန်းကြီးကျောင်းဆီက ပျံ့လွင့်လာတဲ့ အသံချဲ့စက်သံကို နားထောင်ရင်း သူမ ငြိမ်သက်စွာ ထိုင်နေမိတယ်။ ရင်ထဲမှာ ခံစားချက်ပေါင်းစုံ ဝင်ရောက်မွှေနှောက်နေကာ တစ်ခုခုကို အကြီးအကျယ် ဆုံးရှုံးလိုက်ရတော့မယ်လို့ ခံစားနေရတယ်။ ဒါပေမယ့် သူမက ခံစားချက်တွေကို တင်းကျပ်စွာ ချုပ်ထိန်းပစ်လိုက်တယ်။

ခဏတော့ ငြိမ်သက်သွားသလိုရှိပေမယ့် ခဏကြာတော့ ခံစားချက်တွေက ဟိုး အတွင်းပိုင်းတစ်နေရာကနေ အလုံးအရင်းနဲ့ ထွက်ပေါ်လာပြန်တယ်။ ဒီတစ်ခါပိုပြီးတော့ အားကောင်းလာသလိုပဲ။ ဒါပေမယ့် သူမက ခေါင်းကို သွက်သွက်ခါအောင်ရမ်းရင်း ခံစားချက်တွေကို ဖိနှိပ်ထားလိုက်ပြန်တယ်။ စောစောကလိုပဲ ငြိမ်သက်သွားသလိုရှိပေမယ့် စောစောကလို ပြန်ပေါ်လာတာပဲ။ ဒါပေမယ့် ခံစားချက်တွေရဲ့ မွှေနှောက်အားက အခုနကထက် အဆမတန်ကြီးမားလာ တယ်။ မရတော့ဘူး။ မဖြစ်တော့ဘူး။ ကြာရင် ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားလိမ့်မယ်။





သူမ . . . ထိုင်နေရာကနေ ဝုန်းခနဲထရပ်လိုက်တယ်။ နောက်တော့ သူမရဲ့ ခြေလှမ်းတွေက ခံစားချက်တွေ ခေါ်ဆောင်ရာ ရွာဦးကျောင်းဘက်ဆီသို့ . . .။

×××



www.burmeseclassic.com

www.burmeseclassic.com





## (ပဉ္စင်းခံတဲ့နေ့) (ခ)

ဘုန်းကြီးကျောင်းဝန်းအတွင်းမှာ လှုပ်ရှားသွားလာနေတဲ့ လူတွေအများကြီးကိုကြည့်ရင်း သူ့စိတ်ထဲမှာလည်း ခံစားချက်တစ်ခုက လှုပ်ရှားသွားလာနေတယ်။ ဒါဟာဘာဆိုတာကို အသေအချာသိနေပြီဖြစ်ပေမယ့် မဖြစ်သင့်ဘူး၊ မလုပ်သင့်ဘူးဆိုတဲ့အတွေးက ဦးနှောက်ထဲမှာ ခိုအောင်းနေပြန်တယ်။

ရင်ဘတ်ထဲက ခံစားချက်က အားကောင်းလာတဲ့အခါမှာ သူထိုင်နေရာက ထရပ်လိုက်တယ်။ ဒါပေမယ့် ဦးနှောက်က ထိန်းချုပ်လိုက်တဲ့အခါမှာတော့ လေးကန်စွာနဲ့ သူပြန်ထိုင်တယ်။ ဒါပေမယ့် ခဏကြာတော့ သူ ပြန်ထတယ်။ ခြေလှမ်းတွေ တစ်လှမ်းနှစ်လှမ်းလျှောက်အပြီးမှာတော့ နောက်ပြန်လှည့်လာကာ ထိုင်မိပြန်တယ်။

ဒီလိုနဲ့ နှလုံးသားနဲ့ဦးနှောက်က ရင်ဘတ်ကို ကြိုးလုပ်လွန်ဆွဲရင်း အချိန်ကြာလာတဲ့အခါမှာတော့ ဦးနှောက်က ဒူးညွတ်ကျသွားတယ်။ တစ်ပြိုင်နက်တည်းလိုလိုပဲ သူက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချလိုက်ပြီးနောက် ထိုင်ရာမှထကာ ဘုန်းကြီးကျောင်းဝန်းထဲကနေ ထွက်လာခဲ့





တယ်။ အစမှာတော့ ခြေလှမ်းတွေက ပုံမှန်ပါပဲ။ ဒါပေမယ့် ခဏနေတော့ မြန်လာတယ်။ မြန်ရာကနေ အပြေးတစ်ပိုင်းဖြစ်လာတယ်။ နောက်ဆုံးမှာတော့ ခံစားချက်တွေရဲ့ တွန်းအားနဲ့ ပြေးသွားမိတော့တယ်။

ဒီလိုနဲ့ ပြေးလာရင်း လမ်းခုလတ်တစ်နေရာအရောက်မှာတော့ သူ့လိုပဲ မျက်နှာချင်းဆိုင်ကနေ အပြေးတစ်ပိုင်းနဲ့ လမ်းလျှောက်လာနေတဲ့ သူမနဲ့သွားဆုံတယ်။ နှစ်ယောက်စလုံး လေးပေလောက်အကွာအဝေးမှာ ရပ်တန့်သွားကြတယ်။ တစ်ယောက်မျက်နှာကို တစ်ယောက် နင်နဲ့စွာ ကြည့်ရင်း ငြိမ်သက်မိနေကြတယ်။

ဒီတစ်ခါမှာတော့ သူ ပျောက်ဆုံးနေတဲ့ စကားတစ်ခွန်းကို ရှာတွေ့ခဲ့ပါပြီ။ ဒါပေမယ့် တကယ့်တကယ်ပြောရတော့မယ်ဆိုတော့ မထွက်ပြန်ဘူး။ ဒီတစ်ခါတော့ မပြောလို့မဖြစ်ဘူးဆိုတာ သူ တွေးမိတယ်။ နောက်ဆုံးမှာတော့ ဘာပဲဖြစ်ဖြစ်ကွာဆိုပြီး မျက်လုံးကိုစုံမှိတ်ကာ ပြောချလိုက်တယ်။

"ငါ . . . မင်းကို ချစ်မိနေပြီ"

×××



www.burmeseclassic.com

www.burmeseclassic.com





## (ပဥ္စင်းခံတဲ့နေ့) (၈)

ဦးမော်တာနဲ့ ဒေါ်ပန်ကာတို့နှစ်ယောက် ပျာယာခတ်နေကြတယ်။ ဆံချမယ့်နေရာကို ဘုန်းတော်ကြီး ဦးကုမာရက ရောက်နေပြီ။ တာရာဇော့်ကို ဘယ်မှာမှ ရှာမတွေ့တော့ဘူး။ ရွာထဲမှာရှိတဲ့ လူတွေကို မေးတော့လည်း ဘယ်သူမှ မသိကြဘူး။

ဒီလိုနဲ့ ရှုတ်ရှုတ်သဲသဲဖြစ်နေတုန်းမှာပဲ ဦးမော်တာ့အနားကို မယ်ပွေးရောက်လာတယ်။ နောက်တော့ မယ်ပွေးက ဦးမော်တာ့နားနားကိုစကားအချို့ တိုးတိုးလေးကပ်ပြောလိုက်တယ်။

"ဘာ ! တာရာဇော် မိန်းမခိုးသွားပြီ၊ ဟုတ်လား"

မယ်ပွေးက ခေါင်းညိတ်ပြလိုက်တယ်။

"ဟာ . . . ဒီကောင်ပြဿနာရှာပြန်ပြီ၊ ခဏနေရင် ဆံချရတော့မှာကို၊ ဘယ်လိုလုပ်ရမလဲ"

အဲဒီအချိန်မှာပဲ အနားကို လူတစ်ယောက် ရောက်လာတယ်။ ကြည့်လိုက်တော့ မိုက်ကယ်ထွန်းညို။

"တာရာဇော့်အစား ကျွန်တော် ပဥ္စင်းခံလို့ရမလား ခင်ဗျာ"





"ဟင် . . . မင်းက ! မင်းကဘာလို့ ပဥ္စင်းခံချင်ရတာလဲ"

"စိတ်နာလို့ လောကကြီးကို စိတ်နာလို့၊ ဟောဒီလောကကြီးကို စိတ်နာလွန်းလို့ပျာ"

×××



www.burmeseclassic.com

www.burmeseclassic.com





## (ပဌင်းခံပြီး နောက်တစ်ရက်)

မိုက်ကယ်ထွန်းညိုတစ်ဖြစ်လဲ ဦးပဌင်း ဦးစန္ဒီမ ခင်မျာ သူ့ရှေ့မှာ ဒူးထောက်လက်အုပ်ချီကာရောက်နေသော ပန်းနွယ်ကိုကြည့်ရင်း မအီမလည်ကြီး ဖြစ်နေရတယ်။ ပန်းနွယ့်ဆီက ထွက်လာတဲ့ စကားသံကိုလည်း နားဆင်ကြည့်ပါဦး။

"ဦးဇင်းဘုရား . . . ဦးဇင်းက ဘယ်နှစ်ဝါဝတ်မှာလဲဘုရား၊ တပည့်တော်မကတော့ တစ်ဝါပဲစောင့်ပေးနိုင်မယ်နော်၊ တစ်ဝါကျော်သွားလို့မှ ဦးဇင်းလူမထွက်ရင် တပည့်တော်မကတော့ ဒေးဗစ်ဘက်ခမ်းကို အဖြေပေးလိုက်တော့မှာပဲ"

ပြီးပါပြီ

ဘဝအမောများပြေပျောက်နိုင်ပါစေ

ရာဇဝင်ကို

2:45 (p.m.), 18th , March, 2011, Friday



တံခွန်တိုင်စာပေ

## Bonus Poem

### 'အချစ်ကသာ လက်ယပ်ခေါ်ရင်'

အချစ်ကသာ လက်ယပ်ခေါ် ရင်
ပင်လယ်ပြင်ကြီး ခြားထားလည်း
ငါက လက်ပစ်ကူးလာမယ့်သူ။

အချစ်ကသာ လက်ယက်ခေါ် ရင်
တောင်နံရံတွေကာ ထားလည်း
ငါက ကျော်ဖြတ်လာမယ့်သူ ...။

အချစ်ကသာ လက်ယပ်ခေါ် ရင်
မိုးသက်မုန်တိုင်း ဘယ်လောက်ထန်ထန်
အတောင်ရေစိုမှာ ငါမကြောက်ပြန်ဘူး။

ဒီမှာ လေထုရဲ့ ...
မင်းတိုက်ခတ်ရာ လမ်းတလျှောက်မှာ
အချစ်နဲ့တွေ့ရင် ပြောလိုက်ပါ
တစ်ခါမှ အသုံးမပြုရသေးတဲ့ ငါ့အသည်းလှေငယ်က
သူ့ဆီ အရောက်စုန်လာဖို့
ရွက်ကုန်ဖွင့်ထားတယ်လို့ ...။



www.burmeseclassic.com

www.burmeseclassic.com

လူငယ်စာရေးသမား

# ရာဇဝင်ကို

## မိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



လူငယ်စာရေးသမား

ဗန်ဂိုးရဲ့နေကြာခင်းထဲမှာ
ပျောက်ဆုံးသွားတဲ့
ခနွာကိုယ်တစ်ခြမ်း

ဒုတိယမြောက်လုံးချင်းဝတ္ထုသစ်
(Love, Romance and Comedy)

တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဖန်ဂိုးရဲ့ နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း

## မိတ်ဆက် (၁) (က)

အဲဒီကျောင်လေး ဆယ်တန်းနှစ်တုန်းကပေါ့။ သူတို့အတန်းကို ဆရာမအသစ်တစ်ယောက် ပြောင်းလာတယ်။ ဆရာမလေးက အတန်းထဲကို ရောက်ရောက်ချင်း ကျောင်းသူကျောင်းသားတွေနဲ့ သူ့ကိုယ်သူ မိတ်ဆက်တယ်။

"ဆရာမနာမည်က ဒေါ်နုနုဝင်းတဲ့၊ ဆရာမကမွေးတုန်းက အမွှာလေ၊ အမွှာတောင်မှ ရိုးရိုးအမွှာမဟုတ်ဘူး၊ ရင်ချင်းဆက်အမွှာတွေ၊ ဆရာမတို့ အမွှာညီအစ်မနှစ်ယောက်က ဒီမြန်မာပြည်မှာပဲ ခွဲစိတ်ကုသခံခဲ့ကြတာ၊ မြန်မာနိုင်ငံက ဆရာဝန်ကြီးတွေ ဘယ်လောက်တော်သလဲနော်၊ သားတို့သမီးတို့လည်း ဒီလိုတော်တဲ့ ဆရာဝန်ကြီးတွေဖြစ်အောင် စာကြိုးစားရမယ်နော်"

အဲဒီအချိန်မှာပဲ ကောင်လေးက မတ်တပ်ရပ်လိုက်ရင်း . . .

"ကျွန်တော်တစ်ခုလောက် မေးပါရစေဆရာမ"

"မေးပါကွယ် . . . မေးပါ"

"ဆရာမမှာ ရင်ချင်းဆက်အမွှာညီအစ်မ ရှိတယ်ဆိုတော့၊ ဆရာမတို့နှစ်ယောက်ကို တစ်ယောက်စီခွဲထုတ်ပစ်တုန်းက ရင်သားတွေ ဘယ်သူ့ဆီပါသွားလဲဟင်"

"အို"

www.burmeseclassic.com

www.burmeseclassic.com

# ရှာဇဝင်ကို

## ဗန်ဂိုးရဲ့ နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း

### မိတ်ဆက် (၁) (စ)

ဆရာမ ဒေါ်နုနုဝင်းက အဲဒီကောင်လေးကို မနေ့က ကျောင်းပျက်လို့ ခေါ်မေးတယ်။

"သား . . . မနေ့က ဘာလို့ ကျောင်းမတက်တာလဲ"

"ကျွန်တော့်သူငယ်ချင်း ရှားရှားခင်က ဆရာမကိုမလှဘူး လို့ ပြောလို့"

"ဟေ . . . ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့ ဆရာမရဲ့၊ ကျွန်တော်က မနေ့ကတစ်နေ့လုံး ဆရာမကို နောက်ဘဝကျရင် နတ်သမီးလေးလို လှအောင် ဘုန်းကြီးကျောင်းမှာ ကုသိုလ်ယူပြီး ဆုတောင်းပေးနေတာလေ"

ဆရာမကအဲဒီကောင်လေးရဲ့အဖြေကြောင့် ပီတိတွေဖြာ ပြီး အပြစ်မပေးတော့ဘူး။ တကယ်တော့ အဲဒီနေ့က ကောင်လေး တစ်နေ့လုံး ပန်းခြံထဲမှာ အတွဲချောင်းနေတာပါ။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဝန်ကိုးရဲ့ နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း

## မိတ်ဆက် (၁) (ဂ)

ကောင်လေး လေးတန်းနှစ်လောက်က အဖြစ်အပျက်တစ်ခုကိုလည်း ပြောပြဦးမယ်။ ကောင်လေးရဲ့ မိဘတွေက ကောင်လေးကို တိရစ္ဆာန်ဥယျာဉ်လိုက်ပို့တော့ ကောင်လေးက အိမ်သာတက်ချင်တယ်ပြောတာနဲ့ မိဘတွေက အိမ်သာကိုသွားတဲ့လမ်းကို ပြောပြပြီး လွှတ်လိုက်တယ်။

သိပ်မကြာပါဘူး။ ကောင်လေးက အမောတကော ပြန်ပြေးလာတယ်။

"အဖေ . . . အဖေ . . . အိမ်သာထဲမှာ ကျားမကြီးဗျ၊ ကျားမကြီး"

"ဟေ . . . ဟုတ်လား"

ကောင်လေးရဲ့ မိဘတွေရော ပတ်ဝန်းကျင်က လူတွေပါ အကုန်လုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ပြီး တာဝန်ရှိသူတွေ ဘာတွေကိုပါခေါ်ပြီး အိမ်သာဆီကို လူအုပ်လိုက်ကြီး ချီတက်သွားကြတယ်။ ပြီးတော့ . . . တိရစ္ဆာန် ဥယျာဉ်ထဲမှာ ကျားမတစ်ကောင် လွှတ်နေတယ်ဆိုတဲ့ သတင်းဟာလည်း တခဏချင်းပျံ့သွားတယ်။

အဲ . . . လူအုပ်ကြီး အိမ်သာရှေ့အရောက်မှာတော့ ကောင်လေးပြ လိုက်တာက အိမ်သာနှစ်လုံးမှာရေးထားတဲ့ "ကျား" နဲ့ "မ" ဆိုတဲ့ စာလုံးတွေကိုပါ။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဗန်ဂိုးရဲ့ နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း

## မိတ်ဆက် (၂) (က)

အတန်းပိုင်ဆရာမက ကျောင်းသူတွေကို ကြိုက်နှစ်သက်ရာပန်းချီကားတစ်ခုဆီ ဆွဲခဲ့ရမယ်လို့မှာလိုက်တော့ နောက်တစ်နေ့မှာ ကျောင်းသူ၊ ကျောင်းသားတွေက အတန်းပိုင်ဆရာမဆီမှာ ပန်းချီကားတွေ သွားပြကြတယ်။ ကျောင်းသူတစ်ယောက်ကတော့ စာရွက်တစ်ရွက်လုံးကို ခဲနဲ့ အနက်ရောင်ခြယ်ပြီး သွားပြတယ်။ အဲ . . . စာရွက်အောက်ခြေမှာတော့ ပန်းချီကားနာမည်ကို "ကျွဲနှစ်ကောင်ခတ်နေသည့်ပုံ"လို့ တပ်ထားတယ်။

ဆရာမက အဲဒီပုံကို မျက်မှောင်ကုတ်ကာ ဖင်ပြန်ခေါင်းပြန် ကြည့်ရင်း . . .

"သမီး . . . သမီးပြောတော့၊ ကျွဲနှစ်ကောင်ခတ်နေတဲ့ပုံဆို၊ သမီး ပန်းချီကားထဲမှာ ကျွဲလည်း မတွေ့ပါလား"

"ဟင် . . . ဆရာမကလည်း . . . သမီးပန်းချီကားထဲက ကျွဲတွေက ညကြီးမှာခတ်နေတာလေ"

"ဟော . . ."

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဝန်ဂိုးရဲ့ နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း

## မိတ်ဆက် (၂) (ခ)

ကောင်မလေးရဲ့ အမေကဘုရားမှာ ဆွမ်းကပ်ပြီး ဆုတောင်း နေတယ်။

"ဤသို့ ဆွမ်းကပ်လှူရခြင်းအကျိုးအားကြောင့် နောက်ဘဝတွင် နတ်ပြည်၌ နတ်သမီးလေးတစ်ပါး ဖြစ်ရပါလို၏ဘုရား"

အဲဒီအချိန်မှာပဲ ကောင်မလေးက သူ့မအမေနားရောက်လာခဲ့တယ်။

"အမေကလည်း အဲဒီလို ဆုမတောင်းရဘူး၊ သမီးသာဆို နတ်သမီး မဖြစ်ချင်ပါဘူး"

"ဘာလို့တုန်းအေ့ . . ."

"နတ်ပြည်မှာ နတ်သားတွေက နတ်သမီးတွေ တစ်ဖက်ငါးရာနဲ့ စံစားတာတဲ့၊ အဲဒီတော့ နတ်ပြည်မှာ အိမ်ထောင်ကျရင် ကိုယ့်အလှည့်တစ်ခါလောက်ရောက်ဖို့ ၉၉၉ ရက်လောက်စောင့်ရမှာ၊ ပျင်းစရာကြီး"

ဒါကိုကောင်မလေးရဲ့အမေက စဉ်းစားတယ်နောက်တော့ ဘုရားကို ဦးသုံးကြိမ်ထပ်ချရင်း . . .

"စောစောက ဆုတောင်းတာကို ပြင်ပါရစေဘုရား၊ တပည့်တော်မ နတ်သမီးမဖြစ်ချင်တော့ပါဘူး၊ နတ်သားပဲ ဖြစ်ချင်ပါတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဗန်ဂိုးရဲ့ နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း

မိတ်ဆက် (၂) (၈)

ကောင်မလေး သုံးတန်းနှစ်လောက်ကပေါ့။ ကျောင်းခန်းထဲမှာ ဆရာမက မြန်မာနိုင်ငံကြီးလွတ်လပ်ရေးရအောင် မျိုးချစ်ခေါင်းဆောင်တွေက ဘယ်လိုမျိုး ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့တယ်ဆိုတာကို ဗဟုသုတအနေနဲ့ ပြောပြနေခဲ့တယ်။ ဒါပေမယ့် ကောင်မလေးက နောက်ဆုံးတန်းမှာ ငိုက်နေတာပေါ့။ ဒါကို မြင်သွားတဲ့ ဆရာမက ကောင်မလေးကို မတ်တပ်ရပ်ခိုင်းပြီး မေးတယ်။

"သမီး ... မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရအောင် ဘယ်သူက ဦးဆောင် တိုက်ပွဲဝင်ခဲ့တာလဲ၊ သမီးသိလား"

"ဟုတ်ကဲ့ ... သိပါတယ် ဆရာမ"

"ဘယ်သူများလဲကွယ်"

"ရုပ်ရှင်မင်းသား သီဟတင်စိုးပါရှင့်"

"ဟော!"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးနာမည်လား . . .
မုတ်သုန်တဲ့ . . .
အဲ . . .
ကောင်မလေးနာမည်ကတော့ ခပ်ဆန်းဆန်းရယ် . . .
ဝါးပင်ပျိုတဲ့လေ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် ...

အချစ်ဆိုတာ ဗင်းလား

ငါ့ရင်ဘတ်ထဲကို ဘယ်အပေါက်က ဝင်လာခဲ့တာလဲ

တကယ်ဆို ... ယဉ်ကျေးမှုအရ

တံခါးတော့ ခေါက်ခဲ့သင့်တာပေါ့ ...

BURMESE CLASSIC .com

ရာဇဝင်ကို

ဒေင်ဥယျာဉ်ထဲကပြဇာတ်

www.burmeseclassic.com